မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၂ ရက် ၂၀၂၁ ခုနှစ်၊ ဇွန် ၁၁ ရက်၊ သောကြာနေ့ အတွဲ (၆၀)၊ အမှတ် (၂၅၁)

# မန္တလေးတိုင်းဒေသကြီးအတွင်း ဒုဋ္ဌဝတီမြစ်ကို အခြေခံသည့် ခရီးစဉ်ဒေသသစ်များ ဖော်ဆောင်မည်

**မန္တလေး ဇွန် ၁၀**

မန္တလေး တိုင်းဒေသကြီးအတွင်း ဒုဋ္ဌဝတီမြစ်ကို အခြေခံသည့် ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်ကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောကြားသည်။

ယဉ်ကျေးမှုမြို့တော်ဖြစ်သည့် မန္တလေး တိုင်းဒေသကြီးတွင် ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှု အမွေအနှစ်များ ပေါများစွာ တည်ရှိသည့်အပြင် မတူထင်ရှားသည့် ခရီးသွားအရင်းအမြစ်များ မြောက်မြားစွာ ရှိကြောင်းကို ဖော်ထုတ်ပြသရန်အတွက် ယခု အစီအစဉ်ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့တို့ ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➝*



မန္တလေးတိုင်းဒေသကြီးအတွင်း ဒုဋ္ဌဝတီမြစ်ကို အခြေခံ ခရီးစဉ်ဒေသအတွင်း လက်ရှိဖွင့်လှစ်ထားသည့် အပန်းဖြေစခန်းများအား တွေ့ရစဉ်။

## ယနေ့ ဖ တ် စ ရာ

**အမျိုးသားလုံခြုံရေး ကျိုးပေါက်မှုများကို ပြန်လည်ကုစားရမည့်အချိန်**

ဆောင်းပါး စာ - ၆

**ငါးနှင့်အစ ဘဲကအလယ် မျိုးစေ့အဆုံး ပျော်တပြုံးပြုံး**

ဆောင်းပါး စာ - ၁၀

**ကာကွယ်ဆေးအပြည့်ထိုးပြီးသား ခရီးသွားများအတွက် စပိန်နိုင်ငံ၏ နယ်စပ်တံခါးများ ဖွင့်ပေး**



စာ - ၁၄

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇွန် ၁၀**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများက COVID-19 စည်းမျဉ်း စည်းကမ်းများနှင့်အညီ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမ များက ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းများလုံခြုံရေးနှင့် ကျောင်းသားကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၁၀**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မြန်မာ့အလင်း

# ပြည်တွင်းစားသုံးသူတို့အတွက် ပြည်တွင်းစားသောက်ကုန်ဈေးကွက်

မိမိတို့နိုင်ငံတွင် ဗဟိုဦးစီးစနစ်ကိုကျင့်သုံးသည့် စီမံကိန်း စီးပွားရေး ခေတ်ကာလက ပတ်ဝန်းကျင်နိုင်ငံများမှ မှောင်ခို တင်သွင်းသည့် လူသုံးကုန်၊ စားကုန်၊ သောက်ကုန်များကို ဈေးကြီး ပေးကာ ဝယ်ယူသုံးစွဲခဲ့ကြရဖူးသည်။ ထိုခေတ်တွင် ပြည်တွင်းရှိ နိုင်ငံပိုင် စက်ရုံ အလုပ်ရုံများမှ ထုတ်လုပ်သည့် လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများမှာ အရည်အသွေးကောင်း လူကြိုက်များ သည့် ပစ္စည်းများမှာ လိုချင်သလောက် မရ၊ လိုသလောက်ဝယ်ယူ နိုင်သည့် ပစ္စည်းများဆိုလျှင် အရည်အသွေးညံ့၊ သုံးစွဲသူများ အကြိုက်မတွေ့။ တစ်ခါတစ်ရံ မိမိဝယ်လိုသည့် ပစ္စည်းတစ်မျိုးကို ဝယ်ယူလိုပါကလည်း အခြား လူသုံးနည်း ရောင်းမစွံသည့် ပစ္စည်း တစ်မျိုးမျိုးကိုပါ တွဲ၍ ဝယ်ယူရတတ်သည်။

ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလာခဲ့ပြီးသည့်နောက် ပုဂ္ဂလိက ကုန်ထုတ်လုပ်ငန်းများကိုပါ အားပေးလာသည့်ခေတ် သို့ ရောက်သည့်အခါတွင် တစ်ခေတ်တစ်ခါက မှောင်ခိုတင်သွင်း ခဲ့ရသည့် စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်း စသည် တို့ကို ပြည်တွင်း၌ ထုတ်လုပ်လာနိုင်သည်။ ပြည်တွင်း၌လည်း သုံးစွဲမှု အထိုက်အလျောက်ရှိလာသည်။ သို့ရာတွင် ပြည်တွင်းမှ ကုန်သည်ကြီးငယ်တို့က နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ပြည်တွင်းသို့ လူသုံး၊ အိမ်သုံးပစ္စည်းများ၊ စားကုန်သောက်ကုန်များ စသည့် အမယ်များစွာတို့ကို တင်သွင်းလာခဲ့ရာ ပြည်တွင်း ကုန်ထုတ်လုပ်ငန်းရှင်များ၏ ကုန်စည်များ ဈေးကွက်ဝေစုကို တချို့ခွဲဝေပေးလိုက်ရပြီး တချို့ လက်လွှတ်ဆုံးရှုံးလိုက်ကြရသည်။

ပြည်တွင်း၌ ထုတ်လုပ်သည့် ကုန်စည်များမှာ ထုပ်ပိုးမှုပုံစံ၊ အရည်အသွေး၊ ဈေးနှုန်းစသည်တို့တွင် ပြည်ပကိုမယှဉ်နိုင်ဘဲ အချို့ လုပ်ငန်းများ ရပ်ဆိုင်းသွားရသည်။ ဥပမာအားဖြင့် အိမ်နီးချင်း နိုင်ငံအချို့မှ တင်သွင်းလာသည့် စောင်များ ဈေးကွက်တွင် နေရာယူလာခြင်းကြောင့် ပြည်တွင်းရှိ စောင်အမျိုးမျိုး ထုတ်လုပ် သည့်စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ ထိခိုက်နစ်နာကြရခြင်းဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများမှ ထုတ်လုပ်သည့် ချည်စောင်၊ ဂွမ်းစောင်၊ ဓာတုချည်မျှင်စောင်များမှာ အောက်ခြေလူတန်းစားမှသည် အဆင့်မြင့်သုံးစွဲသူများအထိ အရည်အသွေးအမျိုးမျိုး၊ ဈေးနှုန်း အမျိုးမျိုးတို့ဖြင့် ရောင်းချပေးနိုင်သည့်အပြင် ဈေးကွက်အကြိုက် တီထွင်ဆန်းသစ်မှုများကိုလည်း ပြုလုပ်ကြသည်။ ထို့နည်းတူ မိမိတို့ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် မီးဖိုချောင်သုံး သီးနှံများ၊ သစ်သီးဝလံ၊ ပန်းမန်များကိုလည်း နယ်စပ်ဒေသများမှ တင်သွင်းလာကြခြင်းကြောင့် ပြည်တွင်း စိုက်ပျိုးထုတ်လုပ်သူများ နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်ကြရသည်။

"နိုင်ငံအတွင်း အသုံးပြုရန်လိုအပ်သည့် စားကုန်သောက်ကုန်၊ သုံးကုန်များကို ပြည်တွင်း၌ အရည်အသွေးမီ ထုတ်လုပ်ပြီး ပြည်တွင်းထုတ်ကုန်များကို ဂုဏ်ယူစွာဖြင့် အားပေးသုံးစွဲရန် လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အကာ အကွယ်ပေးပြီး ပြည်တွင်းထုတ်လုပ်သူများ ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၆/၂၀၂၁) အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ရာ ပြည်တွင်း ဖြစ် စားကုန်သောက်ကုန်၊ လူသုံးအိမ်သုံးကုန်များကို အရည် အသွေးမီ ထုတ်လုပ်ရမည်ဖြစ်ကြောင်းကိုလည်း ဂရုပြုရန်လိုအပ် သည်။ မိမိတို့ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းသည် ဈေးကွက် အတွင်း၌ ပြည်ပသွင်းကုန်ပစ္စည်းနှင့် အရည်အသွေးအရ၊ ဈေးနှုန်း အရ၊ ဆွဲဆောင်မှုအရ စသည်ဖြင့် အဘက်ဘက်မှ ယှဉ်ပြိုင်နိုင်စွမ်း ရှိရမည်ဖြစ်သည်။ ယင်းသို့ ယှဉ်ပြိုင်နိုင်ရန် ဈေးကွက်တွင်ရော ထုတ်လုပ်မှုတွင်ပါ သုတေသနပြုလုပ်ခြင်း၊ တီထွင်ဆန်းသစ်ခြင်း တို့ကို စဉ်ဆက်မပြတ်ပြုလုပ်နေရမှာလည်း ဖြစ်သည်။

ပြည်တွင်းရှိ ကုန်ထုတ်လုပ်ငန်းများကို အကာအကွယ် ပေးရန်အတွက် ပြည်ပမှ အလားတူကုန်စည်များ တင်သွင်းမှုကို ကန့်သတ်ခြင်း၊ ပိတ်ပင်တားဆီးခြင်းတို့သည် ကာလ အတိုင်း အတာတစ်ရပ်အတွင်း၌သာ ဖြစ်နိုင်သည်ကို သတိမူကြရမည် ဖြစ်သည်။ ယင်းအချိန်အတွင်း မိမိတို့၏ ကုန်စည်များကို စားသုံးသူတို့ လိုလားနှစ်ခြိုက် အကြိုက်တွေ့အောင် စွမ်းဆောင် အားထုတ်ကြရမှာဖြစ်ပြီး ရေရှည်တွင် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရန်အတွက်ပါ မျှော်မှန်းဆောင်ရွက်ကြရမည်ဖြစ်သည် ဟု နှိုးဆော်အပ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါ အဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန် အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ကျင်းပ

နေပြည်တော် ဇွန် ၁၀

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၁ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြု မူလတန်း) စတုတ္ထနေ့ကို ယနေ့၌ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့တွင် စာရင်းသွင်း သံဃာနှင့် သီလရှင် စုစုပေါင်း ၅၀၂၇၇ ပါးအနက် အပါး ၂၉၄၈၀ ဖြေဆိုကြသဖြင့် ၅၈ ဒသမ ၆၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေး ဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ကျောင်းသွားကြမယ်

❖ သားသားမီးမီး ကျောင်းသွားမယ်
ဖေဖေမေမေ လိုက်ပို့ကြွယ်။
သင်ကြားကြမယ် ပညာများ
ကျောင်းဝင်းတံခါး ဖွင့်လို့ထား။

❖ ဆရာများက သွန်သင်မယ်
ပညာမြင့်မား အသိကြွယ်။
ငယ်ရွယ်စဉ်မှာ သင်အံမှ
ကြီးသောအခါ ဘဝလှ။

❖ လာကြ "သာလှ"တူပျော်ပျော်
"ပူစူးမ"နဲ့ အပေါင်းဖော်။
ကျောင်းနေပျော်လို့ ဆော့ကစား
အနာဂတ်ရဲ့ ပန်းလေးများ။

❖ "နာသုံးနာ" နဲ့ ပြည့်စုံတာ
အာစရိယ မြတ်ဆရာ။
ကြင်နာစွာ သင်ကြားပေး
လန်းဆန်းဖူးပွင့် ပြည့်ရင်သွေး။
ကျောင်းသွားကြမယ်လေး။ ။

မင်းသန်းနိုင်(မုဒုံ)


## ရွှေသွေးဂျာနယ် ထွက်ရှိ

နေပြည်တော် ဇွန် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေ ဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေ ဖြန့်ချိလျက်ရှိသည်။

ဇွန် ၁၂ ရက်( စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်၌ အမှန်တကယ် အကူအညီလိုအပ်နေသူများကို ကူညီတတ်ရမည်ဖြစ် ကြောင်း ရေးဖွဲ့ထားသည့် "လွဲသွားလို့ပါ" မျက်နှာဖုံးကာတွန်း၊ မင်းသမီးလေး ဒေစီ၏ သူတစ်ပါးအပေါ် ကူညီတတ်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "အပျံသင်တဲ့ မင်းသမီးလေး ဒေစီ" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ကာတွန်းလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ ကြောင်နှင့် ကြွက် တို့၏ ဒဏ္ဍာရီပုံပြင်အကြောင်းကို တင်ဆက်ထားသည့် "အဲဒါ သူ့ကြောင့်" နှစ်မျက်နှာကာတွန်း၊ ဖိုးကဲတို့ သူငယ်ချင်းတစ်စုသည် ကဗျာများကိုစိတ်ပါလက်ပါ ဖတ်ကြပုံအကြောင်း တင်ဆက်ထားသည့် "ဘယ်ဈေးလဲ" ဝတ္ထုကဏ္ဍ၊ မြန်မာလူမျိုးတို့၏ စားရေးနှင့် ဝတ်ရေး ဆိုင်ရာ ကောက်ပဲသီးနှံတချို့အကြောင်းကို တင်ဆက်ထားသည့် "လေ့လာစရာ ကောက်ပဲသီးနှံဆိုတာ" သုတဆောင်းပါးကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ် စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့ စုံလင်စွာ ဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရှိရသည်။

သတင်းစဉ်



# ပြည်ပငွေသုံးစွဲမှုများကို လျှော့ချရန်လို

ပြည်တွင်း ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများမှ ပြည်တွင်း၌အသုံးများသည့် ဆေးဝါးများ လုံလောက်အောင် ထုတ်လုပ်၍ ပြည်ပမှ ဆေးတင်သွင်းမှုများအား လျှော့ချနိုင်ခြင်းဖြင့် ပြည်ပငွေသုံးစွဲမှုများကို လျှော့ချရန်လိုကြောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက အခြားဝန်ကြီးဌာနများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအောက်ရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ

ရန်ကုန် ဇွန် ၁၀

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်သည် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ အရာထမ်း၊ အမှုထမ်းများနှင့် ဇွန် ၉ ရက်နှင့် ၁၀ ရက်တို့တွင် ရန်ကုန်မြို့၌ တွေ့ဆုံသည်။**

ဇွန် ၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆု စိစစ်ရွေးချယ်ရေး အဖွဲ့ဝင်များ တွေ့ဆုံပွဲကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက စာပေသည် နိုင်ငံနှင့် ပြည်သူ၏ ကောင်းကျိုးကို အမှန်တကယ်ဖော်ဆောင်မှသာ ဆုအတွက် စဉ်းစားထိုက်သည်ဟု ရှင်းလင်းစွာ ခံယူပါကြောင်း၊ နိုင်ငံနှင့် ပြည်သူ့အတွက် ဦးစားပေး စဉ်းစားခြင်းသည် အဓိကကျသည့် မူဝါဒဖြစ်မည်ဟု တင်ပြလိုပါကြောင်း၊ စာပေဆုများကို လွတ်လပ်စွာ ဖတ်ရှုသုံးသပ် စဉ်းစားဆုံးဖြတ်နိုင်ကြပါကြောင်း ပြောကြားသည်။

**ထုတ်လွှင့်နိုင်မှုအတွက် ချီးကျူး**

မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ MITV ရုပ်သံလိုင်းဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးသို့ တက်ရောက်ပြီး MI Channel အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ် ကာလအတွင်း ထုတ်လွှင့်မှုမပြတ်တောက်အောင် ဆောင်ရွက်နိုင်ခဲ့မှု၊ နိုင်ငံတော်၏ အရေးပေါ် ကြေညာထားစဉ် ကာလတွင်လည်း ဝန်ထမ်းကောင်းများပီသစွာ လုပ်ငန်းတာဝန်မပျက်၊ ထုတ်လွှင့်မှုမပြတ်အောင် ဆောင်ရွက်နိုင်မှု၊ သတင်းနှင့် အစီအစဉ်များ တိုးတက်ထုတ်လွှင့်နိုင်မှုအတွက် ချီးကျူးဂုဏ်ပြုပါကြောင်း ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**တွေ့ဆုံ**

ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်) မှ အရာထမ်း၊ အမှုထမ်းများနှင့် ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် လည်းကောင်း တွေ့ဆုံသည်။

**ဌာနအချင်းချင်း ပူးပေါင်း**


တွေ့ဆုံပွဲများတွင် ပြည်ထောင်စုဝန်ကြီးက မိမိ၏ အလုပ်ကို ချစ်မြတ်နိုးပြီး စေတနာထား လုပ်ဆောင်ရန်၊ လုပ်ငန်းကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မှန်ကန်၊ မြန်ဆန်အောင် လုပ်ဆောင်နိုင်ရေး အမြဲတမ်းအသင့်ပြင်ထားရန်နှင့် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။ **သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

"ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ခရီးသွားအရင်းအမြစ်တွေ အများကြီးရှိတဲ့အနက် တီထွင်ဖန်တီးမှု ခရီးစဉ်အနေနဲ့ ဒုဋ္ဌဝတီမြစ်ကို အခြေခံတဲ့ ခရီးစဉ်ဒေသ ဆောင်ရွက်တဲ့နေရာမှာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးဖို့တစ်ခုတည်းသာမက ခရီးသွားလုပ်ငန်းနဲ့ တိုက်ရိုက်သွယ်ဝိုက် ဆက်စပ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေလည်း ဖွံ့ဖြိုးတိုးတက်ခြင်းနဲ့အတူ လက်ရှိနိုင်ငံတကာမှာ ဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကြောင့် ပြည်ပခရီးသွား ဝင်ရောက်မှုထက် ပြည်တွင်းခရီးသွားတွေ ပိုမိုဝင်ရောက်မှု မြှင့်တင်ဖို့ ကိုလည်း ဆောင်ရွက်တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ အဓိကအချက်ကတော့ အခုလို ခရီးစဉ်အသစ်တွေ ဖော်ထုတ်တာက ပြည်တွင်းခရီးသွား ဝင်ရောက်မှုကို ဦးစားပေးပြီး ဆောင်ရွက်တဲ့အတွက် သဘာဝအရင်းအမြစ်တွေနဲ့ ပေါင်းစပ်ပြီး မတူထူးခြားတဲ့ တီထွင် ဖန်တီးမှု အသွင်အပြင်တွေနဲ့ စိတ်ကူးပုံဖော်ပြီး ဆွဲဆောင်နိုင်ဖို့ စီစဉ်ထားပါတယ်" ဟု ၎င်းက ဆိုသည်။

ထို့ပြင် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် မန္တလေးတိုင်းဒေသကြီး အတွင်း၌သာမက တိုင်းဒေသကြီးနှင့် ဆက်စပ်နေသည့် ပြင်ဦးလွင်ဒေသတွင် Adventure Tour ခရီးစဉ်များ၊ ရှမ်းပြည်နယ်ဒေသတွင် မီးရထားဖြင့် လှည့်လည်သွားရောက်လေ့လာသည့် ခရီးစဉ်များ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ရောဝတီလင်းပိုင်ကို အခြေခံသည့် ခရီးစဉ်ဒေသများနှင့် လူထုအခြေပြုခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့်လည်း ခရီးစဉ်ဒေသများ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပညာရေးဘွဲ့ (B.Ed) သင်တန်းတိုးချဲ့ဖွင့်လှစ်နိုင်ရေးဆွေးနွေးပွဲနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဖြင့် နိုင်ငံစီးပွားရေးအထောက်အကူပြုနိုင်ရေး အစည်းအဝေးတက်ရောက်

နေပြည်တော် ဇွန် ၁၀

**ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ပညာရေးဘွဲ့(B.Ed)မရရှိသေးသော သင်ကြားရေး ဆရာ၊ ဆရာမများအတွက် ပညာရေးဘွဲ့(B.Ed)သင်တန်းတိုးချဲ့ဖွင့်လှစ်နိုင်ရေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

**အရည်အသွေးကို မြှင့်တင်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ရန်ကုန်ပညာရေး တက္ကသိုလ်နှင့် စစ်ကိုင်းပညာရေး တက္ကသိုလ်များတွင် နှစ်စဉ်ပညာရေးဘွဲ့ (B.Ed) စာပေးစာယူ သင်တန်းသားဦးရေ ၁၅၀၀ ခန့်စီကို ရွေးချယ်လက်ခံ သင်ကြားပေးလျက်ရှိပါကြောင်း၊ ရေးဖြေ စာမေးပွဲများဖြင့် ရွေးချယ်တက်ရောက်စေခဲ့ သော်လည်း နှစ်စဉ် သင်တန်းသားဦးရေ ၃၀၀၀ ခန့်သာ တက်ရောက်ခွင့်ရသဖြင့် ပညာရေးဘွဲ့ (B.Ed) မရသေးသော အခြေခံပညာဦးစီးဌာနမှ သင်ကြားရေး ဆရာ ဆရာမများအတွက် တက်ရောက်ခွင့်ရဦးရေမှာ အလွန်နည်းပါးနေသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အခြေခံပညာ ဆရာ ဆရာမများ အနေဖြင့် (B.Ed) သင်တန်း တက်ရောက်ခွင့်ရရှိပါက ပညာရေး သင်ပြနည်းစနစ်များ၊ ပညာရေးသဘောတရားနှင့် ပညာရေးစိတ်ပညာတို့အပြင် သက်ဆိုင်ရာ အထူးပြု ဘာသာရပ်သင်ပြနည်းများကို မိမိအတွေ့အကြုံနှင့် ပေါင်းစပ်၍ လေ့လာကာ မိမိ၏ အရည်အသွေးကို မြှင့်တင်နိုင်မည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ ယနေ့ဆွေးနွေးပွဲ တက်ရောက်လာကြသူများအနေဖြင့် ပညာရေးဘွဲ့ (B.Ed) မရရှိကြသေးသော သင်ကြားရေး ဆရာ ဆရာမများ အနေဖြင့် ရန်ကုန်ပညာရေး တက္ကသိုလ်နှင့် စစ်ကိုင်းပညာရေး တက္ကသိုလ်တွင်သာမက ပညာရေး ဒီဂရီကောလိပ် ၂၅ ကျောင်းတွင် ပညာရေးဘွဲ့ (B.Ed) သင်တန်း တက်ရောက်နိုင်ရေး အတွက် ဝိုင်းဝန်း ညှိနှိုင်းဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးဇော်ဝင်း တို့က (B.Ed) သင်တန်း တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားကြပြီး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။



**ကြိုးပမ်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနက နိုင်ငံစီးပွားရေး အထောက်အကူပြုနိုင်ရေး အစည်းအဝေးကို ဆက်လက် တက်ရောက်ကာ အသုံးချသုတေသနဖြင့် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေကာ နိုင်ငံတကာ ဈေးကွက်ကို ထိုးဖောက်နိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## ဝသန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇွန် ၁၀**

ဝသန်မိုးရာသီတေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၂)ကို ဇွန် ၁၁ ရက် သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်အဆိုတော်များဖြစ်ကြသည့် စိုးအောင်၊ ထက်မြက်စိုး၊ ကျော်စိုးဦး၊ အံ့ကျူးမောင်၊ သက်မှူးခင်၊ အိအိလှိုင်၊ ဝင့်နဒီထက်၊ မြနန္ဒာ၊ မိုး၊ သီရိစံတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဇွန် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးခဲ့

**နေပြည်တော် ဇွန် ၁၀**

ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**မိုး/ဇလ**

# ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၃၅/၂၀၂၁
၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်လွင်လွင်အေးကျော် ကို ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၃၆/၂၀၂၁
၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

**တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါ်ရင်ရင်သန်း — တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်
(၂) ဦးမြင့်စိုး — ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၁) ကျင်းပ

**နေပြည်တော် ဇွန် ၁၀**

မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Extractive Industries Trans–parency Initiative –EITI) ဦးဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၁) ကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးသို့ ဦးဆောင်ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးနှင့် အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ EITI ညှိနှိုင်းရေးမှူးရုံးတာဝန်ခံ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ တက်ရောက်ကြသည်။

**အဓိပ္ပာယ်ပြည့်ဝသော တိုးတက်မှုအဆင့်ကို ရရှိခဲ့**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များကို ၂၀၁၂ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာ EITI စံနှုန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ် ရပ်တည်နေပြီး အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးက ပထမအကြိမ် ဆန်းစစ်အကဲဖြတ်ရာတွင် အဓိပ္ပာယ်ပြည့်ဝသော တိုးတက်မှု (Meaningful Progress) အဆင့်ကို ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် EITI အဖွဲ့ဝင်နိုင်ငံအဖြစ် ရောက်ရှိရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သုံးသပ်ဆွေးနွေး**

ဆက်လက်၍စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ EITI အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌနှင့် အစည်းအဝေး တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများက ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် ဝိုင်းဝန်းအကြံပြုသုံးသပ်ဆွေးနွေးသည်။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံအနေဖြင့် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




**နေပြည်တော် ဇွန် ၁၀**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ် (၁၈)ကို ဇွန် ၁၁ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ် (၁၈) ၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် သဲဆုဇော်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇွန် ၁၁ ရက်နှင့် ဇွန် (၁၂၊ ၁၃) ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၀**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းနေမည်။

**မိုး/ဇလ**

# အမျိုးသားလုံခြုံရေးကျိုးပေါက်မှုများကို ပြန်လည်ကုစားရမည့်အချိန်

## မင်းပြည့်စုံ

**❈ ၂၀၁၅ ရွေးကောက်ပွဲအလွန်မှသည် NLD အစိုးရသက်တမ်း ငါးနှစ်တာကာလအတွင်း နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအား အစည်းအဝေးကျင်းပရန် အာဏာရှိခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှ ခေါ်ယူခြင်းမရှိခဲ့ခြင်း၊ ငါးနှစ်တာကာလအတွင်း အစိုးရအဖွဲ့၏ အနီးကပ်အကြံပေးများအဖြစ် နိုင်ငံခြားသားများကိုပါ ခေါ်ယူခဲ့ခြင်း၊ ကိုဗီအာနန်ကော်မရှင်စသည့် ပြည်ပအဖွဲ့အစည်းများအား ငှားရမ်း၍ သူတို့အလိုကျ လိုက်နာဆောင်ရွက်ခဲ့ခြင်း၊ လက်နက်ကိုင်ပဋိပက္ခများအတွင်း တရားမဝင် လက်နက်ကိုင်ဘက်မှ ကျဆုံးမှုများအား နိုင်ငံရေးအရ မျက်နှာသာပေးမှုများ ပြုလုပ်ခဲ့ခြင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ၏ ဖွဲ့စည်းမှုကို ပြင်ဆင်ခြင်း၊ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်ဆိုင်ရာဆိုင်ရာ အာဏာများကို တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ထံမှလည်းကောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီထံမှလည်းကောင်း လွှဲပြောင်းရယူရန် ကြိုးပမ်းခဲ့ခြင်းများကိုလည်း မြင်တွေ့ခဲ့ရပါသည်**

အမျိုးသားလုံခြုံရေးဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ဒါဟာ တပ်မတော်၏ ကိစ္စ၊ တပ်မတော်က ဦးဆောင်တာဝန်ယူရမည့်အရာ ဟူ၍ နိုင်ငံသားအတော်များများက သတ်မှတ်ကြတတ်ပါသည်။

သို့သော် အမျိုးသားလုံခြုံရေးဆိုသည်မှာ ပြည်တွင်း၊ ပြည်ပ အန္တရာယ်ကို ကာကွယ်ခြင်းအပြင် နိုင်ငံတစ်နိုင်ငံ၏ တန်ဖိုးထားသည့် အဓိကတန်ဖိုး (Core Values)များကို ခြိမ်းခြောက်ခြင်းများမှ ကာကွယ်ခြင်းဟူ၍ နိုင်ငံတကာတွင်တော့ အဓိပ္ပာယ်သတ်မှတ်ကြပါသည်။ ထို့ကြောင့် အမျိုးသားလုံခြုံရေးဟု ဆိုလိုက်လျှင် နိုင်ငံသူ၊ နိုင်ငံသားများ၏ လုံခြုံမှု၊ အချုပ်အခြာအာဏာ ပိုင်စိုးမှုအတွက် နိုင်ငံတော်ကို တာဝန်ယူထားရသည့် အစိုးရတစ်ရပ်က National Security Policy များ၊ National Security Strategy များ ချမှတ်ပြီး စနစ်တကျ ဆောင်ရွက်ဖို့လိုအပ်သကဲ့သို့ ပြည်သူများကလည်း နိုင်ငံတော်အတွက်၊ မိမိတို့ပြည်သူပြည်သားများအတွက် မရှိမဖြစ်လိုအပ်သည့် အမျိုးသားလုံခြုံရေးအဖြစ် လက်ခံကျင့်သုံးလိုက်နာ၍ ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါသည်။

### နိုင်ငံတော်နှင့်ပြည်သူ လူမှုပဋိညာဉ်များစောင့်ထိန်းလိုက်နာ

(၂၁)ရာစုတွင် အမျိုးသားလုံခြုံရေးအပေါ် လူအများ၏ ထင်မြင်ယူဆချက်များသည် နိုင်ငံတကာ၌ ပြောင်းလဲလာပြီး အဓိကအချက်မှာ လူမှုပဋိညာဉ်ကို နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းအကြားထားရှိသည့် အဓိပ္ပာယ်ကို ပို၍ဖွင့်ဆိုလာကြသည်။ နိုင်ငံတော်သည် လူ့အဖွဲ့အစည်း (ပြည်သူ)အတွက် လုံခြုံရေးနှင့်လိုအပ်ချက်များကို တာဝန်ယူဖြည့်ဆည်းပေးရမည်။ အပြန်အလှန်အားဖြင့် လူ့အဖွဲ့အစည်းများက လွတ်လပ်မှုနှင့် လုံခြုံမှုကို ခံစားရယူရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် ဥပဒေနှင့် ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာကြရပါသည်။

ထိုသို့လူမှုပဋိညာဉ်ကို နိုင်ငံတော်အစိုးရဘက်က တာဝန်မကျေပွန်ခဲ့သော် နိုင်ငံတော်အစိုးရသည် လူမှုပဋိညာဉ် စည်းကျိုးပေါက်သွားရမည်ဖြစ်သကဲ့သို့ လူ့အဖွဲ့အစည်း ပြည်သူများက လိုက်နာရန် ပျက်ကွက်ပါကလည်း သတ်မှတ်ထားသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖယ်ရှားနှိမ်နင်းကြရမည်ဖြစ်ပါသည်။

အမျိုးသားလုံခြုံရေး၏ အစိတ်အပိုင်းများအဖြစ် နိုင်ငံတော်ဗဟိုပြုလုံခြုံရေးနှင့် စစ်ဘက်လုံခြုံရေးသက်သက်တို့မှာ မလုံလောက်ဘဲ အချုပ်အခြာအာဏာပိုင်စိုးမှုကို ကာကွယ်ရေး၊ နိုင်ငံနယ်နိမိတ်ကို ကာကွယ်ရေး၊ နိုင်ငံသားပြည်သူတို့ကို ကာကွယ်ရေး၊ စီးပွားရေးအကျိုးစီးပွားကို ကာကွယ်ရေး၊ ပထဝီနိုင်ငံရေးအကျိုးစီးပွားကို ကာကွယ်ရေး၊ ဒီမိုကရေစီ လူ့အခွင့်အရေး၊ ဘာသာရေး၊ ငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ တန်ဖိုးထားမှုများကို ကာကွယ်ရေး စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် လူဦးရေပေါက်ကွဲမှုပြဿနာ၊ စွမ်းအင်ပြဿနာ၊ စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျသည့် ပြဿနာ၊ လူအများ ရွှေ့ပြောင်းအခြေချနေထိုင်မှု၊ စားနပ်ရိက္ခာမလုံလောက်မှု၊ သစ်တောပြုန်းတီးမှု၊ မြေဆီလွှာပျက်စီးမှု စသည့် အကြောင်းတရားများစွာတို့သည်လည်း အမျိုးသား လုံခြုံရေးဟူသည့် အခန်းကဏ္ဍအောက်တွင် ထည့်သွင်းလာကြသည်ကိုလည်း နိုင်ငံတကာတွင် မြင်တွေ့ရပါသည်။

ထို့ကြောင့် မိမိတို့နိုင်ငံသားများအနေဖြင့် အမျိုးသားလုံခြုံရေးကို စနစ်တကျ အကောင်အထည်ဖော်သင့်ပြီး ယင်းတွင် စစ်ရေးကဏ္ဍအပြင် သံတမန်ရေးကဏ္ဍ သို့မဟုတ် နိုင်ငံရေးဆိုင်ရာလုံခြုံရေး၊ စီးပွားရေးနှင့် လူ့အဖွဲ့အစည်းလုံခြုံရေး၊ လူဦးရေ လုံခြုံရေး စသည့် ကဏ္ဍကြီးများအဖြစ် စနစ်တကျပြင်ဆင်ရေးဆွဲ၍ အမျိုးသားလုံခြုံရေးအတွက် ကာကွယ်မှုစနစ်များကို ခေတ်ကာလ၊ မိမိတို့နိုင်ငံအနေအထားတို့နှင့် ချိန်ညှိ၍ အမျိုးသားလုံခြုံရေး အက်ဥပဒေတစ်ရပ်ပေါ်ပေါက်လာမည်ဆိုပါက အဟောဝတကောင်းလေစွဟု ဆိုရပေမည်ဖြစ်ပါသည်။

ပြီးခဲ့သည့် ငါးနှစ်တာအတွင်း အရပ်သားအစိုးရတစ်ရပ်၏ ဆောင်ရွက်ချက်အချို့သည် အမျိုးသားနိုင်ငံရေးကို လစ်ဟာကျိုးပေါက်စေခဲ့သည်ဟု ဝေဖန်ထောက်ပြမှုများလည်း ရှိခဲ့ပါသည်။ ထိုကဲ့သို့ လစ်ဟာကျိုးပေါက်ခဲ့ခြင်းများကြောင့် မြန်မာ့နိုင်ငံရေးလေ့လာသူများက နိုင်ငံတော်တည်ဆောက်ရာတွင် "အမျိုးသားလုံခြုံရေး" အတွက် ကာကွယ်မှုစနစ်များရှိနေအပ်ကြောင်း အကြံပြုနေကြသည်ကိုလည်း မြင်တွေ့ရပါသည်။

### လွန်ခဲ့သည့်ငါးနှစ်တာနှင့် အန္တရာယ်ကွက်လပ်

**၂၀၁၅ ရွေးကောက်ပွဲအလွန်မှသည် NLD အစိုးရသက်တမ်း ငါးနှစ်တာကာလအတွင်း နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအား အစည်းအဝေးကျင်းပရန် အာဏာရှိခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှ ခေါ်ယူခြင်းမရှိခဲ့ခြင်း၊ ငါးနှစ်တာကာလအတွင်း အစိုးရအဖွဲ့၏ အနီးကပ်အကြံပေးများအဖြစ် နိုင်ငံခြားသားများကိုပါ ခေါ်ယူခဲ့ခြင်း၊ ကိုဖီအာနန်ကော်မရှင်စသည့် ပြည်ပအဖွဲ့အစည်းများအား ငှားရမ်း၍ သူတို့အလိုကျ လိုက်နာဆောင်ရွက်ခဲ့ခြင်း၊ လက်နက်ကိုင် ပဋိပက္ခများအတွင်း တရားမဝင် လက်နက်ကိုင်ဘက်မှ ကျဆုံးမှုများအား နိုင်ငံရေးအရ မျက်နှာသာပေးမှုများ ပြုလုပ်ခဲ့ခြင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဖွဲ့စည်းမှုကို ပြင်ဆင်ခြင်း၊ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်ဆိုင်ရာဆိုင်ရာ အာဏာများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှလည်းကောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီထံမှလည်း ကောင်း လွှဲပြောင်းရယူရန် ကြိုးပမ်းခဲ့ခြင်းများကိုလည်း မြင်တွေ့ခဲ့ရပါသည်။**

နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံသားများအပေါ် အန္တရာယ် ကျရောက်ခြင်းမှ ကာကွယ်နိုင်ရန် ပြဋ္ဌာန်းထားခဲ့သည့် အရေးပေါ်စီမံမှုအက်ဥပဒေ၊ နယ်ခြားစောင့်စစ်ဆေးရေးဥပဒေ၊ နောက်ယောင်ခံဥပဒေ၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေတို့ကို ရုပ်သိမ်းခဲ့ပြီး ရပ်/ကျေးအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်ရာတွင်လည်း အဓိကကျသည့် ဧည့်စာရင်းတိုင်ကြားရသည့် ပုဒ်မကို ဖြုတ်ခဲ့ခြင်း၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြင့် အမျိုးသားလုံခြုံရေးစည်းကို နိုင်ငံတော်အစိုးရတစ်ရပ်အနေဖြင့် ကျိုးပေါက်ခဲ့ခြင်းဟု ယူဆမိပါသည်။

ငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံသည် မရေရာမခိုင်မာသည့် စီးပွားရေး အခြေအနေ၊ ကန့်သတ်၊ တုပ်နှောင်၊ ချောင်ပိတ်၊ ထောင်ချောက်ဆင်ထားခြင်းခံရသည့် ကာကွယ်ရေး အခြေအနေ၊ လုံခြုံရေး ကျိုးပေါက်မှု အခြေအနေများကိုလည်း ဖြတ်သန်းခဲ့ရပါသည်။

### ပြည်သူများ၏ လုံခြုံမှုမျှော်လင့်ချက်

အမျိုးသားလုံခြုံရေးစည်း ပေါက်ခဲ့ခြင်းသည် ပြည်သူများအဖို့ မိမိတို့၏ ကိုယ်ပိုင်ဘဝများနှင့် တန်ဖိုးထားမှုများအတွက် မလုံခြုံမှုပင်ဖြစ်ပါသည်။ ပြည်သူအများစုသည် မိမိတို့ နိုင်ငံ၊ ယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာများအတွက် လုံခြုံမှု (Indentity Security)၊ နယ်မြေဒေသလုံခြုံမှု (Local Security)၊ လူမှုဘဝလုံခြုံမှု (Social Security)၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာလုံခြုံမှု (Religion Security)၊ လူမျိုးစုဆိုင်ရာလုံခြုံမှု (Ethnic Security) စသည်တို့ကို တန်ဖိုးထားကြသည်။ အလေးထား၍ မျှော်လင့်ကြသည်။ ထိုအရာများကို ယခု တာဝန်ယူထားရသည့် အစိုးရအနေဖြင့် အမျိုးသားလုံခြုံရေးအစီအမံများတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟု ထင်မြင်မိပါသည်။

### ပထဝီနိုင်ငံရေးနှင့် လူဦးရေလုံခြုံရေး

**မိမိတို့နိုင်ငံသည် နိုင်ငံပေါင်းငါးနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေပြီး ကမ်းရိုးတန်းနယ်နိမိတ်တွင် ကီလိုမီတာ ၃၀၀၀ ကျော်ရှိပါသည်။ မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအချက်အချာကျမှုသည် ပါမောက္ခ စပိုက်မင်၏ "အစွန်အဖျားနယ်မြေ"သဘောတရား Rimland Theorey တွင် အကျုံးဝင်လျက်ရှိပြီး Heartland ၏ အနားသတ်စည်းမျဉ်းတွင် ပါဝင်လျက်ရှိသည်။ ပထဝီစီးပွားရေးတွင် အချက်အချာကျသော်လည်း တရုတ်–အမေရိကန်– အိန္ဒိယတို့၏ အားပြိုင်မှုများအတွင်း တည့်တည့်ကျရောက်နေသလို ပထဝီနိုင်ငံရေးအရ ခြိမ်းခြောက်မှုအန္တရာယ် စက်ဝန်းအတွင်း ကျရောက်နေသည်လည်းဖြစ်ပါသည်။**

**❒ မိမိတို့နိုင်ငံသည် နိုင်ငံပေါင်းငါးနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေပြီး ကမ်းရိုးတန်းနယ်နိမိတ်တွင် ကီလိုမီတာ ၃၀၀၀ကျော်ရှိပါသည်။ မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး အချက်အချာကျမှုသည် ပါမောက္ခစပိုက်မင်၏ "အစွန်အဖျားနယ်မြေ" သဘောတရား Rimland Theorey တွင် အကျုံးဝင်လျက်ရှိပြီး Heartland၏ အနားသတ်စည်းမျဉ်းတွင် ပါဝင်လျက်ရှိသည်။ ပထဝီစီးပွားရေးတွင် အချက်အချာကျသော်လည်း တရုတ်- အမေရိကန်- အိန္ဒိယတို့၏ အားပြိုင်မှုများအတွင်း တည့်တည့်ကျရောက်နေသလို ပထဝီနိုင်ငံရေးအရ ခြိမ်းခြောက်မှု အန္တရာယ်စက်ဝန်းအတွင်း ကျရောက်နေ**

ထို့အတူ စီမံထိန်းကျောင်းမှုမရှိ၊ ဟန်ချက်မညီသည့် လူဦးရေတိုးပွားမှုသည် နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသာမက နိုင်ငံတော်လုံခြုံရေးကိုပါ များစွာထိခိုက်စေနိုင်သည့်အတွက် အမျိုးသားလုံခြုံရေးတွင် လူဦးရေပေါက်ကွဲလွင့်စဉ်ပြီး နယ်မြေချဲ့ထွင်ချင်သော နိုင်ငံအချို့၏ ရည်ရွယ်ချက်ကိုလည်း ထည့်သွင်းစဉ်းစားပြီး အကာအကွယ်အစီအမံများ ထားရှိရန်လည်း မျှော်လင့်မိပါသည်။

အဘယ့်ကြောင့်ဆိုသော် လူဦးရေလုံခြုံရေးကို မထိန်းချုပ်ပါက ပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှု၊ စားနပ်ရိက္ခာမလုံခြုံမှုအပြင် အရင်းအမြစ် လုံခြုံရေးတို့ကိုလည်း ထိခိုက်စေနိုင်ပါသည်။ သယံဇာတအရင်းအမြစ်၊ အလုပ်အကိုင် အခွင့်အလမ်းတို့သည် နိုင်ငံတိုင်းတွင် အကန့်အသတ်ရှိသည်သာဖြစ်ပါသည်။

လူဦးရေလုံခြုံရေးတွင် ICCPR ပဋိညာဉ်ကို ပြီးခဲ့သောအစိုးရတို့က သဘောတူညီခဲ့ပြီး လူအများရွှေ့ပြောင်းအခြေချနိုင်မှု၊ မွေးစားဥပဒေပြဋ္ဌာန်းအတည်ပြုမှုစသည်တို့မှာလည်း နိုင်ငံ၏ သဘာဝလူဦးရေတိုးနှုန်းကို မထိန်းသိမ်းနိုင်ခဲ့သည့်အပြင် ခြံစည်းရိုးမဲ့ လူ့အခွင့်အရေးအဖြစ်သို့ ရောက်စေခဲ့ပါသည်။

*စာမျက်နှာ ၇ သို့*

# လူမှုရေးပညာတက္ကသိုလ် တည်ထောင်ဖွင့်လှစ်နိုင်ရေး ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၀**

လူမှုရေးပညာတက္ကသိုလ် (Social Work Institute) တည်ထောင်ဖွင့်လှစ်နိုင်ရေးနှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ကျွမ်းကျင်သော လူမှုဝန်ထမ်းသမားများ မွေးထုတ်ပေးနိုင်ရေးအတွက် လူမှုရေးပညာတက္ကသိုလ်သည် မဖြစ်မနေ လိုအပ်ပါကြောင်း၊ လူမှုရေးပညာတက္ကသိုလ် ဖွင့်လှစ်နိုင်ရေးနှင့် စပ်လျဉ်း၍ မြေနေရာရရှိနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း၊ မိတ်ဖက်နိုင်ငံများနှင့်လည်း လူမှုရေးပညာတက္ကသိုလ် ဖွင့်လှစ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးထားသည်များရှိပါကြောင်း၊ သင်ရိုးညွှန်းတမ်းအတည်ပြုပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ၊ ပညာရပ်ပိုင်းဆိုင်ရာနှင့် လူ့စွမ်းအားအရင်းအမြစ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် အချိန်ယူဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဖွဲ့စည်းထားသည့် ကော်မတီများ၊ ဆပ်ကော်မတီများအနေဖြင့် ပေးအပ်သည့်တာဝန်များကို အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း၊ တက်ရောက်လာကြသူများကလည်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က လူမှုရေးပညာတက္ကသိုလ် ဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်သည့် လိုအပ်သည့် အကြောင်းအရာများအား ဖြည့်စွက်ပြောကြားသည်။ ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လူမှုရေးပညာတက္ကသိုလ် တည်ထောင်ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ထားရှိမှုများအားလည်းကောင်း၊ ဘာသာရပ်တာဝန်ခံညွှန်ကြားရေးမှူးက ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးက ဆုံးဖြတ်ထားသော နည်းပညာလုပ်ငန်းအဖွဲ့၊ ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းရေးနှင့် ကာလတို(၃)လ သင်တန်း၊ ဒီပလိုမာ (၁)နှစ်သင်တန်းများအတွက် သင်ရိုးညွှန်းတမ်း ရေးဆွဲအဆိုပြုအစီအစဉ်များ တင်ပြခြင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် တောင်ငူအကျဉ်းထောင်၊ (၄) မိုင်ကုန်ထုတ်စခန်းနှင့် ရဲစခန်းအချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၀**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော စစ်ဆေးရေးအဖွဲ့သည် ဇွန် ၈ ရက်နှင့် ၉ ရက်တို့တွင် တောင်ငူအကျဉ်းထောင်၊ (၄) မိုင် ကုန်ထုတ်စခန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တောင်ငူမြို့ အမှတ် (၁) မြို့မရဲစခန်း၊ အမှတ် (၂၁၃) နယ်မြေရဲစခန်းများ၊ ကျွန်းကုန်းနယ်မြေရဲစခန်း၊ မြို့သစ်နယ်မြေရဲစခန်း အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား၊ အချုပ်သားများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော ထောင်ဝင်စာတွေ့ဆုံရာတွင် အခက်အခဲရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ အကျဉ်းထောင်၊ ကုန်ထုတ်စခန်းများအတွင်း ညှဉ်းပန်းနှိပ်စက်မှုရှိ မရှိနှင့် နေထိုင်စားသောက်မှု အခြေအနေများကို မေးမြန်းမှတ်တမ်းတင်ခြင်း၊ တစ်ဦးချင်း တွေ့ဆုံလိုသူ အကျဉ်းသား/အချုပ်သားများနှင့်တွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

စစ်ဆေးရေးအဖွဲ့သည် အကျဉ်းသား/ အချုပ်သားများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ ဆေးရုံဆောင်၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာစတို၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများကို လည်းကောင်း၊ ရဲစခန်းအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ် အချုပ်ခန်းအတွင်း သန့်ရှင်းရေး၊ မိလ္လာများသန့်ရှင်းရေးနှင့် သောက်သုံးရေ သုံးစွဲရမှုအခြေအနေများနှင့် လတ်တလော ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ပေးပို့ဆောင်ရွက်သွားမည်**

ခရီးစဉ်အတွင်း စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အပေါ် အခြေခံ၍ လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

လူဦးရေလုံခြုံရေးကို မထိန်းသိမ်းနိုင်ပါက မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံများအတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုးတစ်ရပ် ဖြစ်လာနိုင်ဖွယ်ရာရှိကြောင်း နိုင်ငံရေးလေ့လာသူများက ထောက်ပြထားကြသည်။

**အမျိုးသားအကျိုးစီးပွားအတွက် အမျိုးသားလုံခြုံရေးကို အလေးထား**

အမျိုးသားလုံခြုံရေးစနစ် ပိုမိုတိုးတက်မြင့်မားစေဖို့အတွက် တန်ဖိုးစံနှုန်းများအပေါ် အခြေခံသည့် မြော်မြင်ချက် (Vision)၊ ဆီလျော်သည့်အစီအစဉ်များ (Sequence) တို့ကို ပညာရှင်များက စုပေါင်းဖော်ထုတ်ကာ အမျိုးသားလုံခြုံရေးအတွက် လုံခြုံရေးစနစ်ဆိုင်ရာ မဟာဗျူဟာမူဘောင်ကို ချမှတ်ခြင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်း ခြင်း၊ အမျိုးသားလုံခြုံရေးမူဝါဒများ ပြုပြင်ရေးဆွဲခြင်း၊ အပြန်အလှန် ဝေဖန်သုံးသပ်ခြင်းများမှသည် နိုင်ငံရေးဆိုင်ရာလုံခြုံရေး၊ စစ်ဘက်ရေးရာလုံခြုံရေး၊ စီးပွားရေးဆိုင်ရာလုံခြုံရေး၊ လူ့အဖွဲ့အစည်းဆိုင်ရာလုံခြုံရေး စသည့် အမျိုးသားလုံခြုံရေးကိစ္စရပ်များအားလုံးကို အလေးထား၍ ဆောင်ရွက်စေလိုလှပြီဖြစ်ပါကြောင်း။ ။

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်၊ ဒုတိယနှစ်ဝက် ဘွဲ့ကြိုပုံမှန်သင်တန်းများ ပြန်လည်ဖွင့်လှစ်

**နေပြည်တော် ဇွန် ၁၀**

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်၍ ယဉ်ကျေးလိမ္မာသော အနုပညာရှင်ကောင်းများ မွေးထုတ်ပေးရန်၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် အနုပညာအသီးသီးတို့ကို တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများတွင် မိမိတက္ကသိုလ်မှ မွေးထုတ်ပေးသော အနုပညာရှင်များက လက်ဆင့်ကမ်းသင်ကြားပေးရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်း၊ ဖော်ထုတ်၊ တီထွင်၊ မြင့်တင်၊ ဆန်းသစ်၊ ပေါင်းစပ်၍ လူငယ်၊ လူရွယ်များသာမက ကမ္ဘာကသိအောင် ဆောင်ရွက်ရန်၊ အနုပညာကို ဖျော်ဖြေရေးသက်သက်မဟုတ်ဘဲ Info-tainment, Edu-tainment ဖြစ်စေရန်နှင့် ကမ္ဘာကလာရောက်သင်ကြားရသော အရည်အသွေးမြင့် တက္ကသိုလ်ဖြစ်စေရန် မျှော်မှန်းချက်များဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ကို (၁၉၉၃) ခုနှစ်တွင် စတင်ဖွင့်လှစ်၍ ဘွဲ့ကြို ဘွဲ့လွန်နှင့် ဒီပလိုမာသင်တန်းများကို သင်ကြားပို့ချလျက်ရှိသည်။

သို့ရာတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် တက္ကသိုလ်၏ သင်တန်းများကို ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၄ ရက်မှစတင်ကာ ရပ်နားခဲ့ရသည်။

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)အနေဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ဒုတိယနှစ်ဝက်စာသင်ကာလတွင် သင်ကြားပို့ချရန်ကျန်ရှိသည့် ဘွဲ့ကြိုတန်းများဖြစ်သော (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်)ပညာဌာန၊ စတုတ္ထနှစ် ကျောင်းသားကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အလမ်းများ နှောင့်နှေးမှု၊ ဆုံးရှုံးမှု မရှိစေရန်အတွက် နောက်ဆုံးနှစ် သင်တန်းသားများအား ဘွဲ့ရများအဖြစ်မွေးထုတ်၍ လုပ်ငန်းခွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သင်တန်းများအား ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ခဲ့သည်။

ယခုအခါ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်၊ ဒုတိယနှစ်ဝက်ဘွဲ့ကြိုသင်တန်းများဖြစ်သော စတုတ္ထနှစ်ပုံမှန်သင်တန်းကို ၂၀၂၁ ခုနှစ် ဇွန် ၁၅ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ပထမနှစ်၊ ဒုတိယနှစ်နှင့်တတိယနှစ် ပုံမှန်သင်တန်းများကို ဩဂုတ် ၂ ရက်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ အစီအမံများ၊ အကြံပြုချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ

*ပြည်ထောင်စုရာထူးဝန်အဖွဲ့*

❂ **နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များကို သိရှိလိုက်နာစောင့်ထိန်းခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများက ယုံကြည်အားထားမှု ပိုမိုရရှိစေမည့်အပြင် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝ သာယာဝပြောရေးတို့ကို ထိရောက်အောင်မြင်စွာ ဖော်ဆောင်နိုင်စေမည်ဖြစ်**

*ယမန်နေ့မှအဆက်*

**အခန်း(၆)**

**ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့် ယုံကြည်ထိုက်ခြင်း**

၁၁။ နိုင်ငံ့ဝန်ထမ်းများသည် –

(က) ပြည်သူကိုဝန်ဆောင်မှုပေးရာတွင် ရိုးသားဖြောင့်မတ်မှုရှိရမည်။

(ခ) ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်သိက္ခာကို အကောင်းဆုံးစောင့်ထိန်းရမည်။

(ဂ) တာဝန်အရအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် မလျော်သြဇာသုံးခြင်းတို့မှ ရှောင်ကြဉ်ရမည်။

(ဃ) နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အလွဲသုံးစားမှုမပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ရမည်။

(င) အစိုးရနှင့်ပြည်သူများအကြားကောင်းမွန်သောယုံကြည်မှုကို တည်ဆောက်ထိန်းသိမ်းနိုင်ရေး ဦးတည်ကြိုးပမ်းရမည်။

(စ) ရာထူး၊ ဌာန၊ လုပ်ငန်းတာဝန်များနှင့်ဆက်စပ်၍ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များရောထွေးမှုမရှိစေရေး စောင့်ထိန်းရမည်။

(ဆ) လုပ်ငန်းခွင်အတွင်း အဂတိတရား ကင်းရှင်းစွာဆောင်ရွက်ရမည်။

(ဇ) လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသည့် သတင်းအချက်အလက်များ ပေါက်ကြားမှုမရှိစေရေး အထူးသတိပြု ထိန်းသိမ်းရမည်။

(ဈ) ရိုးသားဖြောင့်မတ်ပြီး နိုင်ငံတော်၊ မိမိဌာနအဖွဲ့အစည်းနှင့် ပြည်သူတို့အပေါ် သစ္စာရှိရမည်။

(ည) ဌာနအဖွဲ့အစည်းက ယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်နိုင်သူဖြစ်ရမည်။

(ဋ) ဝန်ထမ်းအချင်းချင်း၏ ယုံကြည်လေးစား အားကိုးထိုက်သူ ဖြစ်ရမည်။

(ဌ) မိမိဌာနအဖွဲ့အစည်းနှင့် ဝန်ထမ်းအချင်းချင်းအပေါ် အထင်အမြင်လွဲမှားစေမည့် အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုတို့ကို ရှောင်ကြဉ်ရမည်။

(ဍ) ဌာနအဖွဲ့ အစည်းဆိုင်ရာ သတင်းအချက်အလက်များကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်။

(ဎ) မိမိ၏အခွင့်အာဏာနှင့်ဆက်နွယ်၍ မည်သည့်စီးပွားရေးလုပ်ငန်းများတွင်မျှ ကိုယ်ကျိုးစီးပွား ပါဝင်ပတ်သက်ခြင်းမပြုရ။

**အခန်း(၇)**

**ထူးချွန်ပြောင်မြောက်မှုနှင့်အတတ်ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိခြင်း**

၁၂။ နိုင်ငံ့ဝန်ထမ်းများသည် –

(က) ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးများနှင့် စီမံခန့်ခွဲမှုစွမ်းရည်များ မြင့်မားလာစေရေးအတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးရမည်။

(ခ) အများပြည်သူဆိုင်ရာ မူဝါဒများနှင့် အစီအစဉ်များကို အရည်အချင်းပြည့်ဝစွာဖြင့် ချမှတ်အကောင်အထည်ဖော်နိုင်ရေး လေ့လာဆည်းပူးရမည်။

(ဂ) ပြည်သူကိုဝန်ဆောင်မှုပေးရာတွင် အမြင့်မားဆုံးသော ကျွမ်းကျင်မှုဆိုင်ရာအရည်အချင်းများဖြင့် စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်ပေးရမည်။

(ဃ) လုပ်ငန်းခွင်အတွင်း ပူးပေါင်းဆောင်ရွက်တတ်စေရေးနှင့် တာဝန်ထမ်းဆောင်မှုနှင့် စွမ်းဆောင်ရည်အခြေပြု စံသတ်မှတ်ချက်များအပေါ် အခြေခံ၍ ကျွမ်းကျင်မှုအရည်အချင်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လေ့လာဆည်းပူးရမည်။

(င) ခေတ်မီဆက်သွယ်ရေး နည်းပညာများကို တတ်သိနားလည်ပြီး အသုံးချနိုင်စွမ်းရှိရမည်။

(စ) နိုင်ငံတော်နှင့် ဌာနအဖွဲ့အစည်းများမှ ထုတ်ပြန်သည့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လေ့လာဆည်းပူးရမည်။

(ဆ) ကြီးကြပ်ကွပ်ကဲမှုအနည်းဆုံးဖြင့် လုပ်ငန်းတာဝန်များကိုအောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဇ) မိမိရာထူးအဆင့်အလိုက် ထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်များကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရမည့်အပြင် လုပ်ဖော်ကိုင်ဖက်များကိုလည်း ကျွမ်းကျင်မှုရှိစေရန် ပံ့ပိုးကူညီပေးရမည်။

(ဈ) အရည်အချင်းပြည့်ဝနေစေရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူး မှတ်သားဆောင်ရွက်ရမည်။

**အခန်း(၈)**

**အားလုံးပါဝင်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုရှိခြင်း**

၁၃။ နိုင်ငံ့ဝန်ထမ်းများသည်–

(က) ဝန်ထမ်းရေးရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးအဆင့်အတန်း၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားဆက်ဆံခြင်းမပြုရ။

(ခ) ဌာန၊ ဒေသ၊ ဓလေ့ထုံးတမ်းယဉ်ကျေးမှုများနှင့်အညီ လိုက်လျောညီထွေ အပြန်အလှန်လေးစားစွာ ဆက်ဆံဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော ပြည်တွင်း၊ ပြည်ပအစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါက ချမှတ်ထားသော မူဝါဒများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) မိမိအားပေး အပ်ထားသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အချင်းချင်း ရိုင်းပင်းကူညီ၍ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရမည်။

**အခန်း(၉)**

**ဘက်လိုက်မှုကင်းခြင်း၊ အဂတိကင်းရှင်းခြင်း၊ တရားမျှတစွာဆောင်ရွက်မှုရှိခြင်း**

၁၄။ နိုင်ငံ့ဝန်ထမ်းများသည်–

(က) အဂတိတရားကင်းရှင်းစွာ အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အခါအားလျော်စွာ ထုတ်ပြန်သည့် ဒေသန္တရဆိုင်ရာ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) ဘက်လိုက်မှုကင်းရှင်းရမည့်အပြင် အများပြည်သူအထင်အမြင်လွဲမှားစေနိုင်သည့် အပြုအမူ အပြောအဆိုတို့ကိုလည်း ရှောင်ကြဉ်ရမည်။

(ဃ) ပြည်သူများကို လေးစားမှု၊ စာနာမှုနှင့် တရားမျှတမှုတို့ဖြင့် ဆက်ဆံရမည်။

(င) ဆုံးဖြတ်ချက်များကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်မျှတစွာ ချမှတ်ရမည်။

(စ) နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။

**အခန်း(၁၀)**

**ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း**

၁၅။ နိုင်ငံ့ဝန်ထမ်းများသည်–

(က) နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာမှုဖြင့် မှန်ကန်စွာ ဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် မိမိ၏လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များအတွက် တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိရမည်။

(ဂ) ပြည်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ စိစစ်၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

(ဃ) တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်ကျေမှုတို့ဖြင့် ဆောင်ရွက်ရမည်။

**အခန်း(၁၁)**

**အထွေထွေ**

၁၆။ ကျင့်ဝတ်ဆိုင်ရာပြဿနာများ ပေါ်ပေါက်လာပါက အနီးကပ်ကြီးကြပ်သူအရာရှိက ပြဿနာရင်းမြစ်ကို စုံစမ်း၍ ဖြေရှင်းခြင်း၊ ဆုံးဖြတ်ခြင်း သို့မဟုတ် ကျိုးကြောင်း ဆီလျော်သော သုံးသပ်အကြံပြုချက်တို့ဖြင့် အထက်အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်တင်ပြရမည်။

၁၇။ အထက်အရာရှိ အကြီးအမှူးများကလည်း မိမိလက်အောက်ဝန်ထမ်းများမှ တင်ပြလာသည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်း၊ တရားမျှတခြင်း၊ ဘက်လိုက်မှုကင်းရှင်းခြင်းတို့ဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များနှင့်အညီ မှန်ကန်မြန်ဆန်စွာ ဖြေရှင်းဆောင်ရွက်ရမည်။

**နိဂုံး**

၁၈။ ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များကို သိရှိလိုက်နာစောင့်ထိန်းခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများက ယုံကြည်အားထားမှု ပိုမိုရရှိစေမည့်အပြင် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝ သာယာဝပြောရေးတို့ကို ထိရောက်အောင်မြင်စွာ ဖော်ဆောင်နိုင်စေမည်ဖြစ်ပါသည်။

၁၉။ သို့ဖြစ်ပါ၍ ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များသည် ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ပေါ်လာစေရေး၊ စွမ်းဆောင်ရည်ပြည့်ဝသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်ပေါ်လာစေရေး၊ ပိုမိုကောင်းမွန်သည့် လူမှုအဖွဲ့အစည်းဖြစ်ပေါ်လာစေရေးတို့အတွက် အထောက်အကူပြုစေမည့် စံတန်ဖိုးများဖြစ်ပါသဖြင့် နိုင်ငံ့ဝန်ထမ်းတိုင်း သိရှိစောင့်ထိန်းလိုက်နာကြရန် လိုအပ်ပါသည်။

# ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းအသီးသီးတွင် ရပ်ဆိုင်းထားခြင်းမရှိဘဲ ဆက်လက်အပ်နှံနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဇွန် ၁၀**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ပြီးခဲ့သော ဇွန် ၁ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းလုံးမှ အခြေခံပညာကျောင်းများ ဖြစ်သော ထက်/လယ်/ မူ ကျောင်းများအားလုံး ၂၀၂၁-၂၀၂၂ ပညာသစ်နှစ်ကို စတင် ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။ ယင်းသို့ စတင် ဖွင့်လှစ်နိုင်ရန် ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကိုလည်း ဇွန်လမတိုင်မီ မေ ၂၄ ရက်မှ ၃၁ ရက်အထိ ကြိုတင်သတ်မှတ်ကြေညာကာ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာကျောင်းများမှ စတင် လက်ခံခဲ့ပြီးဖြစ်သည်။

**ကျောင်းများ ဆက်လက်အပ်နှံရေး**

လောလောဆယ်တွင် ကျောင်းဖွင့်နေပြီဖြစ်သော်လည်း ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းအသီးသီးတွင် ရပ်ဆိုင်းထားခြင်းမရှိဘဲ ဆက်လက်အပ်နှံနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ လတ်တလော အခြေအနေတစ်ရပ်တွင် ကျောင်းများသို့ တက်ရောက်ပညာသင်ယူကြသည့် နိုင်ငံ့မျိုးဆက်သစ် ကျောင်းသားများမှာ ယခင်နှစ်များကကဲ့သို့ ပုံမှန်ပြန်လည်တက်ရောက်ခြင်းမရှိသေးဘဲ အခြေအနေအမျိုးမျိုးတို့ကို ကျောင်းသားမိဘများကိုယ်တိုင် စောင့်ကြည့်ကာ ကျောင်းများသို့ စေလွှတ်လျက်ရှိသည်ကို တွေ့နေမြင်နေရသည်။

**ပုံမှန်ပြန်လည်ဖွင့်လှစ်**

"ဆရာမကြီးကတော့ ကျောင်းသူ ကျောင်းသားတွေကို အရင်နှစ်တွေကလိုပဲ အေးအေးချမ်းချမ်းနဲ့ ပြန်လည်တက်ရောက်ပြီး ပညာတွေ ဆက်လက်သင်ကြားစေချင်တယ်။ အခုဆိုရင် ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကို ကျော်လွန်ခဲ့ပြီဆိုပေမယ့် ကျွန်မတို့ အခြေခံပညာဦးစီးဌာနအနေနဲ့ကတော့ ဆက်လက်ပြီး ကျောင်းအပ်တဲ့ လုပ်ငန်းစဉ်တွေကို အတိုင်းအတာတစ်ခုအထိ လက်ခံပေးသွားဦးမှာပါ။ တကယ်တော့ ဘာမှအသိမကြွယ်သေးတဲ့ ကျောင်းသားတွေကို မနစ်နာစေချင်ဘူး။ သူတို့ဘဝလေးတွေကို အခုလို အကြောက်တရားဆိုတဲ့ အတားအဆီးကြီး တစ်ခုနဲ့တော့ ပညာသင်နှစ်တစ်နှစ် ထပ်ပြီး မဆုံးရှုံးစေချင်တော့ဘူး။ အခုဆိုရင်လည်း အမျိုးမျိုး ကြားနေရတာပဲ။ တကယ်တော့ **ကျောင်းတွေက ပုံမှန်ပြန်လည်ဖွင့်လှစ်ပြီး လည်ပတ်နေမှ နိုင်ငံရဲ့ မျိုးဆက်သစ်လူငယ်တွေ ပညာရေးမှာ နောက်မကျဘဲ အခြားနိုင်ငံက လူငယ်တွေနဲ့ တန်းတူ ရင်ပေါင်တန်းနိုင်မှာဖြစ်တယ်။ ပြောရရင် နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်မှာ မျှော်မှန်းမရနိုင်၊ တန်ဖိုးကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုဟာ ကျောင်းနေအရွယ် ကလေးငယ်များရဲ့ ပညာသင်ယူမှုပဲ။ နိုင်ငံတကာမှာလည်း ဒီလိုပဲ သတ်မှတ်ကြပါတယ်။** ဒါကြောင့် ကျောင်းသား ကျောင်းသူတွေရော၊ မိဘတွေရော ပြောချင်တာကတော့ စိတ်ခံစားမှုကို ရှေ့တန်းမတင်ဘဲ ကျောင်းကို ယခင်နှစ်တွေကအတိုင်း ပြန်လည်တက်ရောက်ကြပါလို့ ပြောချင်ပါတယ်"ဟု ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာညွှန့်(အမည်လွှဲ)က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထက်တန်း ကျောင်းအုပ်ဆရာကြီးတစ်ဦးကလည်း လတ်တလော ကြုံတွေ့နေရမှုများနှင့် ပတ်သက်၍ "ဒီနှစ်ပညာသင်နှစ်ကတော့ ကျွန်တော်တို့ ကျောင်းအုပ်တွေအနေနဲ့ အတော်လေးကို သည်းခံရပါတယ်။ ကျောင်းသားမိဘတွေကတစ်မျိုး၊ ကျောင်းဆရာဆရာမတွေကတစ်ဖုံ အမျိုးမျိုးပါပဲ။ အချို့ ကျောင်းသားမိဘတွေက သူတို့ကလေးကို ဒီပညာသင်နှစ်တစ်နှစ် မနစ်နာစေချင်ဘူး။ အဲဒါကြောင့် ကျောင်းတော့ လာပြီးအပ်ထားကြတယ်။ ဒါပေမယ့် ကျောင်းလာပို့လားဆိုတော့ စိတ်မချသလိုလိုနဲ့ ကျောင်းကိုလည်း မပို့ဘူး။ တချို့ ဆရာမတွေဆိုလည်း အဲဒီလိုပဲ။ CDM လည်း မလုပ်သွားဘူး၊ ကျောင်းကိုလည်း ကောင်းကောင်း စိတ်ပါပါနဲ့ ရဲရဲတင်းတင်း မလာရဲကြဘူး။ အလုပ်ပြုတ်မှာလည်း ကြောက်သေးတယ်ပေါ့။ ဒီနှစ်က တကယ်ကိုပဲ ဟိုလိုလို ဒီလိုလိုတွေ အုပ်ချုပ်နေရတော့ ဆရာကြီးအနေနဲ့ အတော်လေးကို သည်းခံရပါတယ်။ ဟိုတစ်နေ့က ကျောင်းသားတစ်ယောက်ဆို သားတို့ကို ဘယ်သူကမှ လာမပစ်ပါဘူးနော်တဲ့။ သားက ကြောက်လို့တဲ့။ တကယ်တော့ ကလေးတွေရဲ့စိတ်ထဲမှာ ကျောင်းတော့လာပြီး ပညာသင်ချင်ကြတယ်။ ကျောင်းသားမိဘတွေနဲ့ ပတ်ဝန်းကျင်ရဲ့ စကားသံတွေကြောင့် သူတို့ခမျာမှာ အကြောက်တရားတွေ လွှမ်းမိုးနေကြတာ။ မိဘတွေအနေနဲ့လည်း အဲဒီလို အခြေအနေမျိုးကိုသိရင် ကိုယ့်သားသမီးကို အားပေးစကားပြောပြီး ကျောင်းတွေကိုလွှတ်စေချင်တယ်"ဟု ၎င်းအမြင်ကို ပြောသည်။

သတ္တမတန်း(စနစ်သစ်) တက်ရောက်သင်ကြားနေသော ကျောင်းသူတစ်ဦး၏ မိခင်တစ်ဦးကမူ "ကျွန်မကတော့ ကလေးကို ဇွန် ၁ ရက်ကတည်းက ကျောင်းလိုက်ပို့ပါတယ်။ အရင်နှစ်တွေကလို လူကြုံတို့၊ ကျောင်းကားတို့နဲ့တော့ မဟုတ်ဘူးပေါ့။ နေ့စဉ်ပဲ ကိုယ့်မိသားစုဝင်တစ်ဦးဦးထဲက အားတဲ့သူ လိုက်ပို့ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ရင်လည်း ကလေးက ပတ်ဝန်းကျင်ရဲ့စကားသံတွေကြားတာနဲ့ ကျောင်းသွားရဲမှာ မဟုတ်ဘူးလေ။ ဒါတောင် ပြီးခဲ့တဲ့ အပတ်တုန်းက ကျောင်းကို သူ ရဲရဲတင်းတင်း မသွားရဲသေးဘူး။ အခုတစ်ပတ်တော့ ကျောင်းက သူငယ်ချင်းတွေနဲ့လည်း ရင်းနှီးသွားပြီဆိုတော့ ကျောင်းသွားရတာ သိပ်ကြောက်တဲ့ပုံ မပေါ်တော့ဘူး။ ကျွန်မတို့ကတော့ ကလေးတွေရဲ့ ပညာရေးကို မနှောင့်နှေးစေချင်ဘူး။ ပြီးခဲ့တဲ့ ပညာသင်နှစ်တုန်းကလည်း ကိုဗစ်-၁၉ ကြောင့် ကလေးတွေ တစ်နှစ် အသက်ကြီးခဲ့ရပြီးပြီ။ အခု ကျောင်းတွေပြန်ဖွင့်ပြန်တော့လည်း စိတ်ခံစားမှုကိုလိုက်ပြီး လုပ်နေကြရင် တကယ်နစ်နာမှာက ကိုယ့်ကလေးတွေပဲလေ။ အဲဒါကြောင့် ဒီတစ်နှစ်တော့ အမျိုးသားနဲ့တိုင်ပင်ပြီး ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ကလေးကို ကျောင်းတော့ ထားဖြစ်အောင် ထားကြမယ်ဆိုပြီး ထားတာပါ။ အခုဆို သမီးက သတ္တမတန်း စနစ်သစ်တက်နေတာဖြစ်လို့ သူတို့ကြရင် ၁၂ တန်းအထိဆိုတော့ နှစ်တွေကများမှာလေ။ အဲဒီအချက်တွေကိုလည်း ထည့်တွက်လိုက်တာ ပါပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သော ၂၀၂၀-၂၀၂၁ ပညာသင်နှစ်က အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကျောင်းများ၊ ကောလိပ်များအပါအဝင် အသက်မွေးဝမ်းကျောင်းသင်တန်းအားလုံးကို ကိုဗစ်-၁၉ ကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိခဲ့၍ ပညာသင်နှစ်တစ်နှစ် လက်လွတ်ဆုံးရှုံးခံခဲ့ရသည်။

**ထပ်တိုးလက်ခံပေးလျက်ရှိ**

သို့ဖြစ်၍ လတ်တလော နိုင်ငံတစ်ဝန်း အခြေခံကျောင်းအများစုမှာ ရာခိုင်နှုန်းထက်ဝက်မျှ ကျောင်းအပ်နှံထားကြသော်လည်း ကျောင်းသို့ လာရောက်ပညာသင်ကြားနေသော ကလေးများမှာ ယခင်နှစ်များကဲ့သို့ အပြည့်အဝ တက်ရောက်လာခြင်းမရှိသေးကြောင်းနှင့်ဆက်လက်၍ ကျောင်းအပ်နှံမှုကို ရက်ထပ်တိုး လက်ခံပေးလျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ သိရသည်။ ॥

**စိန်လွင်အောင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းတစ်ကျောင်းတွင် ကလေးများ ပညာသင်ကြားနေစဉ်။

# စစ်တွေမြို့၌ ကျေးရွာအဆင့် ခေါင်းဆောင်မှုနည်းပြသင်တန်း ဖွင့်လှစ်

**စစ်တွေ ဇွန် ၁၀**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ၏ ကျေးရွာကော်မတီဝင်များကို ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးမြင့်မားလာစေရန်ရည်ရွယ်၍ ကျေးရွာအဆင့် ခေါင်းဆောင်မှုနည်းပြသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ပြည်နယ်ဦးစီးမှူး ဦးအောင်မျိုးလွင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ သင်တန်းသို့ ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်၊မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၆၇ ဦး တက်ရောက်ကြပြီး အဆိုပါသင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဖွင့်လှစ်သင်ကြားခဲ့သည့် ဆရာဖြစ်သင်တန်း တက်ရောက်ပြီးသူများက ပြန်လည်ပို့ချပေးမည်ဖြစ်ပြီး ကျေးရွာများတွင်လည်း ဆက်လက်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

❒ *ကျောဖုံးမှ*

နှစ်ချက်လျှော့ရိုက်ကာ အချက် ၇၀ ဖြင့် ဒုတိယ၊ မိုးကျော်(Taylormade)က ရိုက်ချက် ၇၂ ချက်ဖြင့် တတိယ၊ Senior Professional အဆင့်ပြိုင်ပွဲတွင် စိုးကျော်နိုင်(Taylormade)က ရိုက်ချက် ၇၄ ချက်ဖြင့် ပထမ၊ မြင့်ဆွေက ရိုက်ချက် ၇၆ ချက်ဖြင့် ဒုတိယ၊ ကျော်မိုး(Green Joy Pro Shop)က ရိုက်ချက် ၇၇ ချက်ဖြင့် တတိယ၊ Amateur အဆင့်တွင် လှိုင်မင်းထက်က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ကာ ၆၇ချက်ဖြင့်ပထမ၊ လွင်မိုးက သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ကာ ၇၁ ချက်ဖြင့် ဒုတိယ၊ ကျော်သူရက သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ကာ ၇၁ ချက်ဖြင့် တတိယနေရာတို့တွင် ရပ်တည်လျက်ရှိသည်။ ယခုပြိုင်ပွဲတွင် Professional အဆင့်ကစားသမား ၂၁ ဦး၊ Senior Professional အဆင့် ကစားသမား ၁၂ ဦး၊ Amateur အဆင့် ကစားသမား ၁၀၇ ဦး စုစုပေါင်း ကစားသမား ၁၄၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

Monsoon President Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ချမှတ်ထားသော ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြုလုပ်လျက်ရှိပြီး ပြိုင်ပွဲနောက်ဆုံးနေ့ကို ဇွန် ၁၁ ရက် (ယနေ့) တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ကိုညီလေး**

**ဓာတ်ပုံ-မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်**

❍ *ကျောဖုံးမှ*

မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်းပွဲကို ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ ယန်မာကွင်း၌ ပြုလုပ်မည်ဖြစ်သည်။ မြန်မာနှင့် ကာဂျစ္စတန်ပွဲမှာ နှစ်သင်းစလုံးအတွက် အရေးပါလျက်ရှိပြီး အနိုင်ရသည့်အသင်းမှာ အုပ်စုဒုတိယနေရာကို ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်ကာ အရေးနိမ့်သည့်အသင်းမှာမူ အမြင့်ဆုံး အဆင့် (၄) နေရာသာ ရယူနိုင်မည်ဖြစ်သည်။ ယင်းအုပ်စုတွင် ဂျပန်အသင်းက အုပ်စုပထမနေရာရရန် သေချာပြီးနောက် ဒုတိယနေရာအတွက် အသင်းသုံးသင်း ဆက်လက်ပြိုင်ဆိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် လက်ကျန်နှစ်ပွဲအလိုတွင် အမြင့်ဆုံး ဒုတိယနေရာအထိ မျှော်လင့်နိုင်နေသလို အုပ်စုအောက်ဆုံးအထိ ရောက်သွားနိုင်သည့် အခြေအနေလည်းရှိနေသည်။ မြန်မာအသင်းအတွက် လက်ကျန်နှစ်ပွဲစလုံး အနိုင်ရရန်လိုအပ်နေသော်လည်း ယနေ့ကစားမည့် ကာဂျစ္စတန်နှင့်ပွဲတွင် အနိုင်ရမှသာ ဆက်လက်မျှော်လင့်နိုင်မည့် အနေအထားဖြစ်နေသည်။

လက်ရှိရပ်တည်မှုအရ အုပ်စု (F) တွင် ဂျပန်အသင်းက ခုနစ်ပွဲကစား ၂၁ မှတ်ဖြင့် အုပ်စုပထမနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး တာဂျစ်ကစ္စတန်အသင်းက ခုနစ်ပွဲကစား ရမှတ် ၁၀ မှတ်၊ ကာဂျစ္စတန်အသင်းက ခြောက်ပွဲကစား ခုနစ်မှတ်၊ မြန်မာအသင်းက ခြောက်ပွဲကစား ခြောက်မှတ်၊ မွန်ဂိုလီးယားအသင်းက ပွဲကုန် ရှစ်ပွဲကစား ခြောက်မှတ်ရရှိခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

# ငါးနှင့်အစ ဘဲကအလယ် မျိုးစေ့အဆုံး ပျော်တပြုံးပြုံး

**မောင်အောင်**

**ငါးနှင့်အစ**

“ကနေ့ကျင်းပတဲ့ အခမ်းအနားကတော့ ပဲခူးတိုင်းဒေသကြီး ပဲခူးမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားပဲ ဖြစ်ပါတယ်။ အခုလို ငါးမျိုးစိုက်ထည့်ရခြင်းဟာ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ သိပြီးဖြစ်တဲ့အတိုင်း ကျွန်တော်တို့နိုင်ငံမှာ ၂၀၂၀ ပြည့်နှစ် မတ်လက စတင်ဖြစ်ပွားခဲ့တဲ့ ကိုဗစ်ကပ်ရောဂါကြောင့် ပြည်သူအများစု အလုပ်အကိုင်ပျက်ပါတယ်။ စီးပွားရေး ကျဆင်းပါတယ်။ ဒီလို စီးပွားပျက်တဲ့ အချိန်မှာ ငွေကြေးချမ်းသာတဲ့သူတွေ အတွက်သိပ်ပြီးမသိသာပေမယ့် ဝန်ထမ်းတွေနဲ့ လက်လုပ်လက်စားတွေမှာ အများကြီး ဒုက္ခရောက်ပါတယ်။ အထူးသဖြင့် “လက်လုပ်မှ ပါးစပ်လှုပ်ရမည့် အဖွဲ့တွေ”အတွက် အထူးအရေးကြီးပါတယ်။ ဒီအတွက် ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁ ရက်နေ့က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းတာဝန်ယူခဲ့တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံ့စီးပွားရေး ပြန်လည်ခေါင်းထောင်လာဖို့နဲ့ အများစု ပြည်သူတွေအတွက် စားနပ်ရိက္ခာဖူလုံဖို့အတွက်အရေးကြီးတဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေကို တွန်းအားပေးပြီး ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် ဒီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ မြန်မြန်ဆန်ဆန် အောင်မြင်အောင် အကောင်အထည်ဖော်ဖို့ (Quick Wins) ကျွန်တော်တို့အဖွဲ့ လာရောက်ကွင်းဆင်း ဖြည့်ဆည်းဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။”

ပဲခူးမြစ်၊ မြို့ဦးကင်းတံတားထိပ်တွင် ပဲခူးမြို့စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ငါးလွှတ်ပွဲ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားနေသည်။ နံနက် ၇ နာရီခွဲခန့်ရှိပြီဖြစ်၍ နေခြည်ကလည်း ရွှေရည်ဝင်းလို့နေသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၏စကားသံကို အားလုံး ငြိမ်နားထောင် နေကြသည်။

“ကျွန်တော်တို့နိုင်ငံမှာ ငါးအပါအဝင် သယံဇာတတွေဟာ တဖြည်းဖြည်း လျော့ပါးလာနေတယ်။ မြန်မာ့ပင်လယ်ကမ်းရိုးတန်းမှာရှိတဲ့ ငါးတွေကို ငါးလုပ်ငန်းဦးစီးဌာနနဲ့ နော်ဝေနိုင်ငံ ငါးသုတေသနအဖွဲ့ ပူးပေါင်းလေ့လာသုတေသနပြုချက်အရ မြန်မာ့ပင်လယ်ပြင် ရေပေါ်နေ ငါး ၈၀ ရာခိုင်နှုန်းလောက် လျော့ပါးသွားပြီး ရေအောက်နေငါးကတော့ ၆၀ ရာခိုင်နှုန်း လျော့ပါးသွားတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် တိုင်းပြည်ရဲ့လူဦးရေကလည်း တိုးတက်များပြားလာပြီး တိုးလာတဲ့ လူအတွက် စားနပ်ရိက္ခာဖူလုံဖို့ကို နိုင်ငံတော် အကြီးအကဲက အမြဲတမ်းစဉ်းစား ဆောင်ရွက်နေပါတယ်။ အဲဒါကြောင့် အရင်တုန်းကဆိုရင် ငါးမျိုးစိုက်ထည့်ရင် ငါးမှုန် ငါးသန်တွေသာ စိုက်ထည့်ကြပေမယ့် အခုအချိန်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နှစ်လက်မအရွယ် ငါးတွေစိုက်ထည့်ပါလို့ လမ်းညွှန်တာကြောင့် နှစ်လက်မအရွယ် ငါးသားပေါက်တွေ ကျွန်တော်တို့ စိုက်ထည့်နေပါတယ်။”

“ဒါ့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြစ်ကြီးတွေ၊ ဆည်တွေ၊ တမံတွေမှာ ထည့်တာထက် အခြေခံလူတန်းစားတွေ အလွယ်တကူ ဖမ်းယူစားသောက်နိုင်အောင် **“ပြည်သူ့အတွက် ငါးဟင်းတစ်ခွက်”** တိုးအောင် မြစ်ချောင်းနဲ့ မြစ်လက်တက်၊ ချောင်းလက်တက်၊ ချောင်းဖျားတွေမှာ ငါးမျိုးစိုက်ထည့်ခိုင်းထားပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပဲခူး ငါးလုပ်ငန်းစခန်း၊ သနပ်ပင်ငါးလုပ်ငန်းစခန်းနဲ့ အုတ်ဖိုငါးလုပ်ငန်းစခန်းတွေက ဒီနှစ် ငါးသားပေါက်ကောင်ရေ ၁၂၄ သိန်း ထုတ်လုပ်ပြီး စိုက်ထည့်သွားမှာ ဖြစ်ပါတယ်။ ဒီနှစ်မှာ ငါးသားပေါက်ကောင်ရေ ၂၂ ဒသမ ၄၈ သိန်း မြစ်၊ ချောင်းနှင့် ဆည်၊ ရေလှောင်တမံတွေမှာ စိုက်ထည့်ပြီး ဖြစ်ပါတယ်။ ဒီနေ့ ငါးမြစ်ချင်း၊ ငါးခုံးမကြီးနဲ့ ရွှေဝါငါးကြင်း ကောင်ရေနှစ်သိန်း စိုက်ထည့်သွားမှာ ဖြစ်တယ်။ ဆက်လက်ပြီး ကျန်တဲ့ ငါးသားပေါက်တွေကိုလည်း ဒီနှစ် စက်တင်ဘာလကုန်အတွင်း အပြီး စိုက်ထည့်သွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အရေးကြီးတဲ့ အချက်တစ်ချက်ကို ကျွန်တော်တင်ပြလိုတာကတော့ ငါး၊ ပုစွန်၊ ကဏန်းစတဲ့ ရေနေသယံဇာတ အမယ်တွေကို ကျွန်တော်တို့တစ်တွေ ထုတ်နုတ်စားသုံးပြီး အခုလိုပြန်ပြီး မဖြည့်ဆည်းရင် သဘာဝသယံဇာတတွေ တဖြည်းဖြည်းနဲ့ လုံးဝဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ငါးရစ်တွေကို ဖမ်းပြီးစားမယ်၊ သဘာဝနည်းနဲ့ ဖမ်းတာမဟုတ်ဘဲ ဘက်ထရီနဲ့ ရှော့ခ်တိုက်ပြီး ဖမ်းကြမယ်၊ ပင်လယ်ပြင်ငါးမဖမ်းရရာသီမှာ ငါးခိုးပြီးဖမ်းကြမယ်ဆိုရင် သဘာဝသယံဇာတတွေ ကွယ်ပျောက်ကုန်မှာ ဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့ မှီတင်းနေထိုင်တဲ့ ကမ္ဘာကြီးမှာ သဘာဝသယံဇာတတွေ ကြွယ်ဝနေဖို့နဲ့ ကမ္ဘာကြီးထာဝရစိမ်းလန်းစိုပြည်နေဖို့ ကျွန်တော်တို့တစ်တွေ ကိုယ်စီအသိစိတ်နဲ့ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်။”

စကားအဆုံးတွင် စုပေါင်း၍ တပျော်တပါး ငါးလွှတ်ပွဲကျင်းပကြသည်။ ပဲခူးတိုင်း စီမံအုပ်ချုပ်ရေးကောင်စီဝင် အပါအဝင် ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းအဆင့် ဌာနဆိုင်ရာများ စုပေါင်း ငါးလွှတ်ကြခြင်းဖြစ်သဖြင့် အားလုံး၏ မျက်နှာတွင် အပြုံးပန်းများ ဆင်မြန်းနေကြသည်။ မြန်မာ့ရိုးရာအတာသင်္ကြန် နှစ်ဆန်း တစ်ရက်နေ့တွင် ကုသိုလ်ပြုသည့်အနေဖြင့် ငါးသက်စေ့လွှတ်ကြသည်။ ငါးလွှတ်သူများက **“နှင့်အသက်တစ်ခါလွှတ်၊ ငါ့အသက် ဆယ်ခါလွှတ်”**ဟု နှုတ်မှဆိုပြီး လွှတ်လေ့ရှိကြသည်။ ယခု ငါးကောင်ရေ နှစ်သိန်း လွှတ်သဖြင့် ဘယ်လောက်များ ကုသိုလ်ရမည်ကို တွေး၍ ကြည်နူးမှုအပြည့်ဖြင့် အပြုံးပန်းများ ဆင်မြန်းနေကြခြင်း ဖြစ်မည်ထင်သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယမန်နေ့က နေပြည်တော်မှ ထွက်လာခဲ့ခြင်း ဖြစ်သည်။ ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာတွင် တောင်သူလယ်သမားများအတွက် စနစ်ကျ လယ်ယာဖော်ထုတ်ပေးမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ လယ်ယာမြေ ဖော်ထုတ်ခွင့်ရသည့် တောင်သူဦးကြီးများ ပျော်ရွှင်နေကြသည်။ စနစ်ကျ လယ်ယာဖော်ထုတ်ခွင့်မရသည့် တောင်သူလယ်သမားများက သူတို့အတွက် ဖော်ထုတ်ပေးရန် တောင်းဆိုသည်။ ၎င်းနောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးသည့် ဇမန်းသာကျေးရွာ ကွန်ကရစ် လမ်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုခဲ့သည်။ ဇမန်းသာကျေးရွာ လမ်းဖြစ်မြောက်ရေးအဖွဲ့ဝင် ရွာသားများကလည်း စနစ်ကျ လယ်ယာဖော်ထုတ်ပေးဖို့ တောင်းဆိုပြန်တော့ ဒုတိယဝန်ကြီးက မြန်မာတစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိသဖြင့် အားလုံးသာတူညီမျှ ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်းနှင့် နိုင်ငံတော်၏ ဘဏ္ဍာငွေအရ ခွဲဝေဆောင်ရွက်နိုင်ပါက ဆောင်ရွက်ပေးပါမည့်အကြောင်း ရှင်းပြခဲ့ရသည်။

ဇမန်းသာကျေးရွာမှ ကေတုမတီ သမဝါယမ ငါးမွေးမြူရေးလုပ်ငန်း။ ထိုမှ တောင်ငူကျွန်းကုန်းရှိ ရွှေဝါကြက်မွေးမြူရေးခြံ၊ ၎င်းနောက် တောင်ငူမြို့နယ် ဘုရားနှစ်ဆူ(အရှေ့)ကျေးရွာ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း၊ ၎င်းနောက်မှ ဖြူးချောင်းရေလှောင်တမံ၊ ပြီးတော့ ဒိုက်ဦးမြို့နယ် ဗျက်ကလေး ကျေးရွာမီးလင်းရေးနှင့် ရေပေးရေး လုပ်ငန်း၊ ပြီးတော့မှ ညောင်ပင်သာ ကြံသီးနှံ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၊ ပြီးတော့မှ ဒိုက်ဦးမြို့နယ်၏ ဝက်မွေးမြူရေးခြံ၊ ထို့နောက် ပဲခူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှု ဦးစီးဌာန၏ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုနှင့် လေ့ကျင့်ရေးဌာနခွဲသို့ ရောက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ တိုင်းအဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲမှအပြန် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။ မိမိတို့ဝန်ကြီးဌာနမှ ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ပေးနေမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ တိုင်းဒေသကြီးကောင်စီနှင့် ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးကြသည်၊ ညှိနှိုင်းကြသည်။ တိုင်းပြည်ကို အချိန်တိုအတွင်း တိုးတက်စေလိုသည့် ဆန္ဒချင်းတူညီသူများ ဖြစ်သဖြင့် ဆွေးနွေးပွဲက အားရစရာကောင်းသည်။ အကျိုးပြုရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟုယုံကြည်ပါသည်။

ထိုမှ မဇင်းရပ်ကွက် ရွှေသာလျောင်းဘုရားလမ်းရှိ ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ရွှေမြန်မာလက်မှုပစ္စည်း ရောင်းဝယ်ရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်းသို့ရောက်ခဲ့သည်။ အသင်းသားဦးရေ ၂၀ ခန့်ရှိပြီး အစုထည့်ဝင်ငွေ သိန်း ၂၀ ထည့်ဝင်ထားသည်။ သစ်၊ ဝါး၊ ချည်ထည်များဖြင့် ပြုလုပ်သော လက်မှုထည်ပစ္စည်းများနှင့် မြန်မာရိုးရာ ပန်းပုထည်များ ရောင်းချနေကြောင်း တွေ့ရသည်။ ကိုဗစ်ကပ်ရောဂါကြောင့် အရောင်းအဝယ် အေးနေသော်လည်း ပြန်လည်ဖွံ့ဖြိုး တိုးတက်လာမည်ကို ယုံကြည်နေကြသည်။ အဲဒီကမှ ကျောက်တွင်းကုန်းလမ်းဆုံရှိ Co-op Fitness Center အားကစားလေ့ကျင့်ရေးခန်းမ(ကျား/မ)သို့ ရောက်ရှိခဲ့သည်။ အားကစားပစ္စည်း စုံလင်သည်။ အနာဂတ်၏ မျိုးဆက်သစ်လူငယ်များ ကိုယ်လက်ကြံ့ခိုင်ရေး အားကစား လေ့ကျင့်မှု သရုပ်ပြကြသည်။

ပဲခူးတိုင်းဒေသကြီးမှ မြန်မာ့ဂုဏ်ဆောင် ကိုယ်လက်ကြံ့ခိုင်ရေး အားကစားလူရည်ချွန်များ ထွက်ပေါ်လာမည်ဟု ယုံကြည်ပါသည်။

စာမျက်နှာ ၁၁ သို့



အိမ်ခြံဝင်း သီးနှံစိုက်ပျိုးရန် ဟင်းသီးဟင်းရွက်မျိုးစေ့များကို တောင်သူတစ်ဦးအား ပေးအပ်စဉ်။




ပဲခူးမြစ်အတွင်း ငါးမျိုးစိုက်ထည့်စဉ်။

*စာမျက်နှာ ၁၀ မှ*

ဋင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ဝန်ထမ်းများ၏ တင်ပြချက်များကို ဒုတိယဝန်ကြီးနှင့်အဖွဲ့က ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန၏ မြေအရည် အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်းသို့ ရောက်ရှိခဲ့သည်။ "တောင်သူဦးကြီးများ၏ လယ်ယာမြေအပါအဝင် စိုက်ပျိုးမြေများ၏ လိုအပ်ချက်ကို ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် အချိန်တိုအတွင်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး တည်ထောင်ထားခြင်းဖြစ်သည်"ဟူသော ဓာတ်ခွဲခန်းတာဝန်ခံ၏ စကားကလည်း ကျေနပ်အားရစရာကောင်းလှသည်ပင်။

**ဘဲကအလယ်**

နေပြည်တော် အပြန်ခရီးတွင်ကား သနပ်ပင်ဘက်မှ လှည့်ပြီးပြန်ဖြစ်သည်။ ဘဲမွေးမြူရေးနှင့် သားဖောက်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလို၍ ဖြစ်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်မွေးမြူကောင်ရေ စာရင်းအရ မြန်မာတစ်ပြည်လုံးတွင် ဘဲကောင်ရေ ၃၅ သိန်းခန့် မွေးမြူထားသည့်အနက် ပဲခူးတိုင်းဒေသကြီးအတွင်း ၁၆၉၁၁၃၈ ကောင် မွေးမြူထားသည်။ တစ်နိုင်ငံလုံးရှိ ဘဲမွေးမြူရေးကောင်ရေ၏ တစ်ဝက်နီးပါး မွေးမြူထားသည့် ပဲခူးတိုင်းဒေသကြီး၏ ဘဲမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝင်ရောက်ကြည့်ရှုခြင်းဖြစ်သည်။

ကဝမြို့နယ် ဖွဲဘာကျေးရွာရှိ တိရစ္ဆာန် ဆေးကုဆရာဝန် ဒေါက်တာနိုင်လင်းဆွေ၏ ဘဲခြံက အကြီးဆုံးဖြစ်သည်။ မြေဧက ၄၀ ကျယ်ဝန်းပြီး အလျား ပေ ၁၈၀ ၊ အနံ ၃၆ ပေနှင့် အမြင့် ၁၀ ပေရှိ ဘဲခြံ ၁၀ ခြံ ဆောက်လုပ် မွေးမြူထားသည်။ ငါးကန်အတွင်း ဘဲခြံဆောက်လုပ်ထားခြင်း ဖြစ်ပြီး ဓနိမိုး၊ ဝါးကြမ်းခင်းဖြစ်သည်။ ဘဲခြံတစ်ခြံလျှင် ဘဲကောင်ရေ ၂၀၉၀ မွေးမြူထားပြီး ကာကီကင်းဘဲ၊ ဥစားဘဲမျိုးများဖြစ်သည်။ မလေးရှားနှင့် ထိုင်းနိုင်ငံမှ တင်သွင်းမွေးမြူခြင်းဖြစ်သည်။ တစ်နေ့လျှင် ဘဲဥ ၁၅၀၀၀ ခန့် ထွက်ရှိပြီး ရန်ကုန်သို့ တစ်လလျှင် ဘဲဥအလုံးရေ ၄၅၀၀၀၀ ခန့် တင်ပို့ရောင်းချလျက်ရှိသည်။ ဒေါက်တာနိုင်လင်းဆွေ၏ အဓိကအခက်အခဲမှာ မွေးမြူထားသည့် မြေနေရာ ရေရှည်သုံးစွဲခွင့်ရရှိရေးပင် ဖြစ်သည်။ လယ်(စပါး)စိုက်၍မရသည့် ရေနက်ကွင်း မြေနေရာဖြစ်သဖြင့် မြေသုံးစွဲခွင့်ရရှိရေး စိစစ်ဆောင်ရွက်ပေးရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးနှင့် မြေစာရင်းဦးစီးမှူးအား မှာကြားခဲ့ပါသည်။

**ဘဲသားဖောက်လုပ်ငန်း**

ဆက်လက်၍ သနပ်ပင်မြို့ ကမာစဲကျေးရွာရှိ ဦးဝင်းထိုက်မောင်၏ ဥစားဘဲနှင့် မျိုးဘဲ သားဖောက်လုပ်ငန်းသို့ ရောက်ရှိစစ်ဆေးပါသည်။ ခြံသည် စုစုပေါင်း မြေဧက ၆၀ ကျယ်ဝန်းပြီး မျိုးဘဲခြံတစ်ခြံလျှင် အလျား ၁၆၀ ပေ အနံ ၃၂ ပေရှိပြီး အမြင့် ၁၈ ပေ ရှိပါသည်။ဘဲခြံတစ်ခြံလျှင် ၁၄၇၀ မွေးမြူထားပြီး ကာကီကင်းဘဲမျိုး ဥစားဘဲ ၁၈၀၀၀ နှင့် မျိုးဘဲ ၇၀၀၀ မွေးမြူထားရှိပါသည်။ တစ်နေ့လျှင် မျိုးဘဲဥ ၆၀၀၀ လုံးခန့်နှင့် စားဘဲဥ ၁၅၀၀၀ ခန့် ထွက်ရှိပြီး ဘဲသားပေါက်တစ်လလျှင် ၆၀၀၀၀ ခန့် ဖြန့်ဖြူးပေးနိုင်ကြောင်းနှင့် စားဘဲဥတစ်လလျှင် ၃၀၀၀၀၀ ခန့် ဖြန့်ဖြူးပေးနိုင်ကြောင်း သိရှိရပါသည်။ ကဝမြို့နယ်နှင့် သနပ်ပင်မြို့နယ်ရှိ ဘဲခြံများအား မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများမှ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။ မျိုးဘဲဥများကို Brooder (ဝပ်စက်) ရှစ်လုံးနှင့် Incubator (ဖောက်စက်) နှစ်လုံးဖြင့် သားဖောက်ပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။ မြေနေရာအမြဲတမ်း အသုံးချခွင့်ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

**မျိုးစေ့အဆုံး**

"တက်ရောက်လာကြတဲ့ တောင်သူဦးကြီးတွေက ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ထုတ်လုပ်ရေးဌာနခွဲက ထုတ်လုပ်တဲ့ ဟင်းသီးဟင်းရွက်မျိုးစေ့တွေကို ကြိုက်နှစ်သက်ကြတယ် ကြားရတော့ အထူးပဲ ဝမ်းသာကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ မြန်မာစကားမှာ ရှိပါတယ်။ **"အိမ်နောက်ဖေး ဈေးဆိုင်တည်"**ဆိုတာ တကယ်တော့ အိမ်နောက်ဖေး ဈေးဆိုင်တည် ဆိုတာက အိမ်နောက်ဖေးမှာရှိတဲ့ မြေလွတ်တွေမှာ ငရုတ်ပင်၊ ခရမ်းပင်၊ ရုံးပတီပင်၊ တိုင်ထောင်ပဲ၊ ဘူး၊ သခွား၊ ဖရုံ၊ နံနံပင်တွေ စိုက်ပျိုးထားဖို့ပါ။ ဒီလို ဟင်းသီးဟင်းရွက်သီးနှံပင်တွေ စိုက်ပျိုးထားခြင်းဖြင့် လတ်လတ်ဆတ်ဆတ် ခူးဆွတ်စားနိုင်တဲ့အပြင် အားလပ်တဲ့အချိန်မှာ ကိုယ်လက်လှုပ်ရှားခြင်းဖြင့် ကျန်းမာရေးလည်း ညီညွတ်တယ်။ ငွေကုန်ကြေးကျလည်း သက်သာတယ်။ များများထွက်လျှင် ရောင်းစားလို့လည်း ရတာကြောင့် အပိုဝင်ငွေလည်း ရရှိစေပါတယ်။"

"အထူးသဖြင့် အခုလို ကိုဗစ်ဖြစ်လို့ စီးပွားရေးတွေ ကျဆင်းနေတဲ့အချိန်မှာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ခြင်းဖြင့် အပိုငွေမကုန်ကျဘဲ ဝင်ငွေလည်းရရှိတာကြောင့် ဒီကတောင်သူကြီးတွေ ကြိုက်နှစ်သက်မယ်လို ယုံကြည်ပါတယ်။"

ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာ စိုက်ပျိုးရေးပညာပေးစခန်း၌ ပြုလုပ်သည့် မျိုးစေ့ပေးအပ်ပွဲ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။ ဋင်းနောက် တက်ရောက်လာကြသည့် တောင်သူဦးကြီးများကိုယ်စား တောင်သူကြီးတစ်ယောက်ကို ဥယျာဉ်ခြံသီးနှံ၊ ဟင်းသီးဟင်းရွက် မျိုးစေ့များကို ပေးအပ်ပြီး နေပြည်တော်ပြန်ဖို့ ပြင်ဆင်လိုက်သည်။ မျိုးစေ့လက်ခံယူသော ဦးကြီးက ဒုတိယဝန်ကြီးလက်ကို ဆွဲထားပြီး......

**ပျော်တပြုံးပြုံး**

"ကျေးဇူးတင်စကားပြောဖို့ အခမ်းအနား အစီအစဉ်မှာမပါလို့ မပြောလိုက်ရဖြစ်မှာစိုးလို့ နည်းနည်းတော့ ပြောပါရစေဦး။ ဒီမျိုးစေ့တွေပေးလို့ ဝန်ကြီးတို့ဌာနကို ကျွန်တော်တို့ ရွာသားတွေက အများကြီးကျေးဇူးတင်ပါတယ်"

ဦးကြီးကိုနှုတ်ဆက်၍ ဒုတိယဝန်ကြီး ကားပေါ်တက်ပြီး စိုက်ပျိုးရေးပညာပေးစခန်းမှ ထွက်ခဲ့ကြသည်။ မျိုးစေ့ထုပ်များ ကိုယ်စီကိုယ်စီကိုင်၍ ပြုံးရွှင်သော မျက်နှာထားများဖြင့် အားရပါးရ နှုတ်ဆက်နေကြသည့် တောင်သူဦးကြီးများ၏ ရုပ်သွင်များက ရုပ်ရှင်လို မျက်စိထဲတွင် တရိပ်ရိပ် ပေါ်လာသည်။

သည်နေ့ခရီးစဉ်ကား...... **"ငါးနှင့် အစ ဘဲကအလယ် မျိုးစေ့အဆုံး ပျော်တပြုံးပြုံး"**......ပါတကား။ ။

## စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်၌ လက်လုပ်ဗုံး ပစ်ပေါက်ဖောက်ခွဲခဲ့သူ နှစ်ဦးကို လက်လုပ်သေနတ် တစ်လက်၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် ဖမ်းဆီးရမိခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းနေအိမ်မှ အကြမ်းဖက်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်၌ လက်လုပ်ဗုံးပစ်ပေါက်ဖောက်ခွဲခဲ့သူ နှစ်ဦးအား လက်လုပ်သေနတ် တစ်လက်၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းနေအိမ်မှ အကြမ်းဖက်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၉ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် ရွှေဘိုခရိုင် အရာတော်မြို့နယ် သလဲဘာကျေးရွာအုပ်စု စပါးတွင်းကျေးရွာနေ ဒေါ်ငွေး(၅၄)နှစ် (ဘ) ဦးထိန်နီ၏နေအိမ်အား လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့သည့် အကြမ်းဖက်သူအမျိုးသား နှစ်ဦးအား ဆိပ်ဖူးကြီးကျေးရွာရှိ အကြမ်းဖက်မှုကို မလိုလားသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းဖမ်းဆီးထိန်းသိမ်းထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မုံရွာမြို့ နန္ဒဝန်ရပ်ကွက်နေ ကျော်မျိုးသူ(၂၆)နှစ် (ဘ)ဦးလင်းနှင့် အရာတော်မြို့နယ် ရဲချင်းကျေးရွာနေ လေပွေ(ခ)မင်းဇော်ထွန်း (၂၆)နှစ် (ဘ)ဦးမြင့်တို့ နှစ်ဦးအား အရှည် ၁၁ လက်မခန့် လက်လုပ်သေနတ် တစ်လက်၊ အကြမ်းဖက်



လက်လုပ်ဗုံးပစ်ပေါက်ဖောက်ခွဲခဲ့သည့် ကျော်မျိုးသူ၊ မင်းဇော်ထွန်းတို့ကို အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

ဖောက်ခွဲတိုက်ခိုက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ၎င်းတို့ နှစ်ဦးတွင် ထိခိုက်ဒဏ်ရာအနည်းငယ် ရရှိထားသဖြင့် ဆေးကုသမှုခံယူနိုင်ရေး အရာတော်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့သည်။

အဆိုပါ လက်ပစ်ဗုံးပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်မှုမရှိကြောင်းနှင့် အဆိုပါ ကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း ဖြစ်သူ ဦးတိုးရွှေ၏နေအိမ်တွင် ဖောက်ခွဲရေးပစ္စည်းများရှိကြောင်း သတင်းအရ မွန်းလွဲ ၁၂ နာရီခွဲတွင် ဝင်ရောက်ရှာဖွေရာ ဦးတိုးရွှေနှင့် မိသားစုများမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိခဲ့ရပြီး နေအိမ်အတွင်း ဆက်လက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ M-67 လက်ပစ်ဗုံး နှစ်လုံး၊ စနက်တံလေးချောင်း၊ လက်လုပ်လေသေနတ် တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အရာတော်မြို့သို့ ပြန်လည်ထွက်ခွာလာစဉ် သလဲဘာတိုက်နယ်ဆေးရုံအနီး အရောက်၌ အဆိုပါဆေးရုံနှင့် ဆင်တလည်ကျေးရွာကြား လမ်းပေါ်၌ အကြမ်းဖက်သူများ ထောင်ထားခဲ့သည့် လက်လုပ်မိုင်း ၁၈ လုံးအား တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်ရှင်းလင်းခဲ့ပြီး အဆိုပါနေရာအနီးမှ မီးပုလင်း ၂၅ လုံး၊ ဝိုင်ယာကြိုးခွေ အပိုင်းအစများ၊ NLD တံဆိပ်ပါ Mask အခု ၃၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ ကျော်မျိုးသူပါ နှစ်ဦးအား စစ်ဆေးလျက်ရှိပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်မှုလုပ်ရပ်များတွင် ပူးပေါင်းပါဝင်ပတ်သက်သူများကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ထို့ကြောင့် တူရကီအသင်းအနေဖြင့် အီတလီအသင်းကို ယူရို ၂၀၂၀ ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် နိုင်ပွဲရရှိသွားမလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

ယူရို ၂၀၂၀ ပြိုင်ပွဲအတွက် တူရကီအသင်း ရွေးချယ်ထားသည့် ကစားသမားစာရင်းတွင် လက်စတာအသင်းမှ ဆိုယွန်ကူ၊ ဂျူဗင်တပ်စ်အသင်းမှ ဒီမီရယ်၊ လီဗာပူးအသင်းမှ ကာဘတ်၊ ရီလ်မက်ဒ်၊ ယာဇီစီ၊ လိုင်လီအသင်းမှ စီလစ်၊ ဖီယင်နုအသင်းမှ ကော့ကူစသည့် အဓိက ကစားသမားအများစုကို ရွေးချယ်ထားသည်ကို တွေ့ရသည်။

ထို့ပြင် အီတလီအသင်း ကစားသမားစာရင်းတွင်လည်း အေစီမီလန်အသင်းမှ ဒွန်နာရမ်မာ၊ ဂျူဗင်တပ်စ်အသင်းမှ ဘိုနူချီ၊ ချီလီနီ၊ ချီယေဆာ၊ ဘာနာဒက်စ်ချီ၊ နာပိုလီအသင်းမှ လော်ရန်ဇို၊ အင်ဇဂနီ၊ ပီအက်စ်ဂျီအသင်းမှ ဖလော်ရန်ဇီ၊ ချယ်ဆီးအသင်းမှ အီမာဆန်၊ ဂျော်ဂျင်ဟို၊ လာဇီယိုအသင်းမှ အင်မိုဘိုင်းတို့ကို ရွေးချယ်ထားသည်။

တူရကီနှင့် အီတလီအသင်းတို့သည် အုပ်စု (A) တွင် ဆွစ်ဇာလန်၊ ဝေးလ်အသင်းတို့နှင့်အတူ ကျရောက်နေသည်။ ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် မည်သည့်အသင်းက အနိုင်ရလဒ်ရရှိသွားမည်လဲဆိုသည်ကို ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။

**အောင်ဇော်**

# နိုင်ငံတော်ဩဝါဒါစရိယ၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမစျေးကုန်း ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ ဒေါက်တာဘဒ္ဒန္တကဝိသာရ မဟာထေရ် ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူ



နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်ဩဝါဒါစရိယ၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမ စျေးကုန်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော သက်တော် ၉၅ နှစ်၊ သိက္ခာတော် ၇၅ ဝါရှိ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဒေါက်တာဘဒ္ဒန္တ ကဝိသာရ မဟာထေရ်ဆရာတော်ကြီးသည် ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်)၊ ကြာသပတေးနေ့၊ ဝ၈:ဝဝ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါကြောင်းနှင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်တော် အန္တိမအဂ္ဂိစျာပနကို ဇွန် ၁၄ ရက် (တနင်္လာနေ့)တွင် ကျင်းပမည်ဖြစ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ၊ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော်ဒေါက်တာဘဒ္ဒန္တကဝိသာရ မဟာထေရ်၏ ထေရုပ္ပတ္တိအကျဉ်း

**ဘွဲ့တော်**

ဒေါက်တာ ဘဒ္ဒန္တကဝိသာရ

**သက်တော်/ဝါတော်**

၉၅/ ၇၅ (သုဓမ္မာ)

**သာသနာဝင်မှတ်တမ်း**

၉/ပမန(သ) ဝဝဝဝဝ၉

**မွေးသက္ကရာဇ်**

၁၂၈၉ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့

**ခမည်းတော်/မယ်တော်**

ဦးအောင်မြင့် + ဒေါ်ညီမ

**မွေးဖွားရာဇာတိ**

လယ်ဝေးမြို့နယ်၊ သာဝတ္ထိမြို့၊ အလယ်ကျွန်းစုကျေးရွာ

**ရှင်သာမဏေပြုခြင်း**

၁၃ဝဝ ပြည့်နှစ်တွင် သာဝတ္ထိမြို့၊ လက်ပံတန်းမိုးကောင်းကျောင်း ဆရာတော် ဘဒ္ဒန္တပညာသီဟကို ဥပဇ္ဈာယ် ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ရဟန်းပြုတော်မူခြင်း**

၁၃ဝ၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့တွင် ပျဉ်းမနားမြို့၊ တံခွန်တိုင်ကျောင်းခဏ္ဍသိမ်၌ အိုင်ဇောက်ကျောင်း ဆရာတော် ဘဒ္ဒန္တလက္ခဏကို ဥပဇ္ဈာယ်ပြုလျက် ဦးညွန့်+ဒေါ်သင့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူခြင်း**

သာဝတ္ထိမြို့၊ လက်ပံတန်းမိုးကောင်းကျောင်းဆရာတော် ဘဒ္ဒန္တပညာသီဟ၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တသူရိယ၊ ဘဒ္ဒန္တဝိသုဒ္ဓ၊ ဘုရားကြီးတိုက်၊ ပေတောအုဋ္ဌ်ကျောင်း ဆရာတော် ဘဒ္ဒန္တသီလဝံသ၊ ဘဒ္ဒန္တကုမာရာ ဘိဝံသ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမ အလယ်တိုက် ဆရာတော် ဘဒ္ဒန္တသုန္ဒရ စသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပါသည်။

**အောင်မြင်ခဲ့သောစာမေးပွဲ**

ဆရာတော်သည် အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့ပြီး ၁၃၁၇ ခုနှစ်တွင် သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်ချက်**

၁၉၈ဝ ပြည့်နှစ်၊ ပထမဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကာလတွင် မြို့နယ်သံဃာ့ဝန်ဆောင်၊ မြို့နယ် သံဃနာယကအဖွဲ့ဝင်၊ မန္တလေးတိုင်းဒေသကြီး သံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ပျဉ်းမနားမြို့၊ ပါဠိပထမပြန်စာပေးပွဲ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၊ ဓာတုစယဓာတ်ပေါင်းစု စေတီတော်နှင့် လယ်ဝေးမြို့၊ ရန်အောင်မြင်ရွှေလက်လှ စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်လျက် ယနေ့တိုင်အောင် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်**

၁၃၅၃ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၁၃၅၄ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၁၃၆၉ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်တို့ကို အလှူခံရရှိတော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၅ နှစ်၊ သိက္ခာတော် ၇၅ ဝါ၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက် (၁ဝ-၆-၂ဝ၂၁)၊ ကြာသပတေးနေ့၊ ဝ၈:ဝဝ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၅ ရက် (၁၄-၆-၂ဝ၂၁)၊ တနင်္လာနေ့တွင် အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိပါသည်။

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (မေလထိ) (ယာယီ) စာရင်းအရ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ (၁၉.၇၅)ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (မေလထိ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု (ယာယီစာရင်းအရ) ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၉.၆၉) ဘီလီယံ ၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၁၀.၀၆) ဘီလီယံနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၁၉.၇၅) ဘီလီယံ ဖြစ်ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကာလတူတွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၁၁.၈၆) ဘီလီယံ ၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၁၃.၄၀) ဘီလီယံ၊ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၂၅.၂၆) ဘီလီယံ ဖြစ်သဖြင့် ယခင်ဘဏ္ဍာနှစ်ထက် ပို့ကုန် (၁၈) ရာခိုင်နှုန်း၊ သွင်းကုန် ၂၅ ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၂၂) ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်းဖြစ်ပါသည် -

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ် (မေ လ )ထိ (ယာယီ ) | ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် (မေ လ )ထိ | နှိုင်းယှဉ်ချက် တိုး (+) / လျော့ (-) | |
|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၃၆၀၆.၀၂၂ | ၂၇၇၁.၇၂၉ | ( + ) | ၈၃၄.၂၉၃ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်း | ၁၆.၆၀၇ | ၆၁.၆၇၂ | ( - ) | ၄၅.၀၆၅ |
| ၃ | ရေထွက်ပစ္စည်း | ၅၃၆.၅၇၉ | ၆၅၂.၃၇၆ | ( - ) | ၁၁၅.၇၉၇ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၆၂၀.၅၀၄ | ၁၂၄၃.၂၁၂ | ( - ) | ၆၂၂.၇၀၈ |
| ၅ | သစ်တောထွက်ပစ္စည်း | ၈၅.၈၈၆ | ၁၀၃.၂၉၄ | ( - ) | ၁၇.၄၀၈ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၅၄၃.၁၆၆ | ၆၂၂၇.၄၁၂ | ( - ) | ၁၆၈၄.၂၄၆ |
| ၇ | အခြားပစ္စည်းများ | ၂၈၂.၃၇၈ | ၈၀၁.၂၈၃ | ( - ) | ၅၁၈.၉၀၅ |
| | စုစုပေါင်း | ၉၆၉၁.၁၄၂ | ၁၁၈၆၀.၉၇၈ | ( - ) | ၂၁၆၉.၈၃၆ |

ဇစ်မြစ်-အကောက်ခွန်

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် အောက်ပါအတိုင်းဖြစ်ပါသည်-

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ် (မေလ )ထိ (ယာယီ) | ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် (မေလ) ထိ | နှိုင်းယှဉ်ချက် တိုး (+) / လျော့ (-) | |
|---|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၃၆၇၁.၈၁၆ | ၅၂၄၉.၁၆၈ | ( - ) | ၁၅၇၇.၃၅၂ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၃၅၇၂.၃၄၅ | ၄၈၆၉.၆၉၀ | ( - ) | ၁၂၉၇.၃၄၅ |
| ၃ | လူသုံးကုန်ပစ္စည်း | ၂၈၁၄.၀၃၁ | ၃၂၇၈.၂၃၇ | ( - ) | ၄၆၄.၂၀၆ |
| | စုစုပေါင်း | ၁၀၀၅၈.၁၉၂ | ၁၃၃၉၇.၀၉၅ | (-) | ၃၃၃၈.၉၀၃ |

ဇစ်မြစ်-အကောက်ခွန်

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ပထမဆုံး နိုင်ငံခြားခရီးစဉ်အဖြစ် ဗြိတိန်သို့ သွားရောက်ပြီး ဂျီ-၇ အစည်းအဝေးတက်

လန်ဒန် ဇွန် ၁၀

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ရွေးကောက်ပွဲအောင်မြင်ချိန်မှစကာ ၎င်း၏ ပထမဆုံး နိုင်ငံခြားခရီးစဉ်အဖြစ် ဗြိတိန်သို့ ဇွန် ၁၀ ရက်က သွားရောက်ခဲ့သည်။**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဗြိတိန်တွင် ကျင်းပမည့် ဂျီ-၇ အစည်းအဝေးမတိုင်မီ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် တွေ့ဆုံခဲ့သည်။

ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဂျပန်၊ ဂျာမနီ၊ ပြင်သစ်နှင့် အီတလီတို့အပြင် ဥရောပသမဂ္ဂတို့မှ ခေါင်းဆောင်ကြီးများသည် ဇွန် ၁၁ ရက်တွင် ကျင်းပမည့် ဂျီ-၇ အစည်းအဝေး၌ နှစ်နှစ်နီးပါးအတွင်း ပထမဆုံးအကြိမ် လူကိုယ်တိုင် တွေ့ဆုံကြမည်ဖြစ်သည်။

ဂျီ-၇ အစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကျသည့် ဗြိတိန်သည် ဩစတြေးလျ၊ အိန္ဒိယ၊ တောင်ကိုရီးယားနှင့် တောင်အာဖရိကတို့ကို ဧည့်သည်နိုင်ငံများအဖြစ် သုံးရက်ကြာအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားထားသည်။

အစည်းအဝေးတွင် စီးပွားရေးပြန်လည်နာလန်ထူရေး၊ ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေးဖြန့်ဝေပေးရေးနှင့် ရာသီဥတုပြောင်းလဲမှုများကို ဆွေးနွေးသွားမည်ဟု မျှော်လင့်ရသည်။

အစည်းအဝေးပြီးနောက် ဘိုင်ဒင်နှင့် သမ္မတကတော် ဂျေးဘိုင်ဒင်တို့သည် နေတိုးနှင့် အီးယူ-အမေရိကန်အစည်းအဝေးများ တက်ရောက်ရန် ဘရပ်ဆဲလ်ကို ထွက်ခွာခြင်းမပြုမီ ဘုရင်မကြီး အဲလိဇဘတ်-၂ နှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

ထို့နောက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံရန် ဂျီနီဗာသို့ သွားရောက်မည်ဖြစ်သည်။ ဆင်ဟွာ



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် သမ္မတကတော် ဂျေးဘိုင်ဒင်တို့ကို တွေ့ရစဉ်။

# အီးယူဥပဒေပြု လွှတ်တော်အမတ်များက နွေရာသီခရီးသွားရာသီအတွက် ခရီးသွားထောက်ခံချက် အသစ်တစ်ခုကို သဘောတူခဲ့

ဘရပ်ဆဲလ် ဇွန် ၁၀

ဥရောပသမဂ္ဂ (အီးယူ) ဥပဒေပြုလွှတ်တော်အမတ်များသည် ခရီးသွားထောက်ခံချက် အသစ်တစ်ခုကို ဇွန် ၁၀ ရက်က သဘောတူခဲ့ကြောင်းနှင့် အဆိုပါခရီးသွားထောက်ခံချက်က ပြည်သူများကို ဥရောပသမဂ္ဂ နိုင်ငံများအတွင်း ကိုဗစ်-၁၉ ကန့်သတ်စောင့်ကြည့်စရာမလိုဘဲ သို့မဟုတ် ကိုဗစ်-၁၉ နောက်ထပ် စစ်ဆေးစရာမလိုဘဲ လွတ်လပ်စွာ ခရီးသွားလာခွင့်ပြုမည်ဖြစ်သည်။ ထိုသို့ ခရီးသွားထောက်ခံချက်ကို သဘောတူလိုက်ခြင်းက နွေရာသီကာလကို အကောင်းဆုံးစတင်ရန် ခွင့်ပြုလိုက်ခြင်းဖြစ်သည်။




မော်တော်ယာဉ်များ ဘရပ်ဆဲလ်ရှိ ဥရောပသမဂ္ဂကော်မရှင်အဆောက်အအုံအနီး ဖြတ်သန်းမောင်းနှင်လျက်ရှိသည်ကို တွေ့ရစဉ်။

ထိုသို့ ခွင့်ပြုလိုက်ခြင်းက အီးယူနိုင်ငံသားများကို ကိုဗစ်-၁၉ အခြေအနေများကို ဖော်ပြနိုင်ရန်၊ ကိုဗစ်-၁၉ စစ်ဆေးချက်ရလဒ်ကို ဖော်ပြနိုင်ရန် သို့မဟုတ် ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာခြင်း ရှိ၊ မရှိ ဖော်ပြနိုင်ရန်အတွက် ဒစ်ဂျစ်တယ်ကျန်းမာရေးထောက်ခံချက်ရရှိစေရန် ခွင့်ပြုပေးမည်ဖြစ်သည်။

အဆိုပါ အခမဲ့ ကိုဗစ်-၁၉ ထောက်ခံချက်သည် ဖုန်းသို့မဟုတ် စာရွက်ပေါ်ရှိ ကျူအာကုတ်ပုံစံကို ရယူမည်ဖြစ်ပြီး သက်ဆိုင်ရာ အာဏာပိုင်များကို အီးယူအုပ်စုဝင် မိခင်နိုင်ငံ၏ မှတ်တမ်းမှတ်ရာများကို အခြေခံကာ ခရီးသွားသူ၏ အချက်အလက်များကို ခွဲခြားစေနိုင်မည်ဖြစ်သည်။

ဘူလ်ဂေးရီးယား၊ ခရိုအေးရှား၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ ဂျာမနီ၊ ဂရိနှင့် ပိုလန်နိုင်ငံတို့ အပါအဝင် အီးယူအဖွဲ့ဝင်နိုင်ငံ အတော်များများသည် အဆိုပါစနစ်ကို အသုံးပြုလျက်ရှိသည်။

အဆိုပါ ခရီးသွားခွင့်ပြုချက်အသစ်သည် ဇူလိုင် ၁ ရက်မှစကာ တရားဝင်လာမည်ဖြစ်ပြီး ၁၂ လအထိ ကြာမြင့်မည်ဖြစ်သည်။ ယင်းကို ခရီးသွားအထောက်အထားတစ်ခုအဖြစ် မှတ်ယူ၍ မရနိုင်သလို လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်မည့် ကြိုတင်ခွင့်ပြုချက်တစ်ခုအဖြစ် မှတ်ယူ၍လည်း ရမည်မဟုတ်ကြောင်း သိရသည်။ ဆင်ဟွာ

## နိုင်ငံတကာသတင်းတိုများ

### တောင်အာဖရိကအမျိုးသမီးတစ်ဦး ကလေး ၁၀ မွှာပူးမွေး

တောင်အာဖရိက အမျိုးသမီးတစ်ဦးသည် ဒေသဆေးရုံတစ်ခု၌ ဇွန် ၇ ရက် ညက ကလေး ၁၀ မွှာပူး မွေးဖွားခဲ့ကြောင်း ၎င်း၏မိသားစုနှင့် ဒေသအစိုးရက ဇွန် ၉ ရက်တွင် ပြောကြားသည်။

မွေးကင်းစ ယောကျာ်းလေး ခုနစ်ဦးနှင့် မိန်းကလေး သုံးဦးတို့သည် ကျန်းမာရေးကောင်းမွန်သည်အထိ ဆေးရုံတွင် နေထိုင်သွားမည်ဖြစ်ကြောင်းနှင့် မိခင်ဖြစ်သူလည်း ကျန်းမာရေးကောင်းမွန်ကြောင်း သိရသည်။

အီခါဟူလနီ မြို့တော်အုပ်ချုပ်ရေးမှူး အမ်ဇဝမ်ဒယ်မက်ဆီနာက ၁၀ မွှာပူးမွေးခဲ့သည့် မိသားစုကို တွေ့ရှိခဲ့ကြောင်း၊ ကလေးများမှာ ကျန်းမာရေးကောင်းမွန်ကြောင်းနှင့် မိမိ၏ဝန်ထမ်းများသည်လည်း လိုအပ်သည်များကူညီလျက်ရှိကြောင်း တွစ်တာတွင်ဖော်ပြထားသည်။

တစ်ကြိမ်တည်း ကလေးအများကြီးမွေးသည့် ကမ္ဘာ့မှတ်တမ်းတွင် လွန်ခဲ့သောလက ကိုးမွှာပူးမွေးခဲ့သည့် မာလီမှ အသက် ၂၅ နှစ်အရွယ် အမျိုးသမီးကို ကလေးအများဆုံးမွေးသူအဖြစ် ဖော်ပြထားရာ ယခု တောင်အာဖရိကမှ အသက် ၃၇ နှစ်ရှိ အမျိုးသမီးသည် အဆိုပါ မှတ်တမ်းကို ကျော်လွန်သွားပြီဖြစ်သည်။ ဆင်ဟွာ

### မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၆၇၁ ဦးရှိလာ


မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၆၇၁ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၃၉၅၆၂ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၉ ရက်တွင် သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက ကိုဗစ်-၁၉ ကူးစက်သူ ရှစ်ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၅၆၆၃ ဦးမှာ ပြည်တွင်းကူးစက်သူများဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၇၃ ဦး ထပ်မံသေဆုံးခဲ့ရာ စုစုပေါင်း သေဆုံးသူ ၃၆၈၄ ဦးအထိ ရှိလာခဲ့သည်။

ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၇၃၂၅ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ဆေးရုံမှဆင်းလာသူ ၅၅၆၀၃၀ သို့မဟုတ် ၈၆ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။ ဆင်ဟွာ

# ကမ္ဘာတစ်ဝန်း ကလေးလုပ်သားအရေအတွက် သန်း ၁၆၀ အထိမြင့်တက်လာ



အာဖဂန်တွင် အုတ်စီနေသော ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

**ဂျီနီဗာ ဇွန် ၁၀**

ကမ္ဘာတစ်ဝန်း ကလေးလုပ်သားအရေအတွက် သန်း ၁၆၀ အထိမြင့်တက်လာကြောင်းနှင့် အဆိုပါပမာဏသည် လွန်ခဲ့သော လေးနှစ်ကနှင့် နှိုင်းယှဉ်လျှင် ၈ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် သန်းနှင့်ချီသည့် ကလေးများ ပိုမိုအန္တရာယ်ရှိလာကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့၏ ဇွန် ၉ ရက်က ထုတ်ပြန်လိုက်သော အစီရင်ခံစာအရ သိရသည်။

ဇွန် ၁၂ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကလေးလုပ်သားဆန့်ကျင်နေ့မတိုင်မီ ထုတ်ပြန်လိုက်သော ကလေးလုပ်သား၊ ၂၀၂၀ ကမ္ဘာ့ခန့်မှန်းချက်၊ လားရာများနှင့်ရှေ့လမ်းကြောင်းများဟု အမည်ပေးထားသည့် အဆိုပါ အစီရင်ခံစာက နှစ် ၂၀အတွင်း ပထမဆုံးအကြိမ်အဖြစ် တန့်နေသည့် ကလေးလုပ်သားအင်အားတိုးတက်ပြောင်းလဲလာခြင်းကို အဆုံးသတ်ရန် သတိပေးထားသည်။

အဆိုပါအစီရင်ခံစာက ကလေးလုပ်သားကဏ္ဍတွင် အသက် ငါးနှစ်မှ ၁၁ နှစ်ကြား ကလေးလုပ်သားအရေအတွက် မြင့်တက်လာခြင်းကို အသားပေးဖော်ပြထားသည်။ အဆိုပါပမာဏသည် ယခုအခါ ကမ္ဘာ့စုစုပေါင်းကလေးအရေအတွက်၏ ထက်ဝက်ကျော်ခန့် နီးပါးရှိသည်။ အသက်ငါးနှစ်မှ ၁၇ နှစ်ကြား ကလေးများသည် အန္တရာယ်များသော အလုပ်များတွင် လုပ်ကိုင်နေကြရသည်။ ၎င်းတို့ လုပ်ကိုင်နေရသောအလုပ်များသည် ၎င်းတို့၏ ကျန်းမာရေးကို ထိခိုက်စေခြင်း၊ လုံခြုံရေး သို့မဟုတ် ကိုယ်ကျင့်သိက္ခာကို ထိခိုက်စေသော အလုပ်များဖြစ်သည်။ အဆိုပါပမာဏသည် ၂၀၁၆ ခုနှစ်မှစကာ ၆ ဒသမ ၅ သန်းမှ ၇၉ သန်းအထိတိုးလာသည်။

ခန့်မှန်းချက်အသစ်များက မိမိတို့ကို အိပ်မက်မှ နိုးထသက်ဝင်စေကြောင်း၊ အနာဂတ်မျိုးဆက်သစ် ကလေးငယ်များ အန္တရာယ်ကျရောက်နေသည်ကို မိမိတို့သည်းခံသွားမည်မဟုတ်ကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဂိုင်ရိုင်ဒါက ပြောသည်။ ဆင်ဟွာ

# ကာကွယ်ဆေးအပြည့်ထိုးပြီးသား ခရီးသွားများအတွက် စပိန်နိုင်ငံ၏ နယ်စပ်တံခါးများ ဖွင့်ပေး

*ကေကေစိုး*

**စပိန်နိုင်ငံသည် ဇွန် ၇ ရက်မှစတင်ကာ ကမ္ဘာအနှံ့မှ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသား ခရီးသွားများကို စပိန်နိုင်ငံအတွင်းသို့ ဝင်ခွင့်ပေးလိုက်ပြီဖြစ်သည်။ ကာကွယ်ဆေးထိုးပြီးသားသူများအတွက် ၎င်းတို့၏ နယ်စပ်တံခါးများကို ဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။ စပိန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါ ရိုက်ခတ်မှု အခြေအနေကြောင့် ဆိုးဆိုးရွားရွားထိခိုက်ခဲ့ရသည်။**



## ခရီးသွားများပြန်လည်ဝင်ရောက်ရေးမျှော်မှန်းထား

ယခုလို ကာကွယ်ဆေးထိုးပြီးသူများအတွက် နယ်စပ်တံခါးများ ဖွင့်ခွင့်ပေးလိုက်ခြင်းဖြင့် ကျဆင်းနေသည့် ခရီးသွားလုပ်ငန်းအတွက် ကူကယ်ရာရောက်မည့်အပြင် ခရီးသွားများ ပြန်လည်ဝင်ရောက်လာမည်ဟုလည်း မျှော်မှန်းထားကြသည်။ စပိန်နိုင်ငံသည် ခရီးသွားရန် လုံခြုံ စိတ်ချရသည့် နေရာကောင်းဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီး ကာရို လိုင်းနား ဒါရီရက်စ်က ပြောသည်။ ထို့ပြင် ခရီးသွားလုပ်ငန်းတွင် ဦးဆောင်သူနေရာမှလည်း ပါဝင်လာနိုင်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

## အန္တရာယ်ရှိသည့်စာရင်းတွင် ထည့်ထားဆဲ

ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်စလုံး အပြည့်ကာကွယ်ဆေး မထိုးရသေးသည့် ဥရောပနိုင်ငံသားများသည်လည်း ၇၂နာရီအတွင်း ဆေးစစ်ထားသည့် ကိုဗစ်-၁၉ ကင်းစင်ကြောင်းဆေးလက်မှတ်ဖြင့် စပိန်နိုင်ငံအတွင်းသို့ လက်တလောဝင်ရောက်ခွင့် ရထားသည်။ အဆိုပါလူများသည်လည်း အင်တီဂျင် ဆေးစစ်မှုဖြင့် ဇွန် ၇ ရက်မှစတင်ကာ ဝင်ခွင့်ပေးထားသည်။ သို့သော်လည်း စပိန်နိုင်ငံအတွက် အကြီးမားဆုံး ခရီးသွားဈေးကွက်ရှိသည့် ဗြိတိန်နိုင်ငံကမူ ယခုအချိန်အထိ စပိန်နိုင်ငံကို ခရီးသွားလာရန် အန္တရာယ်ရှိသည့်နိုင်ငံစာရင်းတွင် ထည့်သွင်းထားဆဲဖြစ်သည်။

## မျှော်လင့်ထားဆဲဖြစ်

ဆိုလိုသည်မှာ စပိန်နိုင်ငံသို့သွားရောက်ကြသည့် ဗြိတိန်နိုင်ငံသားများအနေဖြင့် ခရီးမှပြန်လာလျှင် အသွားအလာစောင့်ကြည့် ကန့်သတ်မှုခံရမည်ဖြစ်ပြီး ကုန်ကျစရိတ်များပြားသည့် ကိုဗစ်-၁၉ ဆေးစစ်မှုကိုလည်း ခံယူရမည်ဖြစ်သည်။ စပိန်နိုင်ငံ၏ ခရီးသွားလာမှုကဏ္ဍတွင် ဗြိတိန်နိုင်ငံသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ ဗြိတိန်နိုင်ငံသားများ စပိန်နိုင်ငံသို့ ပုံမှန်အားဖြင့် ခရီးသွားလေ့ရှိကြသည်။ ၂၀၁၉ ခုနှစ်တွင် စပိန်နိုင်ငံသို့ ရောက်ရှိလာသည့် ခရီးသွား ၈၃ ဒသမ ၅ သန်းအနက် ငါးပုံ ပုံလျှင် တစ်ပုံမှာ ဗြိတိန်နိုင်ငံမှ လာရောက်ကြသူများဖြစ်သည်။ စပိန်နိုင်ငံသည် နယ်စပ်တံခါးများ ဖွင့်ပေးပြီးနောက် နွေရာသီအားလပ်ရက်ကာလအတွင်း ခရီးသွားများ နိုင်ငံအတွင်းသို့ အမြောက်အမြား ဝင်ရောက်လာရေးအတွက် မျှော်လင့်ထားဆဲဖြစ်သည်။

## ခရီးသွားဈေးကွက်ကြီးဖြစ်

စပိန်ခရီးသွားသမဂ္ဂဥက္ကဋ္ဌ ဖြစ်သူ ဟိုစေး လူအစ်ပရီယက်တိုကမူ ခရီးသွားကဏ္ဍ ရှင်သန်ရေးအတွက် မျှော်လင့်ထားသည်ဟု ပြောသည်။ ပြီးခဲ့သည့် သီတင်းပတ်အနည်းငယ်အတွင်း ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့မှ ခရီးသွားအော်ပရေတာများသည် စပိန်နိုင်ငံသို့ စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့ကြသည်ဟု ၎င်းက ပြောသည်။ အဆိုပါ သုံးနိုင်ငံသည် စပိန်နိုင်ငံအတွက် အဓိကကြီးမားသော ခရီးသွားဈေးကွက်ကြီးလည်း ဖြစ်သည်။ နိုင်ငံတစ်လွှားဟိုတယ်နှင့် စားသောက်ဆိုင်များသည်လည်း လပေါင်းများစွာ ပိတ်ထားရပြီးနောက် ယခုအခါတွင် ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်သည်။

## ပြန်လည်လက်ခံသွားမည်

လေကြောင်းလိုင်းများသည်လည်း ၎င်းတို့၏ ခရီးစဉ်များကို ပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်သည်။ မလာဂါလေဆိပ်တွင် ဇွန် ၇ ရက်က လေယာဉ်အစင်း ၂၀ ပြေးဆွဲခဲ့ပြီး ဘာလင်၊ လန်ဒန်တို့ အပါအဝင် ဥရောပခရီးစဉ်များ ပြေးဆွဲကြခြင်းဖြစ်သည်။ ထို့ပြင် စပိန်နိုင်ငံသည် ပင်လယ်အပျော်စီးသင်္ဘောကြီးများ ဆိပ်ကမ်းတွင် ရပ်နားမှုကိုလည်း ပြန်လည်လက်ခံသွားတော့မည်ဖြစ်သည်။ ဗြိတိန်နိုင်ငံက စပိန်နိုင်ငံကို ခရီးသွားလာရန် အန္တရာယ်များသည့်အဆင့်တွင် ထားရှိခြင်းကို စိတ်ပျက်မိသည်ဟု ကျန်းမာရေးဝန်ကြီးက ပြောသည်။

## ကြိုးပမ်းလျက်ရှိ

စပိန်နိုင်ငံသည် ဗြိတိန်ခရီးသွားများကို ၎င်းတို့၏ ကမ်းခြေများသို့ လာရောက်ရန် ဆွဲဆောင်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ မေလနှောင်းပိုင်းမှစတင်ကာ ပီစီအာစစ်ဆေးချက် ပြသရန် မလိုဘဲ လာရောက်နိုင်သည်အထိ ခွင့်ပြုပေးထားသည်။ စပိန်နိုင်ငံကို လုံခြုံစိတ်ချရသည့် နိုင်ငံစာရင်းသို့ ထည့်သွင်းခြင်းမပြုရန် ဗြိတိန်နိုင်ငံ၏ ဆုံးဖြတ်ချက်ကို နားမလည်ဟုလည်း စပိန်ခရီးသွားလာရေးဝန်ကြီးက ပြောသည်။ စပိန်နိုင်ငံ၏ အချို့သောနေရာများတွင် ကိုဗစ်-၁၉ ကူးစက်မှုမှာကျဆင်းနေပြီး ကနေရီကျွန်းတွင်လည်း ကူးစက်မှုမှာ သိသိသာသာကျဆင်းနေပြီဖြစ်သည်ဟု ၎င်းက ပြောသည်။

## ပြင်ဆင်သုံးသပ်ခြင်းပြုမည်မဟုတ်

ဗြိတိန်နိုင်ငံသည် လာမည့်သီတင်းသုံးပတ်အတွင်း ၎င်းတို့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်သုံးသပ်ခြင်းပြုမည် မဟုတ်ပေ။ ၂၀၂၀ ပြည့်နှစ်အတွင်း စီးပွားရေးလုပ်ငန်းများထိခိုက်ရပြီး ခရီးသွားကဏ္ဍ ပြန်လည်နာလန်ထူနိုင်ရေးအတွက်လည်း တန်ဖိုးရှိသည့်အချိန်များ ဖြစ်သည်။ စပိန်နိုင်ငံသည်ခရီးသွားကဏ္ဍကို မှီခိုနေရသည့်နိုင်ငံဖြစ်ပြီး ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်ရသည့် ဥရောပနိုင်ငံများထဲတွင် တစ်နိုင်ငံလည်းဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါရိုက်ခတ်မှုကြောင့် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံ၏ ဂျီဒီပီမှာ ၁၀ ဒသမ ၈ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရသည်။

## ရည်မှန်းချက်ချထား

၂၀၂၀ ပြည့်နှစ်တွင် စပိန်နိုင်ငံသို့ ဝင်ရောက်လာသည့်နိုင်ငံခြားသား ခရီးသည်အရေအတွက်မှာ ယခင်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၇၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရသည်။ ကပ်ရောဂါကူးစက်မှုအခြေအနေများကြောင့် ဧမ်ခံခရီးသွားလုပ်ငန်းကို ကန့်သတ်ခဲ့ရပြီး ခရီးသွားအရေအတွက်မှာ ၁၉ သန်းအထိ ကျဆင်းခဲ့ရသည်။ စပိန်အစိုးရသည် ယခုနှစ် နှစ်ကုန်ပိုင်းတွင် ခရီးသွား ၄၅ သန်းကို ဆွဲဆောင်နိုင်ရေးအတွက် ရည်မှန်းချက်ချမှတ်ထားသည်။ သို့သော်လည်း ဧပြီလကုန်ပိုင်းတွင် တိုင်းပြည်အတွင်းသို့ လာရောက်လည်ပတ်သူ ၁ ဒသမ ၈ သန်းသာရှိသေးသည်ဟု တရားဝင်ထုတ်ပြန်သည့်စာရင်းဇယားများအရ သိရသည်။

## ၇၄ ရာခိုင်နှုန်းကျဆင်း

ကမ္ဘာပေါ်တွင် ခရီးသွားလုပ်ငန်းမှာ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှု အများဆုံး လုပ်ငန်းဖြစ်ပြီး ကုလသမဂ္ဂခရီးသွားလာမှုဆိုင်ရာ အဖွဲ့ကြီး၏ ပြောကြားချက်အရ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၂၀ ပြည့်နှစ်၌ ခရီးသွားလာမှု ၇၄ ရာခိုင်နှုန်းကျဆင်းခဲ့ရသည်ဟု သိရသည်။

**ဗြိတိန်နိုင်ငံသားများ စပိန်နိုင်ငံသို့ ပုံမှန်အားဖြင့် ခရီးသွားလေ့ရှိကြသည်။ ၂၀၁၉ ခုနှစ်တွင် စပိန်နိုင်ငံသို့ ရောက်ရှိလာသည့် ခရီးသွား ၈၃ ဒသမ ၅ သန်းအနက် ငါးပုံ ပုံလျှင် တစ်ပုံမှာ ဗြိတိန်နိုင်ငံမှ လာရောက်ကြသူများဖြစ်သည်။ စပိန်နိုင်ငံသည် နယ်စပ်တံခါးများ ဖွင့်ပေးပြီးနောက် နွေရာသီအားလပ်ရက်ကာလအတွင်း ခရီးသွားများ နိုင်ငံအတွင်းသို့ အမြောက်အမြား ဝင်ရောက်လာရေးအတွက် မျှော်လင့်ထားဆဲဖြစ်**

ကိုးကား - အေအက်ဖ်ပီ

# COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၆၁ ဦးတွေ့ရှိ ထပ်မံသေဆုံးသူ ၄ ဦးရှိ

**(၁၀-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၉-၆-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၀-၆-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(၂,၃၄၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်(၁၆၁)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း(၂,၆၃၉,၁၃၈) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၄,၈၇၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၆၉၀) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၃၇) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၀-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၂၉၀) ခု | (၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၃၈) ခု | (၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉၉) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၃၆) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၇၅) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ ရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၄၅) ခု | (၆၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၅၈) ခု | (၇၁) ဦး |
| စုစုပေါင်း | (၂,၃၄၇) ခု | (၁၆၁) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းလေးသောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇွန် ၁၀**
တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍမြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များစုစည်း၍ ဒေသခံ ပြည်သူလူထုအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**နေ့ညမပြတ် ဆောင်ရွက်**

၎င်းအပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက် ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၄၀၆၀၇ ဦးနှင့် အတွင်း လူနာပေါင်း ၇၁၄၀၄ ဦး တို့ကို ကုသပေးနိုင်ခဲ့သည်။

**အထူးကြပ်မတ်ကုသ**

၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၁၁၁၈၃ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၅၇၈၅ ဦး စုစုပေါင်း ၁၆၉၆၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၅၇၀၂ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၂၇၃ ဦးကို သာမန်ဖြင့် လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၃၉၇၅ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြင်ဦးလွင်တပ်မတော်ဆေးရုံ၌ ပြည်သူများအား ဆေးဝါးကုသပေးစဉ်။

**၁၀ - ၆ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ**

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၂၆၅၂၅၀ | ၂၈၂၅၄၃၄၁ | ၆၁၃၅၀၆ |
| ၂။ | အိန္ဒိယ | ၂၉၂၀၄၀၆၆ | ၂၇၆၈၁၃၀၈ | ၃၆၀၀၇၈ |
| ၃။ | ဘရာဇီး | ၁၇၁၂၅၃၅၇ | ၁၅၅၉၆၈၁၆ | ၄၇၉၇၉၁ |
| ၄။ | ပြင်သစ် | ၅၇၂၅၄၉၂ | ၅၄၅၈၃၄၉ | ၁၁၀၂၀၂ |
| ၅။ | တူရကီ | ၅၃၀၆၆၉၀ | ၅၁၇၉၈၃၃ | ၄၈၄၂၈ |
| ၆။ | ရုရှား | ၅၁၆၇၉၄၉ | ၄၇၇၁၉၉၅ | ၁၂၅၂၇၈ |
| ၇။ | ဗြိတိန် | ၄၅၃၅၇၃၄ | ၄၂၈၁၆၂၇ | ၁၂၇၈၆၀ |
| ၈။ | အီတလီ | ၄၂၃၇၇၉၀ | ၃၉၃၆၀၈၈ | ၁၂၆၇၆၇ |
| ၉။ | အာဂျင်တီးနား | ၄၀၃၈၅၂၈ | ၃၆၀၈၈၉၅ | ၈၃၂၇၂ |
| ၁၀။ | ဂျာမနီ | ၃၇၁၆၆၁၅ | ၃၅၆၃၈၀၀ | ၉၀၂၀၀ |

**အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်**
**၁၀ - ၆ - ၂၀၂၁**


| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၈၈၅၉၄၂ | ၁၇၂၈၉၁၄ | ၅၂၃၇၃ |
| ဖိလစ်ပိုင် | ၁၂၉၃၆၈၇ | ၁၂၁၄၄၅၄ | ၂၂၃၁၂ |
| မလေးရှား | ၆၃၉၅၆၂ | ၅၅၆၀၃၀ | ၃၆၈၄ |
| ထိုင်း | ၁၈၇၅၃၈ | ၁၃၉၂၈၇ | ၁၃၇၅ |
| မြန်မာ | ၁၄၄၈၇၆ | ၁၃၂၆၉၀ | ၃၂၃၇ |
| စင်ကာပူ | ၆၂၂၃၆ | ၆၁၇၄၀ | ၃၄ |
| ကမ္ဘောဒီးယား | ၃၆၆၆၆ | ၂၉၈၀၇ | ၃၀၀ |
| ဗီယက်နမ် | ၉၇၈၄ | ၃၇၀၈ | ၅၅ |
| လာအို | ၁၉၇၅ | ၁၈၀၇ | ၃ |
| ဘရူနိုင်း | ၂၄၆ | ၂၃၁ | ၃ |

# အကြမ်းဖက်လုပ်ရပ်များကို အချိန်မီဟန့်တားနိုင်ရေးအတွက် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရာတွင် ပူးပေါင်းဆောင်ရွက်ပေးကြရန် မိဘပြည်သူများထံသို့ မေတ္တာရပ်ခံပန်ကြားချက်

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် သွေးထိုးလှုံ့ဆော်နေသူများနှင့် အကြမ်းဖက်အဖျက်သမားများက အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့အုပ်စုဖွဲ့၍ ရက်စက်စွာအကြမ်းဖက်သတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများ အပါအဝင် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများအား ဗုံးခွဲတိုက်ခိုက်ခြင်း၊ အစိုးရအုပ်ချုပ်ရေးယန္တရားကိုပျက်ပြားစေရန် အုပ်ချုပ်ရေးမှူးရုံးများနှင့် အစိုးရရုံးဌာနများအား မီးရှို့ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်အဖျက်လုပ်ရပ်များကို ပြုလုပ်လျက်ရှိပါသည်။ အဆိုပါ အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်လာရသည့် အခြေခံအကြောင်းရင်းများမှာ အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်ထားသော မတရားအသင်းဖြစ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) နှင့် အစွန်းရောက် NLD ပါတီဝင်များ၊ ဝန်းရံထောက်ခံသူများက နောက်ကွယ်မှ ကြိုးကိုင်စီမံခြင်း၊ ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခြင်းတို့အပြင် စိတ်ခံစားလွယ်သော လူငယ်လူရွယ်များအား စည်းရုံးစေခိုင်းခြင်းနှင့် လူမိုက်လူရမ်းကားများအား အခကြေးငွေပေး၍ စေခိုင်းခြင်းများကြောင့် ဖြစ်ပေါ်နေရခြင်းဖြစ်သည်ကို ၎င်းတို့လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်မှု ဖြစ်စဉ်များအရလည်းကောင်း၊ အကြမ်းဖက်ဖောက်ခွဲမှု ပြုလုပ်ရန်လက်လုပ်ဗုံးများတပ်ဆင်စဉ် ပေါက်ကွဲမှုဖြစ်စဉ်များအရလည်းကောင်း၊ ဖမ်းဆီးရမိထားသည့် ဖောက်ခွဲဖျက်ဆီးမှု ကျူးလွန်သူတရားခံများ၏ ထွက်ဆိုချက်များအရလည်းကောင်း စိစစ်ဖော်ထုတ်တွေ့ရှိရပါသည်။

အထူးသဖြင့် CRPH၊ NUG၊ PDF အကြမ်းဖက်အဖွဲ့အစည်းများ၏ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်မှုများကို အစွန်းရောက် NLD ပါတီဝင်များ၊ ဝန်းရံထောက်ခံသူများ၊ NLD လော်ဘီ (Lobbyist)များက လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ထပ်ဆင့်လှုံ့ဆော်မှုများပြုလုပ်သောကြောင့် မီးရှို့ဖောက်ခွဲဖျက်ဆီးမှုများ၊ အနိုင်ကျင့်သတ်ဖြတ်မှုများကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ ပိုမိုဖြစ်ပွားခဲ့ကြောင်းတွေ့ရှိရပါသည်။ ထိုကဲ့သို့ အကြမ်းဖက်အဖျက်လုပ်ရပ်များ လုပ်ဆောင်ရန် စီစဉ်ခြင်းနှင့် စေခိုင်းခြင်းများကို လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ပြောင်ပြောင်တင်းတင်း လုပ်ဆောင်ခြင်းသည် ၎င်းတို့ကိုယ်တိုင် အကြမ်းဖက်သမားများဖြစ်ကြောင်း သက်သေပြလျက်ရှိပါသည်။ အကြမ်းဖက်အဖျက်လုပ်ရပ်များဖြစ်ပေါ်လာစေရန် လူမှုကွန်ရက်စာမျက်နှာ၌ အစွန်းရောက် NLD ပါတီဝင်များ၊ ဝန်းရံထောက်ခံသူများ၊ NLD လော်ဘီ(Lobbyist) များ၏ လှုံ့ဆော်ထားသော Facebook Post အချို့ကို အောက်ပါအတိုင်း မြင်တွေ့ရပါသည်–

**နိုင်ငံအတွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် အကြမ်းဖက်အဖျက်လုပ်ရပ်များလုပ်ဆောင်ရန် ပြောင်ပြောင်တင်းတင်း လှုံ့ဆော်ထားသော Facebook Post များ**









ကမ္ဘာပေါ်ရှိ ဒီမိုကရေစီနိုင်ငံတိုင်းတွင် အစိုးရတစ်ရပ်အားမကျေနပ်၍ ဒီမိုကရေစီယဉ်ကျေးမှုအရ ဆန္ဒပြမှုများရှိသော်လည်း အများပြည်သူပိုင်ပစ္စည်းများ၊ စီးပွားရေးအဆောက်အအုံများ၊ စာသင်ကျောင်းများကို အကြမ်းဖက်ဖျက်ဆီးမှုများ လုပ်ဆောင်လေ့မရှိပေ။ ဒီမိုကရေစီ၏ အနှစ်သာရအရ မတူကွဲပြားမှုများရှိလာပါက အများသဘောတူညီချက်ကို လိုက်ပါလုပ်ဆောင်ခြင်းဖြစ်ပြီး အနည်းစု၏သဘောထားကိုလည်း လေးစားလိုက်နာရမည်ဖြစ်သော်လည်း “ငါနှင့်မတူ၊ ငါ့ရန်သူ” အယူအဆဖြင့် အုပ်စုဖွဲ့ အနိုင်ကျင့်ကာ ရက်စက်စွာ သတ်ဖြတ်ခြင်းများသည် ဒီမိုကရေစီစံနှုန်းများနှင့် ဆန့်ကျင်သောလုပ်ရပ်များဖြစ်ပါသည်။

ထို့ပြင် အစိုးရအုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ မြို့ရွာများမတည်မငြိမ်ဖြစ်စေရန်နှင့် အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအကြား ထိတ်လန့်ကြောက်ရွံ့မှုများဖြစ်စေရန် ရည်ရွယ်၍ အုပ်ချုပ်ရေးမှူးရုံးများ၊ စာသင်ကျောင်းများအား အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ အုပ်ချုပ်ရေးမှူးများအပါအဝင် နိုင်ငံ့ဝန်ထမ်းများ၊ အခြားနိုင်ငံရေးပါတီဝင်များအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လူအုပ်စုဖြင့်အနိုင်ကျင့်သတ်ဖြတ်ခြင်းတို့သည် ဒီမိုကရေစီစနစ်နှင့်သွေဖည်သည့် အကြမ်းဖက်လုပ်ရပ်များဖြစ်ပါသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*


အထူးသဖြင့် အစွန်းရောက် NLD ပါတီဝင်များ၊ ဝန်းရံထောက်ခံသူများ၊ NLD လော်ဘီ (Lobbyist) များ၏ ကျောင်းသား ကျောင်းသူကလေးသူငယ်များအား ကျောင်းမတက်ရေး ခြိမ်းခြောက်ပြောဆိုမှုသည် မိမိတို့နိုင်ငံတွင် ပညာတတ်များပေါ်များလာမည်ကို မလိုလားဘဲ မိဘပြည်သူများဒုက္ခရောက်အောင် တမင်သက်သက် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေခြင်းပင် ဖြစ်ပါသည်။ စာသင်ကျောင်းများ မီးရှို့ခြင်း၊ ဆရာ ဆရာမများအား CDM လုပ်ရန် အတင်းအကျပ်ဖိအားပေးခြင်း၊ Non-CDM ဆရာ ဆရာမများအား တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ကျောင်းသား ကျောင်းသူများအား ခြိမ်းခြောက်ပြောဆိုခြင်းများသည် တိုင်းပြည်၏အနာဂတ်အား ဖျက်ဆီးသည့် ဆိုးရွားသော လုပ်ဆောင်ချက်များသာဖြစ်ပြီး မိမိတို့နိုင်ငံတွင်သာမက နိုင်ငံတကာမှာပင် လုံးဝ (လုံးဝ) လက်မခံနိုင်သော အဖျက်လုပ်ရပ်များသာဖြစ်သည်။

သို့ဖြစ်၍ ဒီမိုကရေစီနှင့်ဆန့်ကျင်ဘက် အကြမ်းဖက်အဖျက်လုပ်ရပ်များအား လုပ်ဆောင်ရန် သွေးထိုးလှုံ့ဆော်စီစဉ်လုပ်ကိုင်ဆောင်ရွက်နေသည့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)တို့သည် မြို့၊ ရွာအချို့၌ ဗုံးခွဲခြင်း၊ လက်လုပ်မိုင်း၊ လက်လုပ်ဗုံးများဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းတို့ကို ကိုယ်တိုင်လုပ်ဆောင်ခဲ့ခြင်း၊ ကျူးလွန်ရန်အားပေးကူညီလှုံ့ဆော်ခဲ့ခြင်းနှင့် ကျူးလွန်ရန် အားထုတ်ခြင်းတို့အတွက် နိုင်ငံတော်အစိုးရက မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂)နှင့် ပုဒ်မ ၁၆ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မတရားအသင်းအဖြစ်ကြေညာထားပြီး မေ ၈ ရက်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆၊ ပုဒ်မ ခွဲ (င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားပြီး ဖြစ်ပါသည်။

ယခုအခါ အကြမ်းဖက်မှုကို မလိုလားသော အေးချမ်းစွာနေထိုင်လိုသည့် တာဝန်သိပြည်သူလူထု၏ သတင်းပေးမှုကြောင့် မီးရှို့သူအဖျက်သမားတရားခံ ၄၉ ဦး၊ လူသတ်မှုတရားခံ ၆၁ ဦး၊ တရားမဝင်လက်နက်ခဲယမ်းကိုင်ဆောင်သူတရားခံ ၂၅၆ ဦးနှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးတရားခံ ၂၇၂ ဦးတို့အား လက်နက်ငယ်အလက် ၅၀၊ ခဲယမ်းကျည်မျိုးစုံ ၂၅၀၂ တောင့်၊ လက်လုပ်သေနတ် ၉၁၄ လက်၊ လက်လုပ်မိုင်းနှင့်လက်လုပ်ဗုံး ၅၉၄၇ လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး အများပြည်သူပိုင်ပစ္စည်းများ၊ စီးပွားရေးအဆောက်အအုံများ၊ စာသင်ကျောင်းများအား ချိန်ကိုက်ဗုံးထောင်ခြင်း၊ လက်လုပ်မိုင်း၊ လက်လုပ်ဗုံးတို့ဖြင့် တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်အဖျက်လုပ်ရပ်များကို အချိန်မီဟန့်တားနိုင်ခဲ့ပါသည်။ သို့ဖြစ်၍ မိဘပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့များနှင့်ဆက်သွယ်ခြင်း၊ အထောက်အပံ့ပေးခြင်း တစ်စုံတစ်ရာမပြုလုပ်ရန်နှင့် ဆိုးရွားသည့်အကြမ်းဖက်လုပ်ရပ်များကို အချိန်မီတားဆီးနိုင်ရေးအတွက် အကြမ်းဖက်အဖွဲ့အစည်းများ၏ သတင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ဆောလျင်စွာ ပေးပို့၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားကြရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။



မြို့နယ်အချို့ရှိ စာသင်ကျောင်းများအားမီးရှို့ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံများ



မြို့နယ်အချို့ရှိ အုပ်ချုပ်ရေးမှူးရုံးများအားမီးရှို့ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံများ



အုပ်ချုပ်ရေးမှူးများသတ်ဖြတ်ခံရမှု မှတ်တမ်းဓာတ်ပုံများ



အပြစ်မဲ့အရပ်သားများ အုပ်စုဖွဲ့၍ အကြောင်းမဲ့ ရက်စက်စွာသတ်ဖြတ်မီးရှို့ခံရမှုနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ကျောင်းဆရာ၊ ဆရာမများ ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံများ



NLD ပါတီ အမတ်လောင်း သက်ဝင်းလှိုင် ဦးဆောင်မှုဖြင့် အကြမ်းဖက်ဗုံးထောင်ရန် ပြုလုပ်စဉ် ပေါက်ကွဲ၍ အကြမ်းဖက်သမား ၅ ဦး သေဆုံးမှုမှတ်တမ်း



NLD ပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဇော်မင်း၏ ငွေပေးစေခိုင်းချက်အရ လက်လုပ်ဗုံးထောင်ရန်သွားရောက်စဉ် အဆိုပါဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာဖြင့်ဖမ်းဆီးရမိခဲ့သည့် အကြမ်းဖက်ဖောက်ခွဲရေးသမား ဝေယံကျော်နှင့် ပါဝင်ပတ်သက်သူတစ်ဦးအား ဖမ်းဆီးရမိမှုမှတ်တမ်း



အကြမ်းဖက်ဖောက်ခွဲမှုပြုလုပ်ရန် လက်လုပ်ဗုံးတပ်ဆင်စဉ်ပေါက်ကွဲ၍ ဒဏ်ရာဖြင့်ဖမ်းဆီးရမိခဲ့သည့် (တရားခံ ဖိုးသော်၊ သက်ဦး) တရားခံများမှတ်တမ်း

❖ **တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။**

# ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေမည်

*မောင်အေးချမ်း*

**မန္တလေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအထက်ပိုင်း၏ ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင် အဓိကအားထားရာ တိုင်းဒေသကြီးဖြစ်သည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ခေတ်နှင့်လျော်ညီသည့် အခြေခံအဆောက်အအုံများဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ မြို့ပြနှင့်ကျေးလက်နေ ပြည်သူများ၏ လူနေမှုဘဝကွာဟမှု မရှိစေရေးအတွက် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်အလိုက်ရန်ပုံငွေများ လျာထားသတ်မှတ်ကာ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်း၊ တံတားများဆောက်လုပ်ခြင်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။**



ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်သည့် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပန်းလောင်မြစ်ကူးတံတား(ညောင်ဝန်း)ကို တွေ့ရစဉ်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စ၍ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ဖောက်လုပ်ခြင်း၊ တံတားများ အဆင့်မြှင့်တင် ဆောက်လုပ်ခြင်း လုပ်ငန်းများကို နှစ်စဉ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ စသည့် ရန်ပုံငွေသုံးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

### အဆင့်မြှင့်တင် ဖောက်လုပ်

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ခရိုင်ခုနစ်ခရိုင်၊ မြို့နယ် ၂၃ မြို့နယ်နှင့်ကျေးရွာ ၄၇၉၉ ရွာအတွင်းရှိ ကျေးလက်နေပြည်သူများ သွားလာရေးအဆင်ပြေစေရေးအတွက် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၂၅/၇ ဒသမ ၁၃ မိုင်၊ ကတ္တရာလမ်း ၃၄၃/၄ ဒသမ ၈၁ မိုင်၊ ကျောက်လမ်း ၁၄၁၉/၃ ဒသမ ၁၇ မိုင်၊ အမာခံလမ်း ၆၃၇/၁ ဒသမ ၉၁ မိုင်၊ မြေသားလမ်း ၂၈၉၈/၅ ဒသမ ၀၇ မိုင်ရှိခဲ့ရာမှ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ လေးနှစ်တာကာလအတွင်း ကွန်ကရစ်လမ်း ၅၄/၁ မိုင်၊ ကတ္တရာလမ်း ၅၅၃/၀ မိုင်၊ ကျောက်လမ်း ၁၂၇၄/၂ ဒသမ ၅ မိုင်၊ အမာခံလမ်း ၉၅၀/၅ ဒသမ ၉ မိုင်၊ မြေသားလမ်း ၂၄၇၉/၅ ဒသမ ၅၅ မိုင်အထိ ကျေးလက်လမ်းမိုင် စုစုပေါင်း ၅၃၁၁/၆ ဒသမ ၉၅ မိုင်အထိ အဆင့်မြှင့်တင် ဖောက်လုပ်ပေးနိုင်ခဲ့သည်။

### တံတားများ အဆင့်မြှင့်တင်

ထို့အတူ တံတားများ အဆင့်မြှင့်တင်တည်ဆောက်မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်တံတား ၃၁ စင်း၊ Box Culvert ၅၆ စင်း၊ ရေကျော် ၃၁ စင်းနှင့် အခြားလေးစင်း စုစုပေါင်း ၁၂၂ စင်းရှိခဲ့ရာမှ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်လေးနှစ်တာ ကာလအတွင်း၌ ကွန်ကရစ်တံတား ၁၂၄ စင်း၊ သစ်သားတံတား ၂၂ စင်း၊ Box Culvert ၂၉၄ စင်း၊ ရေကျော် ၉၄ စင်းနှင့် အခြား ၂၈ စင်း စုစုပေါင်း တံတားအရေအတွက် ၅၆၂ စင်းတို့ကို အဆင့်မြှင့်တင် တည်ဆောက်ပေးနိုင်ခဲ့ပြီး အဆိုပါ လမ်း၊ တံတား လုပ်ငန်းများအားလုံးအတွက် ရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၈၇၂၃၆ ဒသမ ၂၁၇၇ သန်း အကုန်အကျခံ သုံးစွဲ၍ ကျေးလက်နေပြည်သူများ ဆက်သွယ်သွားလာမှု အဆင်ပြေစေရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ကာ ဒေသဖွံ့ဖြိုးတိုးတက်စေရေး တို့အတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### နှစ်မျိုးနှစ်စား ခွဲခြားထား

"ကျေးလက်လမ်းတွေ ဖောက်လုပ်တဲ့နေရာမှာ ရာသီမရွေး သွားနိုင်တဲ့လမ်းနဲ့ ခြောက်သွေ့ရာသီမှာ သွားနိုင်တဲ့လမ်း ဆိုပြီး နှစ်မျိုးနှစ်စား ခွဲခြားထားတာ ရှိပါတယ်။ ရာသီမရွေး သွားနိုင်တဲ့လမ်းဆိုတာကတော့ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းနဲ့ ကျောက်လမ်းအဆင့်တို့ကို ဆိုလိုတာပါ။ ခြောက်သွေ့ရာသီမှာ သွားနိုင်တဲ့လမ်းဆိုတာက မြေသားလမ်းနဲ့ ဂျင်း၊ ဂဝံလမ်းတို့ကို ခေါ်တာပါ။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တုန်းကဆိုရင် ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်း ခြောက်သွေ့ရာသီမှာ သွားနိုင်တဲ့လမ်းက ၅၄ ရာခိုင်နှုန်း ရှိတယ်။ ရာသီမရွေး သွားနိုင်တဲ့လမ်းက ၄၆ ရာခိုင်နှုန်း ရှိတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာတော့ ခြောက်သွေ့ရာသီမှာ သွားနိုင်တဲ့ လမ်းက ၄၇ ရာခိုင်နှုန်းပဲ ကျန်တော့တယ်။ ရာသီမရွေး သွားနိုင်တဲ့လမ်းအနေနဲ့ ၄၆ ကနေ ၅၃ ရာခိုင်နှုန်းဖြစ်လာတယ်။ ၇ ရာခိုင်နှုန်း တက်သွားတယ်။ လက်ရှိအချိန်မှာ လွှမ်းခြုံပြီးပြောရမယ်ဆိုရင် မန္တလေးတိုင်းဒေသကြီးအတွင်းမှာ လမ်းမပေါက်သေးတဲ့ ကျေးရွာရယ်လို့တော့ မရှိတော့ပါဘူး" ဟု မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးက ပြောသည်။



ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်သည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မယ်တော်စုကျေးရွာမှ မြစ်ငယ်- ထုံးဘိုလမ်းကို ဆက်သွယ်ထားသည့် ကတ္တရာလမ်းပိုင်းကို တွေ့ရစဉ်။

### နှစ်စဉ်ရန်ပုံငွေများချမှတ်

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အတွင်း၌ ဌာနစတင်ဖွဲ့စည်းသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ယခုအချိန်အထိ ကျေးလက်နေ ပြည်သူများအတွက် အကျိုးပြုလမ်းများ မြန်ဆန်စွာ ပေါ်ထွက်လာစေရန် နှစ်စဉ်ရန်ပုံငွေများချမှတ်၍ လျာထားဆောင်ရွက်သည့်အပြင် မျှဝေခြင်းအစီအစဉ်ဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်တာ ကာလအတွင်း အမာခံလမ်း ၃၉၁ ဒသမ ၈၁၂၅၄ ကီလိုမီတာ၊ မြေသားလမ်း ၄၁၅ ဒသမ ၄၉၁၃၀ ကီလိုမီတာ စုစုပေါင်း ၈၀၇ ဒသမ ၃၀၃၈၄ ကီလိုမီတာကို ရန်ပုံငွေကျပ် ၁၂၁၉ ဒသမ ၈၃၁ သန်း အသုံးပြု၍ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်အရ ဌာနမှ စက်ယန္တရားကြီးများ အကူအညီ၊ နည်းပညာ အကူအညီများနှင့်အတူ စက်မောင်း၊ ယာဉ်မောင်းများကို လုပ်အားစရိတ်များ စိုက်ထုတ်သုံးစွဲပေးပြီး ကျေးရွာနေပြည်သူများက လမ်းမြေလှူဒါန်းခြင်းနှင့် စက်သုံးဆီ စိုက်ထုတ်ပေးခြင်းအစီအစဉ်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"မျှဝေခြင်းအစီအစဉ်ဆိုတာကတော့ ဌာနမှာ ယခင်ကဝယ်ယူထားတဲ့ စက်၊ ယာဉ်ယန္တရားမျိုးစုံ ၉၆ စင်း ရှိပါတယ်။ ဌာနက နည်းပညာ၊ စက်ယန္တရားတွေနဲ့ စက်မောင်း၊ ယာဉ်မောင်းတွေ ပံ့ပိုးပေး၊ စိုက်ထုတ်ပေးတယ်။ ရွာတွေက စက်သုံးဆီ စိုက်ထုတ်တယ်၊ စက်မောင်းယာဉ်မောင်းတွေအတွက် နေရာထိုင်ခင်းနဲ့ အကျွေးအမွေး စီစဉ်ဆောင်ရွက်ပေးတယ်။ ဒီလို ပြည်သူနဲ့ အစိုးရဌာနတို့ ပူးပေါင်းပြီး မျှဝေခြင်း အစီအစဉ်ကို လုပ်ဆောင်ကြတော့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီဖြစ်စေတဲ့ ကျေးရွာချင်းဆက်လမ်းတွေ ပိုမိုဖောက်လုပ်နိုင်ခဲ့ပါတယ်။ ဒါက ကျွန်တော်တို့ မန္တလေးတိုင်းတစ်ခုတည်းမှာသာ ဆောင်ရွက်နိုင်ခဲ့တဲ့ မျှဝေခြင်းအစီအစဉ်ဖြစ်ပါတယ်။ ဒီလို မျှဝေခြင်း အစီအစဉ်တွေကို အခြား ပြည်နယ်နဲ့ တိုင်းတွေမှာလည်း ဆောင်ရွက်နိုင်မယ်ဆိုရင် ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ ပိုမိုတိုးတက်မှု မြန်ဆန်လာမှာပါ" ဟု ၎င်းက အကြံပြု ပြောဆိုသည်။

### မျှဝေခြင်းအစီအစဉ်

ထိုသို့ မျှဝေခြင်းအစီအစဉ်ဖြင့် ကျေးလက်လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်ဘတ်ဂျက်ဖြင့် မြေသားလမ်းများ ဖောက်လုပ်ရာတွင် လုပ်ငန်းတင်ဒါစနစ်ဖြင့် ပျမ်းမျှဆောင်ရွက်မည်ဆိုပါက တစ်မိုင်လျှင် စံနှုန်းငွေကျပ် သိန်း ၃၅၀ ခန့် ကုန်ကျမည်ဖြစ်သော်လည်း ဌာန၏စက်ယန္တရားပံ့ပိုးကူညီမှုနှင့် ဒေသခံပြည်သူများကိုယ်တိုင် ပူးပေါင်းမျှဝေပါဝင်ကာ လမ်းမြေပေးအပ်ခြင်း၊ စက်သုံးဆီများ လှူဒါန်းမျှဝေခြင်းတို့ကြောင့် ဂဝံမြေသားလမ်းများ ဖောက်လုပ်ရာတွင် တစ်မိုင်လျှင် စံနှုန်းကုန်ကျစရိတ်မှာ ငွေကျပ် ၈၅ သိန်းခန့်အတွင်းသာ ကုန်ကျသဖြင့် ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခြင်းထက် ကုန်ကျစရိတ် လေးချိုးတစ်ချိုးဖြင့် ကျေးလက်နေပြည်သူများအတွက် အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်သော စံချိန်စံညွှန်း ပြည့်မီသည့် လမ်းများ အလျင်အမြန်တိုးတက်လာသည်။

ထို့ပြင် မျှဝေခြင်း အစီအစဉ်ဖြင့် တိုင်းဒေသကြီးအတွင်း လမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပထမအကြိမ် စက်ယန္တရားအစီး ၅၀ ဖြင့် ပျမ်းမျှ လေးလအတွင်း လမ်းပေါင်း ၂၆ လမ်း၊ လမ်းအရှည် ၈၁ မိုင်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကာ မိမိတို့ဒေသပိုင်

*စာမျက်နှာ ၂၁ သို့*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၆-၂၀၂၁ သောကြာနေ့

### MRTV

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပွဲပြီးတိုးတက်နေသည့်ခရီးသွားလုပ်ငန်းနှင့်မြန်မာပြည်တောင်ဘက်စွန်းကော့သောင်းမြို့
**၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၄၀** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဂေါ်ဝေညွန့်ရာ'** (အပိုင်း-၅၂)
**၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာသင်ခန်းစာများ **'ဇီဝဗေဒဘာသာရပ်'**
**၁၆:၃၅** သံတောင်မြို့အလှနှင့်ဘွဲ့တရင်တိုင်းရင်းသားတို့ရဲ့သဘာဝ
**၁၇:၂၀** NHK အစီအစဉ် **'ဂျပန်ရိုးရာလက်မှုပညာများ'**
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပေတ္တာလွန်ဆွဲပွဲ'** (အပိုင်း-၇၅) (ဇာတ်သိမ်း)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** **'ဝသန်မိုးရာသီ'** တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၂၂:၂၀** ပြည်သူ့နီတိ **'ကိုယ်စိအာသိစိတ်'**

### mitv

**07:27** Dhamma Set Taw (Sein Lei Lei)
**07:33** The Richly Blessed Gem Land (I)
**07:49** The Richly Blessed Gem Land (II)
**08:01** Chef Life "Oliver E Soe Thet"
**08:13** Shwe Maw Daw: The Glory Of Bago City (1)
**08:27** Shwe Maw Daw: The Glory Of Bago City (2)
**08:40** Dances of Myanmar: Tai Khun or Gon Traditional Dance
**08:44** Travelogue: Trekking Around Kalaw Township
**09:12** Rakhine The Land Of Sublime Pagodas (1)
**09:01** Discovering Tribes: Khamti Shan (Part-I)
**09:28** Talented Kid "Moe La Win"
**09:34** Buddha - Dhita (Buddhist Nuns)

### MRTV NK

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
မနောအလှ
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
တောင်တန်းမြေမှပွင့်သောပန်း
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကွမ်းသီးလုပ်ငန်း
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
သဘာဝပိကျောင်းများပျော်စံရာမိန်းမလှကျွန်း
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
နာနတ်သီးနှင့်ကျန်းမာရေး
**ချင်း (ချို) (၁၄:၀၀ မှ ၁၅:၀၀)**
နေပြည်တော်အထိမ်းအမှတ်ဥယျာဉ်ရှိချင်းရိုးရာအိမ်
**မွန် (၁၅:၀၀ မှ ၁၈:၀၀)**
မျစ်ချဉ်နဲ့ငါးရံ့ဟင်း
**ရခိုင် (၁၈:၀၀ မှ ၁၉:၀၀)**
နံ့ထဲကရွှေကြာ
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရွှေတြိဂံမြို့တော်
**ဝ (၂၁:၀၀ မှ ၂၂:၀၀)**
တန့်လန့်ကာနောက်ကွယ်ကအသံလှိုင်းများ

### MRTV Sports

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal


# အမှန်နှင့်အမှား၊ ဓမ္မနှင့် အဓမ္မ ပြည်သူတွေကွဲပြားကြဖို့ လိုပါပြီနှင့် အခြားဆောင်းပါးများ

နေပြည်တော် ဇွန် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် အမှန်နှင့်အမှား၊ ဓမ္မနှင့် အဓမ္မ ပြည်သူတွေကွဲပြားကြဖို့ လိုပါပြီနှင့် အခြားဆောင်းပါးများ ပါဝင်သည့် ဆောင်းပါးပေါင်းချုပ် စာအုပ်ထွက်ရှိလာသည်။

ယင်းစာအုပ်တွင် ကနောင်၊ မင်းပြည့်စုံ၊ ဒေါင်၊ ဘမောင်တိုး၊ ကိုထွန်းခင်၊ နေခြည်သွေး၊ မောင်သောမန၊ စွန်ရဲ၊ ကိုလူလှ၊ မောင်ပြည်ချစ်၊ ညိုချော အစရှိသည့် ကလောင်စုံရေးဖွဲ့ထားသည့် ဆောင်းပါး ၉၂ ပုဒ်ပါဝင်သည်။

ယင်းဆောင်းပါးပေါင်းချုပ်စာအုပ်တွင် ဆောင်းပါးရှင် မင်းပြည့်စုံက "နောက်အစိုးရတက်လာမှ အလုပ်လုပ်မယ်ဆိုတဲ့ ရွှေပြည်တော်မျှော်သူတွေကို အချိန်တန်လို့ အများဆန္ဒနဲ့အညီ ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ကရော ဘယ်လိုယူဆမယ်လို့ ထင်ပါသလဲ၊ တက်လာတဲ့ အစိုးရတိုင်းကို မကြိုက်ဘူးဆိုပြီး ဝန်ထမ်းတွေက တစ်ခါပြန်ပြီး CDM လုပ်ကြမယ်ဆိုရင် အမယ်ဘုတ်နဲ့ သူ့ရဲ့ ချည်ငင်လို တိုးတက်ရာ တိုးတက်ကြောင်းမရှိဘဲ ဝန်ထမ်းတွေ ခံစားချက်ကို ရှေ့တန်းတင်နေကြတာနဲ့တင် တိုင်းပြည် ဘယ်လိုလုပ် မြင့်မားလာပါတော့မလဲ"ဟု မတူညီတာတွေကို နားလည်ပြီး အတူတူရှေ့ဆက်နိုင်မှ ဒီမိုကရေစီ ဆောင်းပါးဖြင့် ထောက်ပြထားသည်။




အလားတူ ဆောင်းပါးရှင် ဒေါင်က တစ်ဖက်ပိတ်ဝါဒီနှင့် (၂၁)ရာစု ဒေဝဒတ်လက်သစ်များ မဖြစ်စေလိုပါ ခေါင်းစဉ်ဖြင့် "ကလေးတွေကို လမ်းပေါ်ထွက်ခိုင်းပြီး ကိုယ်တိုင်တော့ ထောက်ပံ့ကြေးလေးထုတ်လိုက်၊ အဲယားကွန်းအေးအေးလေးနဲ့ အချိုရည်လေးစုပ်ပြီး ဝေဖန်လေကန်လိုက်နဲ့သူတွေက (၂၁)ရာစုရဲ့ ခေတ်သစ် ဒေဝဒတ်တွေပေါ့။ သူတို့က ပညာတတ်တွေသာဆိုတယ်။ သူတို့လုပ်ရပ်တွေက အတ္တကြီးကြီးနဲ့ တိုင်းပြည်နစ်မွန်းအောင် ဝန်ထမ်းတွေ အလုပ်မလာရဲအောင်၊ လူတွေလမ်းပေါ်ထွက်ပြီး အပြစ်ပေးအရေးယူခံကြရအောင် လုပ်နေတာမို့ လူ့အတ္တသမားတွေလိုပေ့ါဗျာ"ဟု ကိုသံချောင်း၊ မစာဥ တစ်ခန်းရပ်စကားပြောခန်း(၁၀) တွင် ရေးသားတင်ပြထားသည်။

ထို့ပြင် ဆောင်းပါးရှင် ကိုထွန်းခင်က မြင့်မြတ်တဲ့ စိတ်စေတနာတွေနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်နိုင်ကြပါစေ ဆောင်းပါးဖြင့် "မြန်မာနိုင်ငံမှာ နိုင်ငံ့ဝန်ထမ်းအရေအတွက်က နိုင်ငံလူဦးရေရဲ့ ၁ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ၊ ပြည်သူ့ဝန်ထမ်းတွေဆိုရင်လည်း ပြည်သူကချီးမြှင့်တဲ့ လစာကို ယူနေသူတွေဖြစ်တဲ့အတွက် ပြည်သူကို သစ္စာရှိရမှာဖြစ်ပါတယ်။ ပြည်သူကို စေတနာထားပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်"ဟု နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ရေးသားတင်ပြထားသည့် ဆောင်းပါးများကို လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါ စာအုပ်ကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်အမှတ် (၁၇၂/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၈၂၄၈၁၀၂ သို့ ငွေကျပ် ၃၅၀၀ ဖြင့် ဆက်သွယ်ဝယ်ယူနိုင်ပြီဖြစ်သည်။

မြန်မာ့အလင်း

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၆ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၂၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၇၆၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၁၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၁၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၅၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၀၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၃၉ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၂၀၀ | ၇၅ | ၆၉၀၀၀၀ |
| MTSH | ၃၅၅၀ | ၃၆၀၀ | ၃၆၅၉ | ၁၂၉၈၉၅၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၂၂ | ၆၁၆၀၀ |
| EFR | ၃၀၅၀ | ၃၂၅၀ | ၇၃၇ | ၂၃၆၉၆၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၄၉၆ | ၂၃၈၄၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဂေဟစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းဖို့ သစ်ပင်စိုက်ပျိုးကြပါစို့

သစ်တောမောင်

### မိုးလရာသီ

မိုးသံလေသံလေးတွေ ကြားနေပြီ၊ ရွက်နုလေးများဝေလို့ အပင်လေးတွေ စိမ်းလန်းစိုပြည်လာလေပြီ၊ တချို့မြို့ရွာတွေမှာ ပုလဲလုံးလေးတွေလို တဖွဲဖွဲရွာလေပြီ၊ တချို့နေရာတွေမှာ ဒေါသမာန်ဟုန်တင်း ခပ်ပြင်းပြင်းလေးရွာချေပြီ၊ မိုးကိုမျှော်သော တောင်သူဦးကြီးများလည်း ပျော်နေပြီ၊ မိုးကိုမျှော်ပြီး စိုက်ပျိုးကြရမည့် သစ်တောသမားများ၊ သစ်တောသစ်ပင် ချစ်ခင်သူများလည်း ပျော်လေပြီ။ ရေကိုမျှော်သော ပြည်သူများလည်း ပျော်ကြရသည်။ တစ်နွေလုံး ခြောက်သွေ့ခဲ့ရသည့် သစ်ပင်လေးများလည်း ကြည်နူးရွှင်လန်းပြုံးပန်းများ ငွားငွားစွင့်စွင့် ပွင့်ဖူးကြလေပြီ။ မိုးလရာသီမှာ တောတောင်သစ်တောသစ်ပင်များဖြင့် ပတ်ဝန်းကျင်တစ်ခွင်လုံး စိမ်းလန်းသာယာလျက်ရှိသည်။ မိုးဖြိုင်ဖြိုင်ရွာသွန်းသည်နှင့် မြေဆီစိုခိုက် သစ်ပင်စိုက်ရန် ဆောင်ရွက်ကြရမည် ဖြစ်သည်။

### သစ်တောသစ်ပင် အကျိုးကျေးဇူးစုံလင်

သစ်တော သစ်ပင်တွေက ထောက်ပံ့သော အကျိုးကျေးဇူးကား များပြားလှသည်။ ငွေကြေးအားဖြင့် တန်ဖိုးဖြတ်နိုင်သော သစ်နှင့် သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများ ထောက်ပံ့ပေးသကဲ့သို့ ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများစွာလည်းရှိ၏။ **“ဥတုရာသီ၊ တောကိုမှီ”** ဆိုသကဲ့သို့ ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူ သိုလှောင်ဖယ်ရှားပေးခြင်း၊ ရေနှင့် လေသန့်စင်မှုလုပ်ငန်းများ၊ မြေတိုက်စားမှု မြေပြိုမှုများမှ ကာကွယ်ခြင်း၊ ဝတ်မှုန်ကူးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝစေခြင်း၊ မြေဆီမြေနှစ် အဆင့်အဆင့် ဖြစ်ပေါ်စေခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများကို သစ်ပင်သစ်တောများက ပံ့ပိုးပေးလျက်ရှိသည်။ ထို့အပြင် အပန်းဖြေမှု၊ အလှအပနှင့် မျက်စိပသာဒဆိုင်ရာ ဝန်ဆောင်မှု၊ ရိုးရာဓလေ့ယုံကြည်ကိုးကွယ်မှုအတွက်လည်း သစ်တောသစ်ပင်များကပင် အထောက်အပံ့ပြု အကျိုးပြုလျက်ရှိသည်။

သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းသည် “ထာဝရကုသိုလ် ပြုခြင်းလည်းမည်၏” ဟု ဗုဒ္ဓဘာသာတွင် ညွှန်ပြထားသည်။ ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ်များ စိုက်ပျိုးလှူဒါန်းခြင်း (**အာရာမရောပဒါန**)၊ အရိပ်ရအပင်၊ စားသုံးပင်စသော သစ်ပင်ကြီးငယ်တို့ကို စိုက်ပျိုးလှူဒါန်းခြင်း (**ဝနရောပဒါန**)၊ တံတားခင်းလမ်းဖောက်လှူဒါန်းခြင်း (**သေတုကာရကဒါန**)၊ ရေချမ်းစင်တည်၍ လှူဒါန်းခြင်း (**ပပါဒါန**)၊ ရေတွင်းရေကန် ရေမြောင်းများတူး၍ လှူဒါန်းခြင်း (**ဥပဒါန**)၊ ဇရပ်တန်ဆောင်း ဂူကျောင်းပြာသာဒ် နားနေရိပ်သာ ဆေးရုံဆေးခန်းစသော အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်း (**ဥပဿယဒါန**) ဟူသည့် ထာဝရကုသိုလ် (၆) ပါးရှိရာ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်တစ်ပါးအဖြစ် ပါဝင်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း ဂူကျောင်း ပြာသာဒ်နှင့်အခြား ထာဝရကုသိုလ်များကဲ့သို့ တူညီသော ကုသိုလ်ကို ရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာ ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

မိုးလရာသီရောက်ပြီဆိုသည်နှင့် မြန်ပြည်တစ်ဝန်းစိမ်းလန်းစေဖို့ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းရေးကို တာဝန်ယူဆောင်ရွက်နေရသော သစ်တောသမား ဥယျာဉ်မှူးကြီးများ



❄ **သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ရန်နှင့် ပြန်လည်ကုစားရန် အရိုးရှင်းဆုံး နည်းလမ်းသည် သဘာဝကိုအခြေခံပြီး ပြဿနာများကို ဖြေရှင်းခြင်း (တစ်နည်းအားဖြင့်) သစ်ပင်များစိုက်ပျိုးခြင်းနှင့် သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း ဖြစ်သည်။ သဘာဝတောများနှင့် သစ်တောစိုက်ခင်း သစ်တောများသည် သစ်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက်သာမက ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ တိုးပွားစေရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ဖြေရှင်းနိုင်ရေးအတွက်ပါ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာလျက်ရှိ**

သာမက ပြည်သူပြည်သား ဥယျာဉ်မှူးကြီးများပါ တစ်နိုင်တစ်ပိုင် တစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် ကျေးရွာအစုအဖွဲ့၊ အစိုးရနှင့် အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ၊ ကျောင်းသားကျောင်းသူများ မိုးရာသီ လူထုလှုပ်ရှားမှုအနေဖြင့် သစ်ပင်များ ခြိမ့်ခြိမ့်သဲ အင်တိုက်အားတိုက် စိုက်ပျိုးကြသည်။

ထာဝရ ကုသိုလ်အတွက်၊ မိမိတို့ ပတ်ဝန်းကျင်အတွက်၊ နောင်အနာဂတ် မျိုးဆက်သစ်များအတွက် ဥယျာဉ်မှူးကြီးများ မမောနိုင်၊ မပန်းနိုင် ပျော်ရွှင်စွာ ပုံစံမျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် သစ်ပင်မျိုးစုံစိုက်ပျိုးကြသည်။ “**ရှင်အောင် စိုက်ပျိုး၊ ကြီးအောင် ပြုစု၊ မြဲအောင် ထိန်းသိမ်း**” ဟူသော ဆောင်ပုဒ်များနှင့်အညီ တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင် ရှင်သန်ဖို့လည်း ကြိုးပမ်းကြရသည်။

### သဘာဝအခြေခံဖြေရှင်းသည့်နည်းလမ်း (သို့မဟုတ်) သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်း

ရာသီဥတုပြောင်းလဲ ဖောက်ပြန်ခြင်း၊ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့သည် ယခုအချိန်တွင် ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းကြောင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုး၊ ဘေးရောဂါအမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ရန်နှင့် ပြန်လည်ကုစားရန် အရိုးရှင်းဆုံး နည်းလမ်းသည် သဘာဝကိုအခြေခံပြီး ပြဿနာများကို ဖြေရှင်းခြင်း (တစ်နည်းအားဖြင့်) သစ်ပင်များ စိုက်ပျိုးခြင်းနှင့် သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း ဖြစ်သည်။ သဘာဝတောများနှင့် သစ်တောစိုက်ခင်း သစ်တောများသည် သစ်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် သာမက ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ တိုးပွားစေရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ဖြေရှင်းနိုင်ရေးအတွက်ပါ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာလျက်ရှိသည်။

ယနေ့အချိန်အခါသည် သဘာဝအခြေခံဖြေရှင်းသည့်နည်းလမ်း (Nature-based Solutions) သည် ထူးကဲသောအခွင့်အလမ်းတစ်ခုဖြစ်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အရှိန်မြှင့်တင် ဆောင်ရွက်ရန် ၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ကာလကို ကုလသမဂ္ဂဂေဟစနစ် ပြန်လည်ထူထောင်ရေးဆယ်စုနှစ် (UN Decade of Ecosystem Restoration 2021-2030) ဟု သတ်မှတ်ထားသည်။ ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လက်ရှိအကောင်အထည်ဖော်နေသော ဘွန်းစိန်ခေါ်မှု (Bonn Challenge)၊ နယူးယောက်သစ်တောများ ဆိုင်ရာ ကြေညာစာတမ်း (New York Declaration for Forests) တို့၏ ရည်မှန်းချက်ဖြစ်သော ၂၀၃၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှု လုံးဝမရှိစေရေးနှင့် တောနိမ့်တောပျက်များတွင် သစ်တောဧရိယာ ဟက်တာ သန်း ၃၅၀ တည်ထောင်ခြင်းလုပ်ငန်းတို့ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြမည် ဖြစ်သည်။

ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၅) တွင်လည်း သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် စပ်လျဉ်းပြီး **“ကုန်းမြေဂေဟစနစ်များအား ကာကွယ်ရန်၊ ပြန်လည်မွမ်းမံ ထိန်းသိမ်းရန်နှင့် ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် အသုံးပြုရန်၊ သစ်တောများအား ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် စီမံအုပ်ချုပ်ရန်၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရန်၊ မြေဆီလွှာပြုန်းတီးမှု ရပ်ဆိုင်း၍ မြေအရည်အသွေးပြန်လည်ကောင်းမွန်စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှု ရပ်တန့်ရန်”** ဟူ၍ ရည်မှန်းချက် ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။

၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ကုလသမဂ္ဂ ဂေဟစနစ် ပြန်လည်ထိန်းသိမ်းရေး ဆယ်စုနှစ် (UN Decade of Ecosystem Restoration 2021-2030) အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၁၉ ခုနှစ် မတ် ၁ ရက်တွင် ဆုံးဖြတ်ချက်(၇၄/၂၈၄) ဖြင့် ဆုံးဖြတ်ကြေညာခဲ့သည်။ ကမ္ဘာတစ်ဝန်း ဂေဟစနစ်များ အတန်းအစား ကျဆင်းခြင်းကို ကာကွယ်ရန်၊ ရပ်တန့်ရန်နှင့် ပြန်လည်ထိန်းသိမ်းရန်၊ ဂေဟစနစ်ပြန်လည်ထိန်းသိမ်းခြင်းကြောင့် ရရှိလာနိုင်သည့် ဘက်စုံအကျိုးကျေးဇူးများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် နားလည်လာစေရန်နှင့် ပညာရေးစနစ်များတွင်လည်းကောင်း၊ မူဝါဒချမှတ်သူများအကြားတွင်လည်းကောင်း ဂေဟစနစ်ပြန်လည်ထိန်းသိမ်းခြင်း နည်းပညာနှင့် ဗဟုသုတများ အသုံးချနိုင်စေရန် ရည်ရွယ်ပြီး ကြေညာခဲ့ခြင်းဖြစ်သည်။

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများ သားစဉ်မြေးဆက် ထာဝစဉ်တည်တံ့စေရေး၊ ဂေဟစနစ်များ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးပွားလာစေရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့သစ်တောမူဝါဒ (၁၉၉၅) နှင့် အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (၂၀၀၁ - ၂၀၀၂ မှ ၂၀၃၀ - ၂၀၃၁) ရည်မှန်းချက်များအရ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်း ၅၀၁၅၅၇၇၆ ဧကအထိ ဖွဲ့စည်းသွားရန် လျာထား ဆောင်ရွက်လျက်ရှိသည်။ ယနေ့အချိန်ထိ ကြိုးဝိုင်း ၈၄၈ခု၊ ဧရိယာ ၂၉၆၉၅၂၄၉ ဒသမ ၆၅ ဧက၊ ကြိုးပြင်ကာကွယ်တော ၄၄၂ ခု၊ ဧရိယာ ၁၃၁၁၉၃၂၂ ဒသမ ၅၉ ဧက စုစုပေါင်း ၄၂၈၁၄၅၇၂ ဒသမ ၂၃ ဧက (၆၆၈၉၇ ဒသမ ၇၆၉ စတုရန်းမိုင်) နိုင်ငံ့ဧရိယာ၏ ၂၅ ဒသမ ၆၁ ရာခိုင်နှုန်း ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပြီ ဖြစ်သည်။ ရည်မှန်းချက် ပြည့်မီစေရေးအတွက် နှစ်စဉ်ဧရိယာ ၇၀၂၉၀၄ ဧကကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး ၁၀နှစ် စီမံကိန်း (၂၀၁၇-၂၀၁၈မှ ၂၀၂၆ - ၂၀၂၇ ထိ)ကို ရေးဆွဲ၍ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းကာလအတွင်း နိုင်ငံပိုင်သစ်တော စိုက်ခင်း (စီးပွားရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ရေဝေရေလဲ

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၁၈ မှ*

လမ်းကို စဉ်ဆက်မပြတ် ကိုယ်တိုင်ပါဝင် ထိန်းသိမ်းစောင့်ရှောက်မှုကို ရရှိစေသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိစေကြောင်း သိရသည်။

ထို့ပြင် မျှဝေခြင်းအစီအစဉ်ဖြင့် ဆောင်ရွက်သည့် ကျေးရွာများတွင် ကျေးလက်နေပြည်သူများ ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ ကျေးလက်အားကစားကွင်းများကို ကျေးရွာမှ မြေလှူဒါန်းမှုရှိပါက ဆောင်ရွက်ပေးလျက် ရှိပြီး ကျေးရွာအတွက် သောက်သုံးရေကန်များ လိုအပ်ပါကလည်း တူးဖော် ဆောင်ရွက်ပေးလျက်ရှိသည်ဟု ၎င်းက ဆက်လက် ပြောပြသည်။

အလားတူ ညောင်ဦးမြို့နယ်အတွင်း ငါ့သရောက် – ဇဂျမ်းလမ်း ကတ္တရာခင်းခြင်း ၈/၃မိုင်အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့မှုကြောင့် ကျေးရွာငါးရွာ၊ အိမ်ထောင်စု ၉၃၀ ၊ လူဦးရေ ၃၉၂၆ ဦး တို့အား အကျိုးပြုဖြတ်သန်းသွားလာလျက်ရှိသည်။ ထို့ပြင် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်နှင့် တောင်သာ မြို့နယ် နွားထိုးကြီး– တောင်သာလမ်း ၁၇/၂ မိုင်အား အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သဖြင့် ကျေးရွာ ၂၈ ရွာ၊ အိမ်ထောင်စု ၃၇၂၆ စု၊ လူဦးရေ ၂၄၄၂၀ တို့အား အကျိုးပြုဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

**ထင်သာမြင်သာ အကျိုးပြု**

လက်ရှိအချိန်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ Pilot Project ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ကျေးလက်နေပြည်သူများအတွက် ထင်သာမြင်သာ အကျိုးပြုနေသည့် လမ်းပိုင်းများအနေဖြင့် မန္တလေးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းတွင် ယခု ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တောင်သာမြို့နယ် ငါ့သရောက် – ဇဂျမ်း– မြင်းခြံကျောက်လမ်း ၈/၁ မိုင်အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာ ၂၅ ရွာ၊ အိမ်ထောင်စု ၇၀၆၅စု၊ လူဦးရေ ၃၇၁၇၇ ဦးတို့အား အကျိုးပြုလျက်ရှိသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်များဖြစ်သည့် မိုးရွာခြင်း၊ ရေကျော်ခြင်းနှင့် မြေပြိုခြင်း အစရှိသည်များကြောင့် လမ်း၊ တံတား ပျက်စီးမှုများရှိခဲ့ပါက ပြည်သူများ လမ်းပန်းဆက်သွယ်ရေး လတ်တလော မပြတ်တောက်စေရေး အတွက် အမြန်ဆုံးပြင်ဆင်နိုင်ရန် ကြိုတင်လျာထားသည့် ပြင်/ထိန်း ဘတ်ဂျက်ရန်ပုံငွေမှ တင်ပြတောင်းခံကာ ပြင်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ရည်မှန်းချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်လူဦးရေ ၉၀ ရာခိုင်နှုန်းကို ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းနှင့် တံတားများ အသုံးပြုသွားလာနိုင်ပြီး ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုကိစ္စများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ကာ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံး ရောက်ရှိ၍ ကျေးလက်နေပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်သည့်အတွက် လက်ရှိ စာရင်းကောက်ယူထားသော ကျေးရွာများ၌ လူဦးရေ ၁၀၀၀ နှင့် အထက်ရှိသော ကျေးရွာအားလုံးကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း၊ လူဦးရေ၅၀၀ နှင့်အထက်ရှိကျေးရွာအားလုံး၏ ၉၅ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ်တွင် လည်းကောင်း၊ လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာအားလုံး၏ ၅၀ ရာခိုင်နှုန်းတို့ကို ၂၀၃၀ ပြည့်နှစ်တွင်လည်းကောင်း ရာသီ မရွေးသွားလာနိုင်သော လမ်းများအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်သွားမည်ကို လည်း ဝမ်းမြောက်ဖွယ်ရာ သိခွင့်ရခဲ့သည်။

**အဓိကကျသည့် အခန်းကဏ္ဍ**

အနှစ်ချုပ်အားဖြင့် ဆိုရသော် မန္တလေးတိုင်းဒေသကြီးအတွင်း နေထိုင်ကြသည့် မြို့ပြနှင့် ကျေးလက်လူဦးရေ အချိုးများအရ ကျေးလက်နေ လူဦးရေမှာ ပိုမိုများပြားနေသည်ကို တွေ့ရှိရသည့်အတွက် ကျေးလက်နေ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စအဝဝများ အဆင်ပြေစေရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရမည်ဖြစ်သည်။

ထို့ကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို လူထုဗဟိုပြု ချဉ်းကပ်နည်းဖြင့် ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသများတွင် အခြေခံ အဆောက်အအုံများ တည်ဆောက်ပေးခြင်းအပြင် ကျေးလက်ဒေသ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ်များကိုလည်း ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနေသည်ကို သိရှိခဲ့ရသဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေ ပြည်သူများအတွက် အနာဂတ်ကာလတွင် ဖြစ်ပေါ်လာမည့် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေများကို မျှော်တွေးကာ ကြည်နူးပီတိဖြစ်မိပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

---

*စာမျက်နှာ ၂၀ မှ*

စိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း) ၃၅၂၄၃၈ ဧက၊ ပုဂ္ဂလိကသစ်တောစိုက်ခင်း ၂၈၅၁၀၄ဧကနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ၇၇၀၃၃၂ ဧကတို့ကို ရည်မှန်းချက်ချမှတ်လျက် နည်းလမ်းမျိုးစုံဖြင့် တည်ထောင် စိုက်ပျိုးလျက်ရှိသည်။ ဓမ္မတာမျိုးဆက်ခြင်း အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း ၈၁၈၅၃၈ ဧကကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကျေးရွာထင်းစိုက်ခင်း ၁၀၄၅၆၃ ဧက၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း ၁၆၇၁၄ ဧကတို့ကို ကျေးလက်ပြည်သူများအတွက် ရည်မှန်း တည်ထောင်စိုက်ပျိုးလျက်ရှိပြီး စုစုပေါင်း ၉၇ ဒသမ ၀၉ သန်း (နှစ်စဉ် ပျိုးပင် ၁၀ သန်းခန့်) ကို မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ရေး ပြည်သူလူထုနှင့် ဆက်စပ် ဌာနများသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့အပြင် သဘာဝမျိုးဆက်ပင်များ ဖွံ့ဖြိုးလာစေရန် အားပေးခြင်း၊ သဘာဝတော တန်ဖိုးမြှင့် စိုက်ပျိုးခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ လမ်းဘေးဝဲယာ တစ်အုပ်တစ်မစိုက်ခင်းများ တည်ထောင်ခြင်း၊ ရေဝေရေလဲဒေသ ထိန်းသိမ်းရေး စိုက်ခင်းများ တည်ထောင်ခြင်း၊ ဒီရေတောများ စိုက်ပျိုးကာကွယ် ထိန်းသိမ်းခြင်း၊ အောင်မြင်မှု နည်းပါးခဲ့သည့် စိုက်ခင်းဟောင်းများကို ဖြည့်စွက် စိုက်ပျိုး၍ ပြန်လည်ဆယ်တင်ခြင်းဖြင့် တောနိမ့် တောပျက်များ ပြန်လည်ကောင်းမွန်လာစေရန် ဆောင်ရွက်လျက်ရှိသည်။

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းရန် ဆောင်ရွက် လျက်ရှိရာ ယနေ့အချိန်ထိ သဘာဝနယ်မြေ ၄၆ခု၊ ဧရိယာ ဧက ၁၀ ဒသမ ၁၇ သန်း ( ၆ ဒသမ ၀၈ ရာခိုင်နှုန်း) ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံ၏ သဘာဝအမွေအနှစ်များဖြစ်သည့် ဂေဟစနစ်များ နှင့် ဇီဝမျိုးစုံ မျိုးကွဲများကို တည်တံ့စေရန်၊ ရည်ရွယ် ၍ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်း (Re-establishing Natural Habitats-RNH)လုပ်ငန်းအစီအစဉ် ၂၀၁၉–၂၀၂၀ မှ ၂၀၂၈ – ၂၀၂၉ အထိကို ဥယျာဉ်/ဘေးမဲ့တော ၁၉ ခုတွင်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည်။

သဘာဝနယ်မြေ ၄၆ ခုအနက် နိုင်ငံတကာ အဆင့်အနေဖြင့် အာဆီယံဒေသအတွင်း ဇီဝမျိုးစုံ မျိုးကွဲ၊ ဂေဟစနစ်နှင့် ယဉ်ကျေးမှုတို့အရ အာဆီယံ အမွေအနှစ်ဥယျာဉ် (ASEAN Heritage Park – AHP) များအဖြစ် သတ်မှတ်ခြင်းခံထားရသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ ရှစ်ခု၊ ရေဝပ်ဒေသ များ ကွန်ဗင်းရှင်းမှ နိုင်ငံတကာအဆင့် အရေးပါ သည့် ရမ်ဆာရေဝပ်ဒေသ (Ramsar Site) ခြောက် ခုနှင့် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းတွင် ဒေသခံပြည်သူများပါဝင်မှု၊ ထောက်ခံအားပေးမှုတို့အား မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve – MAB) နှစ်ခုတို့ ပါဝင်သည်။

**ပျိုးပင်လေးတွေ ဖြန့်ဝေတယ်**

သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်း သစ်တောသစ်ပင်များဖြင့် စိမ်းလန်းနေစေဖို့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင်သာ သစ်တောသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းသည် မဟုတ်ဘဲ မြို့ပြ၊ ကျေးလက်များတွင် သစ်ပင် ပန်းမာန်များဖြင့် စိမ်းလန်းနေစေဖို့ အစဉ်အမြဲ ကြိုးပမ်းလျက်ရှိသည်။ သဘာဝတောများ သားစဉ် မြေးဆက်တည်တံ့စေရန် စနစ်တကျ စီမံအုပ်ချုပ် ထိန်းသိမ်းခြင်း၊ တောနိမ့်တောပျက်များတွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့သစ်တောများ စိုက်ပျိုးထိန်းသိမ်းရာတွင် ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်နိုင်ရန် ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို ၁၉၉၅ ခုနှစ်ကပင် စတင်တည်ထောင်ခွင့်ပြုဆောင်ရွက်ခဲ့ ရာ ယခုဆိုလျှင် အောင်မြင်မှု အရှိန်အဟုန် မြင့်မား လျက်ရှိသည်။

ယခုအခါ သစ်ပင်သစ်တောများ၏ အကျိုး ကျေးဇူးကို ပြည်သူအများ နားလည်သဘော ပေါက်လာသည်နှင့်အညီ ပတ်ဝန်းကျင်စိမ်းလန်း စိုပြည်ဖို့ အစိုးရဝန်ကြီးဌာနများ၊ အစိုးရ မဟုတ် သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ၊ မိုးရာသီ တွင် သစ်ပင်စိုက်ပွဲတော်များ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာကြသည်။ တက်တက်ကြွကြွ ပူးပေါင်း ပါဝင်လာကြသည်။

ရပ်ရွာ၊ ကျေးလက်၊ မြို့ပြများ၊ ရုံးများ၊ ကျောင်း များ၊ ဆေးရုံများ၊ လမ်းဘေးဝဲယာများ၊ ဆက်သွယ် ရေး လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာများ စသည့် အများနှင့် သက်ဆိုင်သည့် နေရာများတွင် နှစ်စဉ်တိုးချဲ့ စိုက်ပျိုးလာကြသည်။ သစ်တောဦးစီး ဌာနအနေဖြင့် ပြည်သူများအတွက် လိုအပ်သော သစ်ပင်ပျိုးပင်မျိုးစုံကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးရှိ သစ်တောဦးစီးဌာန သစ်တောပျိုးဥယျာဉ်များတွင် လူထုဖြန့် ပျိုးပင် များကို စနစ်တကျ ဖြန့်ဖြူးပေးလျက်ရှိသည်။

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးလိုသူ၊ မိုးရာသီ လူထုလှုပ်ရှားမှု၊ အဖွဲ့အစည်းလှုပ်ရှားမှု အသွင်ဖြင့် စိုက်ပျိုးလိုသည့် မည်သူမဆို၊ မည်သည့်အဖွဲ့အစည်းကိုမဆို ဖြန့်ဖြူး ပေးလျက်ရှိသည်။ နှစ်စဉ် ပျိုးပင် ၁၀ သန်းခန့်ကို မြန်ပြည်တစ်ဝန်း စိမ်းလန်းစေဖို့ ပုံစံမျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် ဝေငှဖြန့်ဖြူးလျက်ရှိသည်။ အထူးသဖြင့် ယခုနှစ်တွင် တစ်ပင်စိုက်၊ တစ်ပင်ရှင် ပြီး အပင်ရှင်သန်မှု ရာခိုင်နှုန်းမြင့်မားစေရန် ပျိုး သက် နှစ်နှစ်ခန့်ရှိ အမြင့် နှစ် ပေ ရှိသော ကျန်းမာ ကြံ့ခိုင်သော ပျိုးပင်များကိုသာ စိုက်ပျိုးသွားမည် ဖြစ်သည်။ ၂၀၂၁ ခုနှစ် မိုးရာသီ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးရေးစီမံချက် (Green Environment Campaign – 2021) အရ ပျိုးပင်ပေါင်း ၃၆ ဒသမ ၂၆ သန်း စိုက်ပျိုးသွားမည်ဖြစ် သည်။

**ရှင်အောင် စိုက်ပျိုး၊ ကြီးအောင် ပြုစု၊ မြဲအောင် ထိန်းသိမ်း**

တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှ အပင် ရှင်သန်ဖို့ အလွန်အရေးကြီးလှသည်။ သစ်စေ့မှ ပျိုးပင်တစ်ပင် ဖြစ်လာသည်အထိ အချိန်၊ ငွေ၊ လုပ်အားများစွာ အရင်းအနှီး စိုက်ထုတ်ခဲ့ရသည်။ ပတ်ဝန်းကျင်၊ ရေ၊ မြေ၊ ဒေသ အနေအထားနှင့် သဟဇာတဖြစ်သော သစ်မျိုးများဖြစ်ရန် လိုအပ် သည်။ ဒေသမျိုးရင်း အဖိုးတန်သစ်မျိုးများ၊ ရာသီ အလိုက် ဖူးပွင့်နိုင်သည့် အပင်များ၊ ကြီးမြန်သစ်မျိုး များ၊ အရိပ်ရသစ်မျိုးများ စသည်ဖြင့် ရည်ရွယ်ချက် ချမှတ်ပြီး နေရာဒေသအလိုက် စနစ်တကျ ရွေးချယ် စိုက်ပျိုးခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်နိုင်မည် ဖြစ်သည်၊ သစ်ပင်ရှင်သန်အောင် စိုက်ပျိုးခြင်းသည် လွယ်ကူသော်လည်း ကြီးအောင်ပြုစုဖို့၊ မြဲအောင် ထိန်းသိမ်းဖို့ အလွန်ခက်ခဲသည်။ အပင်တိုင်း အပင် တိုင်းကို တန်ဖိုးထားလျက် စတင်စိုက်ပျိုးခြင်းမှ သည် ကြီးပြင်းသည်အထိ ရေလောင်းခြင်း၊ ပေါင်း ရှင်းခြင်း၊ မီးကာကွယ်ခြင်း၊ သေပင်ဖာထေးခြင်း စသည့် လုပ်ငန်းများကို ရာသီအလိုက် လုပ်ဆောင်မှ သာ စိုက်ပျိုးပြီး အပင်များကို ကြီးအောင် ပြုစုနိုင် လိမ့်မည်၊ မြဲအောင် ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ မိမိစိုက်ပျိုးခဲ့သော သစ်ပင်များအတွက် အမြဲတမ်း ဝမ်းမြောက်ဂုဏ်ယူနိုင်အောင် ဆောင်ရွက်ကြရပါမည်။

ထို့အပြင် စိုက်သင့်သော နေရာကို စနစ်တကျ ဘက်စုံ စဉ်းစားရွေးချယ်စိုက်ပျိုးရန် လိုအပ်သည်။ ဥပမာ လမ်းနှင့် မလွတ်သော နေရာများ၊ ဓာတ်ကြိုး များနှင့် မလွတ်ကင်းနိုင်သော နေရာများ၊ အဆောက် အအုံနှင့် မလွတ်သော နေရာများ စသည်ဖြင့် စိုက်ပျိုးပြီး အပင်ကို ခုတ်ထွင်ရှင်းလင်းခြင်းခံရမည့် အန္တရာယ်ရှိသော နေရာများကို မစိုက်ပျိုးမိကပင် သေချာလေ့လာ ရှောင်ကြဉ်ကြရမည်။ သို့မဟုတ်ပါ က ဆုံးရှုံးမှုများစွာ ရှိလာမည်ဖြစ်သည်။ အပင် သက်တမ်းကြီးမားလာလေ ဆုံးရှုံးမှုကြီးမားလေ ဖြစ်သည်။

**ဂေဟစနစ်ကို ပြန်လည်ပြုပြင် ထိန်းသိမ်းဖို့ သစ်ပင်စိုက်ပျိုးကြပါစို့**

**"နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ ခုချိန်စိုက်က နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ"** ဟူသော ဆိုရိုး စကားနှင့်အညီ ယခုအချိန်သည် သစ်ပင်စိုက်ပျိုးရန် ဒုတိယအကြိမ် အကောင်းဆုံး အချိန်အခါဖြစ်သည်။ မိုးလရာသီ ရောက်ခဲ့ပြီ။ မြေဆီ စိုခိုက် သစ်ပင်စိုက်ဖို့၊ ဂေဟစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းဖို့ သစ်ပင် စိုက်ပျိုးဖို့ အချိန်အခါကောင်း ဖြစ်သည်။

တစ်နိုင်တစ်ပိုင် တစ်ဦးချင်း၊ တစ်ယောက်ချင်း မှသည် ကျေးရွာအစုအဖွဲ့၊ အစိုးရနှင့် အစိုးရ မဟုတ်သော လူမှုအဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများ မိုးရာသီ လူထုလှုပ်ရှားမှုအနေဖြင့် သစ်ပင်များစိုက်ပျိုးရန် အချိန်အခါကောင်းဖြစ်သည်။ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လာစေရေး အထောက်အကူ ပြုရန်၊ သဘာဝတောများမှ ထုတ်ယူသုံးစွဲမှု လျှော့ချ နိုင်ရန်၊ ကျေးလက်ပြည်သူများ၏ အခြေခံလိုအပ် ချက်များ ဖြည့်ဆည်းပေးရန်၊ ပြုစုထိန်းသိမ်းရေးနှင့် စနစ်တကျ ထုတ်ယူသုံးစွဲရေးဆိုင်ရာ အသိအမြင် များ တိုးပွားလာစေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် မိုးရာသီကာလ သစ်ပင် စိုက်ပျိုးရန် သစ်တောဦးစီးဌာနက သစ်မျိုးစုံသစ်ပင် ပျိုးပင်များကို အခမဲ့ ဖြန့်ဖြူးပေးလျက်ရှိသည်။ **"သက်ရှိလောက၊ တည်မြဲဖို့၊ ထာဝရ ကုသိုလ် ရယူဖို့၊ ဇီဝမျိုးစုံ ထိန်းသိမ်းဖို့၊ လောင်စာစွမ်းအင်ရရှိဖို့၊ ရေသယံဇာတ ထိန်းသိမ်းဖို့၊ ရာသီဥတု မျှတဖို့ သစ်ပင်စိုက်ပျိုးကြပါစို့"**လို့ တိုက်တွန်းရင်း ပြည်သူ လူထု ပူးပေါင်းပါဝင်မည့် **စနစ်ကျသော၊ ထိရောက် သော၊ ကြီးအောင်ပြုစုနိုင်သော၊ မြဲအောင် ထိန်းသိမ်း နိုင်သော လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲတော်များ ကို** ကြိုဆိုအပ်ပါသည်။ ။

# ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင် ဖောက်လုပ်ခြင်းဖြင့် မကွေးတိုင်းဒေသကြီးအတွင်း လူမှုစီးပွား ဖွံ့ဖြိုးစေမည်

ကေတာ

မြေသားလမ်းအဖြစ် တည်ရှိခဲ့သည့် ငွေးကုန်း-ဝက်ချုပ်-နတ်မောက်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်ဆင့်မြှင့်တင်လိုက်သည့်အခါ ထိုလမ်းကို အသုံးပြုသည့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများသည် ယခင်နှင့်မတူ ကွာခြားလာခဲ့သည်။

### လူမှုစီးပွားဘဝများ တိုးတက်လာ

မြေသားလမ်းမှတစ်ဆင့် ကျောက်ခင်းလမ်း၊ ကျောက်ခင်းလမ်းမှတစ်ဆင့် ကတ္တရာလမ်းအထိ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အတွက် မြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး အပါအဝင် ဒေသခံ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများသည် တိုးတက်လာခဲ့ပေပြီ။

"ကျောင်းသားတွေအတွက်လည်း မိုးမလင်းခင်ကတည်းက ထပြီးကျောင်းချိန်မီ သွားစရာ မလိုတော့ဘူး။ လမ်းကောင်းတော့ ခဏနဲ့ သွားနိုင်ပါပြီ။ အရင်ကဆို မွေးလူနာ၊ ပိုးထိလူနာ၊ အရေးပေါ်လူနာတွေဟာ ရေနံချောင်း၊ နတ်မောက်စတဲ့ ဆေးရုံတွေကို ဆေးကုသဖို့ နွားလှည်းနဲ့ပဲ သွားနိုင်တော့ အချိန်မီ မရောက်လို့ အသက်ဆုံးရှုံးတာ ရှိတယ်။ အခုတော့ ကတ္တရာလမ်း ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒေသအတွက် ပညာရေး၊ ကျန်းမာရေးအပါအဝင် ကျွန်တော်တို့ စိုက်ပျိုးထားတဲ့ သီးနှံရောင်းဖို့ကအစ အားလုံး အဆင်ပြေသွားပြီ" ဟု နတ်မောက်မြို့နယ် ငွေးကုန်းကျေးရွာမှ ဦးဇော်လေးက ပြောသည်။

ယခင်က မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ငွေးကုန်းကျေးရွာနှင့် ဝက်ချုပ်ကျေးရွာ အနီးနားတစ်ဝိုက်ရှိ ကျေးလက်နေပြည်သူများသည် မြို့နှင့် ၁၀ မိုင်ဝန်းကျင်သာ ကွာဝေးသော်လည်း မြို့ပေါ်ရောက်ရန် ရွှံ့ထဲ၊ ဖွက်ထဲတွင် ညအိပ်ကာ သွားကြရသည်။ မိုးတွင်းကာလ၌ ဒေသထွက်ကုန်များနှင့် ကုန်စည်များ ရောင်းဝယ်ဖောက်ကားကြရာတွင်လည်း ဖွက်နစ်နေသော ကုန်ကားများအား ကျေးရွာလူအားဖြင့် ရုန်းခဲ့ဆွဲခဲ့ကြရသော အခြေအနေ တည်ရှိခဲ့သည်။

နတ်မောက်မြို့မှ ရေနံချောင်းမြို့သို့ ကတ္တရာလမ်းအတိုင်းသွားမည်ဆိုပါက နတ်မောက်မြို့မှတစ်ဆင့် မကွေး- ကံပြားလမ်းအတိုင်း ကံပြားသို့လည်းကောင်း၊ ကံပြားမှ တစ်ဆင့် ရန်ကုန်-ပြည်-မန္တလေးလမ်းဟောင်းအတိုင်း သွားရမည်ဖြစ်ပြီး စုစုပေါင်း ၅၉မိုင် ခန့်ကွာဝေးမည်ဖြစ်သည်။ ယခုအခါတွင်မူ နတ်မောက်မြို့မှရေနံချောင်းမြို့ကို ၁၀ မိုင် ၅ ဖာလုံခန့် ပိုမိုတိုတောင်းစွာ သွားလာနိုင်မည်ဖြစ်ပြီး အချိန်အားဖြင့် ၂ နာရီခန့် သက်သာစေနိုင်ပြီဖြစ်သည်။

"လမ်းပန်းဆက်သွယ်ရေးကောင်းရင် ကျန်တဲ့ အရေးကြီးကဏ္ဍတွေဖြစ်တဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးက အတူဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရင် ရာသီပေါ်သီးနှံတွေကို အချိန်မီ ဈေးကွက်ကို ပို့နိုင်ပြီး စီးပွားရေး တိုးတက်လာမယ်။ စီးပွားရေး တိုးတက်လာတာနဲ့အမျှ တခြားကဏ္ဍတွေလည်း ဆက်စပ်ပြီး တိုးတက်လာမှာ ဖြစ်ပါတယ်"ဟု မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းစန်းလှိုင်က ပြောသည်။

### အရေးပါသောလမ်းပိုင်းတစ်ခုဖြစ်

ငွေးကုန်း- ဝက်ချုပ်- နတ်မောက်လမ်းသည် နတ်မောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့ကို ဆက်သွယ်ပေးထားသော လမ်းမကြီးဖြစ်ပြီး စုစုပေါင်း ၂၉ မိုင် ၇ ဖာလုံရှည်လျားကာ ကျေးရွာပေါင်း ၅၉ ရွာရှိလူဦးရေပေါင်း ၄၉၅၂၇ ဦးတို့ ဆက်သွယ်သွားလာအသုံးပြုသည့် မကွေးတိုင်းဒေသကြီးအတွင်းမှ အရေးပါသောလမ်းပိုင်း တစ်ခုဖြစ်သည်။

"ငွေးကုန်း- ဝက်ချုပ်- နတ်မောက်လမ်းကို မကွေးတိုင်းဒေသကြီးအတွင်း ပထမဦးစားပေး Pilot Project အနေနဲ့ နှစ်စဉ်အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှာ ၂၉ မိုင် ၇ ဖာလုံကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့သလို ဒီလမ်းပိုင်းအတွင်း လိုအပ်တဲ့ ကွန်ကရစ်တံတား လေးစင်း၊ Box Culvert ၃၆စင်း၊ မြေကာနံရံ တစ်ခုကို ရန်ပုံငွေကျပ်သန်းပေါင်း ၅၇၄၈ ဒသမ ၇၆ သန်းနဲ့ ရာခိုင်နှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးသိန်းစန်းလှိုင်က ရှင်းပြသည်။

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနသည် ကျေးလက်လမ်းများ ဆောင်ရွက်ရာတွင် လမ်းဦးစီးဌာနလမ်းများနှင့် ချိတ်ဆက်သည့် ကျေးလက်လမ်းများ၊ မြို့နှင့် ကျေးရွာဆက်သွယ်သည့် ကျေးလက်လမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း ဗျူဟာမြောက် အရေးပါသည့် ပြည်သူလူထု အသုံးပြုများသည့် လမ်းများကို ရှေ့ပြေးစီမံကိန်း Pilot Project ရွေးချယ်ဆောင်ရွက်ခဲ့ကာ ဒေသလူမှုစီးပွားများ တိုးတက်အောင် အထောက်အကူပြုနိုင်ခဲ့သည်။

နိုင်ငံအတွင်းရှိ ကျေးရွာများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံလိုအပ်ချက် တစ်ခုဖြစ်သည့် ကျေးလက်လမ်း၊ တံတားများ ကောင်းမွန်ရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနကို ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်၌ ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၇)တွင် အသစ်တိုးချဲ့ဖွဲ့စည်းရန် သဘောတူခွင့်ပြုခဲ့ခြင်း ဖြစ်သည်။

ထိုကဲ့သို့ နိုင်ငံအတွင်းရှိ ကျေးလက်ဒေသလမ်း၊ တံတားများ တိုးတက်ရေး ဆောင်ရွက်ရာတွင် အမျိုးသားအဆင့်ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးမဟာဗျူဟာကို ရေးဆွဲထားရှိပြီး ၂၀၃၀ ပြည့်နှစ်၌ မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံအတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများ အသုံးပြုနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### ရာသီမရွေး သွားလာနိုင်

အဆိုပါ ရည်မှန်းချက်နှင့်အညီ မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနသည် တိုင်းဒေသကြီးအတွင်း ကျေးလက်လမ်း၊ တံတားများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာစုစုပေါင်း ၄၇၇၇ရွာရှိ လမ်းကီလိုမီတာ စုစုပေါင်း ၁၁၉၉၅ ဒသမ ၅၇၅ ကို ထိန်းသိမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပြီး လက်ရှိတွင် ရာသီမရွေး သွားလာနိုင်သည့် ကျေးရွာ ၁၃၅၁ ရွာရှိနေပြီဖြစ်သည်။

"တိုင်းဒေသကြီးထဲမှာ ခြောက်သွေ့ရာသီမှ သွားလာနိုင်တဲ့ ကျေးရွာကတော့ ၃၄၂၆ ရွာ ရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် ဆိုရရင် ၇၂ ရာခိုင်နှုန်းကတော့ ခြောက်သွေ့ရာသီမှ သွားလာနိုင်ပြီးတော့ ရွာအားလုံးရဲ့ ၂၈ ရာခိုင်နှုန်းက ရာသီမရွေး သွားလာနိုင်နေပါပြီ။ ကျန်တဲ့ ရွာတွေအတွက် ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးသိန်းစန်းလှိုင်က ပြောပြသည်။

မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ဌာနစတင် ဖွဲ့စည်းခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်အတွင်း ကျေးလက်လမ်းအနေဖြင့် ကွန်ကရစ်လမ်း ၉ ဒသမ ၃၂၃ ကီလိုမီတာ၊ ကတ္တရာလမ်း ၁၈၀ ဒသမ ၂၁၃ ကီလိုမီတာ၊ ကျောက်ချောလမ်း ၁၀၈ ဒသမ ၈၈၇ ကီလိုမီတာ၊ အမာခံလမ်း ၃၄၃၀ ဒသမ ၆၁၂ ကီလိုမီတာ၊ မြေသားလမ်း ၈၄၇ ဒသမ ၅၂၁ ကီလိုမီတာ၊ စုစုပေါင်း ၄၅၇၆ ဒသမ ၅၅၆ ကီလိုမီတာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျေးလက်ဒေသများတွင် ကွန်ကရစ်တံတား ၆၇ စင်း၊ သစ်သားတံတား ခြောက်စင်း၊ ဘေလီတံတား ၅၅ စင်း၊ Box Culvert ၆၅၃ စင်း၊ ရေကျော် ၁၅၇ စင်း၊ အခြား ၇၂ စင်း၊ စုစုပေါင်းတံတား ၁၀၁၀ စင်းကို အကောင်အထည်ဖော်နိုင်ခဲ့သည်။

လက်ရှိ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၁၂ ဒသမ ၁၅၃ ကီလိုမီတာ၊ ကတ္တရာလမ်း ၅၇ ဒသမ ၅၁၄ ကီလိုမီတာ၊ ကတ္တရာထပ်ပိုးလွှာ ၁၃ ဒသမ ၀၇၄ ကီလိုမီတာ၊ ကျောက်ချောလမ်း ၃ ဒသမ ၈၉၂ ကီလိုမီတာ၊ အမာခံလမ်း ၁၆၁၀ ဒသမ ၇၅၇ ကီလိုမီတာ၊ မြေသားလမ်း ၇၀ ဒသမ ၁၃၂ ကီလိုမီတာ၊ စုစုပေါင်း ၁၇၆၇ ဒသမ ၅၂၂ကီလိုမီတာ၊ ကွန်ကရစ်တံတား ၆၆စင်း၊ ဘေလီတံတား ၁၂ စင်း၊ Box Culvert ၂၁၉စင်း၊ ရေကျော် ၉၁စင်း၊ အခြား ငါးစင်း၊ စုစုပေါင်းတံတား ၃၉၃ စင်း လုပ်ငန်းဆောင်ရွက်နေဆဲဖြစ်သည်။

တိုင်းဒေသကြီးအတွင်း ရေကျော်ရေနိမ့်တံတားများ ဆောင်ရွက်ရာတွင် Japan Infrastructure Partnership(JIP)အကူအညီဖြင့် ခုနစ် စင်း၊ GGP အကူအညီဖြင့် နှစ်စင်း၊

*စာမျက်နှာ ၂၃ သို့*



ချောက်မြို့နယ်ရှိ မြေနီလိန်-စွယ်ပေါက္ကံ(ချောက်-မကွေး)လမ်း(၁/၀)မိုင်ကို ကတ္တရာလမ်းအဖြစ် လမ်းအဆင့်မြှင့်တင်ထားမှုကို တွေ့ရစဉ်။

**▼ မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနသည် တိုင်းဒေသကြီးအတွင်း ကျေးလက်လမ်း၊ တံတားများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာ စုစုပေါင်း ၄၇၇၇ ရွာရှိ လမ်းကီလိုမီတာ စုစုပေါင်း ၁၁၉၉၅ ဒသမ ၅၇၅ ကို ထိန်းသိမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပြီး လက်ရှိတွင် ရာသီမရွေးသွားလာနိုင်သည့် ကျေးရွာ ၁၃၅၁ ရွာရှိနေပြီဖြစ်**

# ပဲခူးတိုင်းဒေသကြီး စက်မှုဇုန်များကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**ပဲခူး ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဇွန် ၈ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီး စက်မှုဇုန်များ ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။



တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးအတွင်း တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ၊ တည်ဆောက်ရန် လျာထားသည့် စက်မှုဇုန်များကို စက်မှုဇုန် ဥပဒေနှင့်အညီ ပြန်လည်အဆင့်မြှင့်တင်နိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ တချို့စက်ရုံ/ အလုပ်ရုံများသည် စက်မှုစီးပွားဂရန် ရရှိထားခြင်း မရှိသဖြင့် ရသင့်ရထိုက်သည့် အခွန်ငွေများ ဆုံးရှုံးလျက်ရှိ၍ စက်မှုမြေများကို စက်မှုစီးပွားဂရန် လျှောက်ထားထုတ်ပေးနိုင်ရေး စီမံချက်ရေးဆွဲပြီး စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းကာ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စက်မှုဇုန်ဝင်/ထွက်လမ်း သန့်ရှင်းသာယာ လှပစေရေးနှင့် ယခုနှစ် မိုးရာသီတွင် အရိပ်ရ သစ်ပင်များ စိုက်ပျိုးရန်လိုအပ်ကြောင်း၊ စက်ရုံအလုပ်သမားကြို/ ပို့မော်တော်ယာဉ်များ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးနှင့် ယာဉ်ရပ်နားစခန်းများ ဆောင်ရွက်ပေးရန်နှင့် လျှပ်စစ်မီး လုံလောက်စွာရရှိစေရေးနှင့် မြေအောက်ရေ သုံးစွဲမှုလျှော့ချ၍ ပုဂ္ဂလိက ရေပေးဝေရေး စီမံကိန်းအား အမြန်ဆုံးဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများမှ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပဲခူးမြို့နယ်အတွင်း စက်မှုဇုန်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး ညွှန်ကြားရေးမှူး ဦးရဲထွဋ်က လည်းကောင်း၊ ပြည်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် စက်မှုဇုန်များ၏ အခြေအနေကို ပြည်ခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က လည်းကောင်း၊ တောင်ငူမြို့နယ်အတွင်း စက်မှုဇုန်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမိုးထက်က လည်းကောင်း၊ သာယာဝတီ ခရိုင်အတွင်းရှိ မြို့နယ်များတွင် စက်မှုဇုန် ဖော်ဆောင်ရန် လျာထားသည့် အခြေအနေများကို သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးရွှေအောင်ကလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက် ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှု ကြည့်ရှုအားပေး

**မကွေး ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် တာဝန်ရှိသူများသည် ဇွန် ၈ရက်က မကွေးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းသို့သွားရောက်၍ စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှုများကို ကြည့်ရှုပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အားပေး စကားပြောကြားသည်။

ထိုသို့ တွေ့ဆုံစဉ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဆရာ ဆရာမများ အနေဖြင့် ကျောင်းသား ကျောင်းသူများ ယဉ်ကျေးလိမ္မာအောင်၊ ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း၊ ကျောင်းဖွင့်ကာလအတွင်း အဆင်မပြေမှုများ အခက်အခဲများ ကြုံတွေ့ရလျှင် ချက်ချင်း သတင်းပေးပို့ပါက အမြန်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေး မည်ဖြစ်ကြောင်း၊ ယခုပညာသင်နှစ် အောင်မြင်စွာပြီးမြောက်ရေးအတွက် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြား ကာ ကျောင်းအုပ်ဆရာကြီးထံ ယဉ်ကျေးလိမ္မာ၊ သုတ/ ရသ စာအုပ်များ ပေးအပ်လှူဒါန်းသည်။



အကြောင်းအမျိုးမျိုးကြောင့် ကျောင်း မအပ်ရသေးသည့် ကျောင်းသား ကျောင်းသူများ၏ ကျောင်းအပ်နှံမှုကိုလည်းကျောင်းဖွင့်ရက်များတွင် ဆက်လက်လက်ခံ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မကွေးမြို့ပေါ်ရှိ ကျောင်းများတွင် တက်ရောက်သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် စိတ်အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**

# မိုးနဲမြို့ သစ်တောဦးစီးဌာနမှ ပျိုးပင်ပေါင်း သုံးသောင်းကျော် ပျိုးထောင်ထားရှိ

**မိုးနဲ ဇွန် ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် သစ်တောဦးစီးဌာနမှ သဘာဝဘေးဖြစ်စဉ်များကို သစ်ပင်စိုက်ပျိုးခြင်းဖြင့် ကာကွယ်နိုင်ရန်၊ ဂေဟစနစ်များ မပျက်စီးစေရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန် ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့် စားသုံးသီးနှံပင် သုံးသောင်းကျော်ကို ပျိုးဥယျာဉ် နှစ်ခု၌ ပျိုးထောင်ထားလျက်ရှိသည်။

မြို့နယ်သစ်တောဦးစီးဌာန၏ ပျိုးဥယျာဉ်နှင့် နာခံလူထုအခြေပြု ပျိုးဥယျာဉ်တို့တွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ကျွန်းပင် ၂၅၀၀၊ မဲဇလီပင် ၄၈၀၀၊ စိန်ပန်းပြာ/နီပင် ၄၆၀၀၊ မန်ကျည်းပင် ၆၅၀၀၊ ခါတော်မီပင် ၁၀၀၀၊ ထောပတ်ပင် ၁၅၀၀၊ မက္ကဒေးမီးယားပင် ၅၀၀၊ ကော်ဖီပင် ၁၅၀၀၊ ကျောက်ထင်းရှူးပင် ၅၀၀၊ စိန်တံချူပင် ၈၀၀ နှင့် ပနားမားငု၊ သြရီရှား၊ လျှော်ဖြူစသည့် စုစုပေါင်းပျိုးပင် ၃၀၀၀၀ ကျော်ကို ပျိုးထောင်ထားရှိပြီး ရာသီဥတုပူပြင်းလာခြင်း၊ မိုးခေါင်ခြင်းစသော သဘာဝဘေးဖြစ်စဉ်များကို သစ်ပင်စိုက်ပျိုးခြင်းဖြင့် ကာကွယ်နိုင်မည်ဖြစ်ရာ သစ်ပင်များ တစ်နိုင်တစ်ပိုင် စိုက်ပျိုးပြုစု ထိန်းသိမ်းနိုင်ရန်အတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

*စာမျက်နှာ ၂၂ မှ*

ပြည်ထောင်စု/ တိုင်းဒေသကြီးရန်ပုံငွေများဖြင့် ရှစ်စင်း ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်သည်။

ထို့အတူ လမ်းပန်း ဆက်သွယ်ရေးခက်ခဲသော တောင်ပေါ်ဒေသများတွင် ပေ ၁၈၀အထက် တံတားကြီးများအနေဖြင့် ဂန့်ဂေါမြို့နယ်တွင် သာလင်း-မြင်သာ၊ မြစ်သာမြစ်ကူးတံတားပေ ၈၁၀၊ စလင်းမြို့နယ်တွင် ပိန္နဲပင်- ငါးသန်ခေါင်းလမ်းပေါ်ရှိ ပေ ၈၂၀ တံတား၊ ဆောမြို့နယ်တွင် ကျောက်ထု-ပေါက် ကားလမ်းမှ ငါးလွန်း- ကျောက်မလမ်းပေါ်ရှိ ယောချောင်းတံတား ပေ ၂၅၀ လုပ်ငန်းများကို အကောင်အထည်ဖော်ပြီးဖြစ်သည်။

မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၃၇ ဒသမ ၀၅၂ ကီလိုမီတာ၊ ကတ္တရာလမ်း ၂၇၄ ဒသမ ၃၆၅ ကီလိုမီတာ၊ ကျောက်ချောလမ်း ၁၄ ဒသမ ၆၉၆ကီလိုမီတာ၊ အမာခံလမ်း ၂၁၂ ဒသမ ၅၆၉ ကီလိုမီတာ၊ မြေသားလမ်း ၈၆ ဒသမ ၀၈ကီလိုမီတာ၊ စုစုပေါင်း ၂၅၃၃ ဒသမ၇၆၂ ကီလိုမီတာ၊ ကွန်ကရစ်တံတား ၁၄၃စင်း၊ ဘေလီတံတား ၂၅စင်း၊ Box Culvert ၄၃၇စင်း၊ ရေကျော် ၁၄၇စင်း၊ အခြား၂၉ခု၊ စုစုပေါင်း ၇၈၁စင်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထားကြောင်း သိရှိရသည်။

ထို့ကြောင့် မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း၊ တံတားများအား ရာသီမရွေး သွားလာနိုင်သော လမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်းဖြင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကာ

ကျေးလက်ပြည်သူ ရိုင်းပင်းကူ
လက်တွဲငြိမ်းချမ်း ဒို့ကြိုးပမ်း
လမ်းများဖောက်လုပ် ဒို့အလုပ်
ဖွံ့ဖြိုးရေးဆောင်ရွက် ပြည်သူ့အတွက်

ဆိုသည့် ဦးစီးဌာန ရည်မှန်းချက် ဆောင်ပုဒ်နှင့်အညီ စွမ်းအားရှိသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြ လိုက်ရပါသည်။ ။



မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ သာလင်း-မြင်သာ မြစ်သာမြစ်ကူးတံတား။

## အခွန်ထမ်းတစ်ဦးချင်း၏ အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ

အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အောက်ပါအခွင့်အရေးများ ရှိသည်ကို သိရှိနိုင်ပါရန် အသိပေးအပ်ပါသည် –

(၁) အခွန်ဥပဒေများနှင့်အညီ လိုက်နာရမည့် အချက်အလက်များကို သိရှိနိုင်ခွင့်၊ သက်ဆိုင်ရာ အခွန်ပုံစံများ၊ ညွှန်ကြားချက်များ၊ ထုတ်ပြန်ချက်များ၊ အမိန့်ကြော်ငြာစာများ၊ အကြောင်းကြားစာများကို ရှင်းလင်းစွာ သိရှိနိုင်ခွင့်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကိစ္စနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ၊ ရလဒ်များအပေါ် ရှင်းလင်းချက်များ တောင်းဆိုပိုင်ခွင့်နှင့် ရရှိပိုင်ခွင့်များ ရှိပါသည်။

(၂) အခွန်ထမ်းပြည်သူများသည် စစ်ဆေးမည့်နှစ်နှင့် သက်ဆိုင်ရာစာရင်းများကို စစ်ဆေးရန် အများဆုံးကြာမြင့်မည့် အချိန်ကာလ၊ ဌာန၏သဘောထား စသည်တို့အား အခွန်ထမ်းများထံမှ အချက်အလက်ရရှိနိုင်မှုအပေါ်မူတည်ပြီး သိရှိနိုင်ခွင့်ရှိပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခွန်ထမ်းများပေးအပ်သည့် သတင်းအချက်အလက်များအားလုံးကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေနှင့်အညီ လျှို့ဝှက်စွာထိန်းသိမ်းထားရှိမည်ဖြစ်ပါသည်။

(၃) အခွန်ထမ်းပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အမီ ကြေညာလွှာကို တင်သွင်းနိုင်ခြင်းမရှိပါက ကြေညာလွှာတင်သွင်းရန် ရက်တိုးမြှင့်တောင်းခံခွင့် ရှိပါသည်။ ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားတောင်းခံရမည် ဖြစ်ပြီး သာမန်အားဖြင့် (၁၅)ရက်ထက်မပိုသောကာလအထိ တိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပါသည်။ ယင်းကာလထက် ပိုမိုလိုအပ်ပါက လုံလောက်သောအကြောင်းအရာများ၊ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ တင်ပြလျှောက်ထားတောင်းခံရမည် ဖြစ်ပါသည်။

(၄) အခွန်ထမ်းပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အမီ အခွန်ပေးသွင်းနိုင်ခြင်းမရှိပါက အခွန်ပေးသွင်းရန် ရက်တိုးမြှင့်တောင်းခံခွင့်ရှိပါသည်။ အခွန်ပေးသွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားတောင်းခံရမည်ဖြစ်ပြီး၊ ပေးဆောင်ရမည့် အခွန်ငွေပမာဏနှင့် ဒဏ်ကြေးငွေအား တစ်လုံးတည်းဖြစ်စေ၊ အရစ်ကျဖြစ်စေ ပေးသွင်းရန် တင်ပြလျှောက်ထားတောင်းခံရမည် ဖြစ်ပါသည်။

(၅) အခွန်ထမ်းပြည်သူများသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ စည်းကြပ်မှု သို့မဟုတ် အခြားဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်စဉ်းစားပေးရန် လျှောက်ထားခွင့် ရှိပါသည်။

(၆) အခွန်ထမ်းပြည်သူများသည် သက်ဆိုင်ရာအခွန်ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အခွန်ထမ်းကိုယ်စား အခွန်ဆိုင်ရာကိစ္စအဝဝကို ဆောင်ရွက်ရန် တရားဝင်ခန့်အပ်ထားသော ကိုယ်စားလှယ်ကို ထားပိုင်ခွင့်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## ဒေးဒရဲမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်များထောက်ပံ့

**ဒေးဒရဲ ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ၂၀၂၁ ခုနှစ် မိုးရာသီကာလအတွင်း ပတ်ဝန်းကျင်စိမ်းလန်း စိုပြည်ရေးအတွက် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများ ပျိုးပင်များအခမဲ့ရယူစိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာရှိ သစ်တောဦးစီးဌာနက စိုက်ပျိုးထားရှိသည့် လူထုဖြန့် ပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၂၀၀၀၀ စိုက်ပျိုးထားသည်။

သစ်ပင်များစိုက်ပျိုးခြင်းဖြင့် မြေဆီမြေဩဇာတိုးပွားစေပြီး အပူချိန်ထိန်းညှိပေးနိုင်ခြင်း၊ ရေလွှမ်းမိုး ထိန်းသိမ်းပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ရေး ၂၀၂၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးရန် အတွက် မန်ကျည်းရှား ၁၅၀၀၀၊ ကျွန်း ၁၀၀၀၊ ခရေ ၃၀၀၀ နှင့် မဟော်ဂနီ ၁၀၀၀ ကို ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးမိုးမင်းသန်းက ပြောသည်။

အဆိုပါပျိုးပင်များကို ဇွန်လအတွင်း အခမဲ့ စတင်ဖြန့်ဝေပေးမည်ဖြစ်သည့်အတွက် မြို့နယ်သစ်တော ဦးစီးဌာနတွင် အခမဲ့ လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။ **မြင့်မြင့်ခိုင်**

စာ အုပ် စာ ပေ လှူ မိတ် ဆွေ

**ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ**
**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**သံတွဲခရိုင် တရားရုံးတော်**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ် ၁၂ နှင့် ဆက်နွှယ်သည့်**
**၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ် ၉**

ဒေါ်တိုးတိုးအေး နှင့် ၁။ ဦးကျော်မျိုးလင်း
၂။ ဒေါ်ခိုင်မေဦး

တရားနိုင် တရားရှုံးများ

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ်၊ ပေလီမြို့၊ ဂျိတ္တော(၆)ရပ်ကွက်၊ သံတွဲ-လုံးသာ ကားလမ်းတွင်နေထိုင်သူ တရားရှုံးများဖြစ်သော ဦးကျော်ဖေ၏ သား ဦးကျော်မျိုးလင်း(ကျူရှင်ဆရာ) နှင့် ဦးဆန်းမြင့်၏သမီး ဒေါ်ခိုင်မေဦး (ယခုနေရပ် လိပ်စာ မသိ)သူတို့ သိစေရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ် ၁၂တွင် ကျရှိသည့် ဒီကရီအား အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်တိုးတိုးအေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၁ခုနှစ် ဇူလိုင် ၇ရက် (၁၃၈၃ခုနှစ် နယုန်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၁ခုနှစ် ဇွန် ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သိန်းသိန်းဌေး)**
**ခရိုင်တရားသူကြီး**
**သံတွဲခရိုင်တရားရုံး**

**ပြင်ဆင်ဖတ်ရှုပါရန်**


၁၀-၆-၂၀၂၁ရက်ထုတ်ဤသတင်းစာ၏ စာမျက်နှာ(၃၁)ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် အမှတ် ၆၅၄/ခ၊ နဝရတ် ကိုးသွယ်လမ်း၊ (၇၆)ရပ်ကွက် အစား (၅၆)ရပ်ကွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အမည်ပြောင်း**

ဦးနေလင်းအောင်၏သား ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ တိန်းခွန်း အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ခန့်နော်အား မောင်သန်းထိုက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အမည်ပြောင်း

ရပ်စောက်မြို့နယ်၊ ဗထူးရပ်ကွက်၊ ဆလအ (၉၅၆)မှ ဦးတင်အေး ၂/လကန(နိုင်)၀၉၉၀၃၄ ၏သမီး မခင်မျိုးခက်အား မခက်လွန်းငယ် ၂/လကန(နိုင်)၀၆၈၉၃၃ ဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် ၎င်း၏ မွေးသက္ကရာဇ် အမှန်မှာ (၂၅-၇-၁၉၈၈) ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရပ်စောက်မြို့နယ်၊ ဗထူးရပ်ကွက်၊ ဆလအ (၉၅၆)မှ ဦးတင်အေး ၂/လကန (နိုင်)၀၉၉၀၃၄၏သမီး မနုလုံးသား(ခ) မနွေးနွေးအား မနန်းမြတ်မြတ်သူဟု ပြောင်းလဲ ခေါ်ဆိုပါရန်နှင့် ၎င်း၏မွေးသက္ကရာဇ် အမှန်မှာ (၃၁-၁-၂၀၀၄) ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျော်ဘွယ်မြို့၊ မြို့သစ်ရပ်ကွက်၊ နယ်မြေ (၅)၊ ငုရွှေဝါလမ်းနေ ဝေဝေတာ ၉/ပဘန(နိုင်)၂၇၁၀၈၀၏ ဖခင် ဦးခင်မောင်တာ(ခ)ဦးမောင်မောင်တာ ၈/ရနခ (နိုင်)၀၁၅၀၅၈ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျော်ဘွယ်မြို့နယ်၊ ဇဂျမ်းတောင်အုပ်စု၊ ဇဂျမ်းတောင်ကျေးရွာနေ ဦးလှဝင်း-ဒေါ်မှဲ့ကြည်တို့၏သမီး မမြတ်မြတ်မိုး(ခ)မမြမြမိုးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မမြတ်မြတ်မိုး(ခ)မမြမြမိုး**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ လယ်ဝေးမြို့၊ အောင်ကောင်းပြည့် ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မသက်သက်မွန်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၇-၂-၂၀၀၆) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ ပင်းဝကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာနေ မောင်ဝိုင်းအာကာချစ်၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင် ၈/ရနခ(နိုင်)၁၀၀၈၂၂ ဖြစ်ပါကြောင်း။

**ဦးသန်းလွင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/2630 ယာဉ်လက်ဝယ်ရှိသူ Aung Kan Bo Trading Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(နေပြည်တော်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မအူပင်ခရိုင်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၄၈

| | | |
|---|---|---|
| ဦးမာကျော်ဝင်း ပါ (၂)ဦး | နှင့် | ဦးတိုး |
| **တရားလိုများ** | | **တရားပြိုင်** |

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ် (၂)ရပ်ကွက်၊ ဘောလုံးကွင်း (၃)လမ်း၊ အမှတ် (၁၇)နေ ဦးတိုး ယခုနေရပ်လိပ်စာ (မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက် (၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ဖရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ ဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာ တမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လင်းအောင်သူ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မအူပင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အနောက်၊ မြေကွက်အမှတ် -၁၀၉၊ မြေဧရိယာ (၀.၁၁၃ဧက)ကော၊ မြေကွက်တည်နေရာအမှတ်(၅)၊ ဧရာဝဏ်(၃)လမ်း၊ မြခွာညိုအိမ်ရာ(ယုဇန)၊ သာကေတမြို့နယ်၊ ဦးလူပေါ် ၁၂/မဂတ(နိုင်)၀၂၂၉၉၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်အရ ၂၀၀၅ ခုနှစ်၊ ၂၀၀၆ ခုနှစ်၊ ၂၀၀၉ခုနှစ်တို့တွင် ဦးလူပေါ်မှ အရောင်းမြေပုံ ကူး ထုတ်ယူခဲ့သော်လည်း အရောင်းအဝယ်ဖြစ်မြောက်ခဲ့ခြင်းမရှိကြောင်း၊ ၂၀၀၇ခုနှစ်၊ ၂၀၁၀ပြည့်နှစ်နှင့် ၂၀၁၂ ခုနှစ်များတွင် ဦးလူပေါ်မှ ဘဏ်ချေးမြေပုံကူးယူခဲ့ခြင်းများနှင့်ပတ်သက်၍ ဘဏ်ချေးရန် မြေပုံကူး ခြင်းများအားလုံးသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကူးယူခဲ့ခြင်းဖြစ်၍ ချေးငွေများ ကျေလည်စွာပေးဆပ်ပြီးသောကြောင့် ဂရန်မူရင်းမှာ ၎င်း၏လက်ဝယ်ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း အရောင်းအတွက် ကူးယူထားသော မြေပုံ၊ မြေရာဇဝင်များကိုလည်း စာချုပ်မချုပ်၍ ပြန်လည်အပ်နှံပြီး၍ လက်ရှိအချိန်တွင် ဂရန်မူရင်း၎င်း၏ လက်ဝယ်ရှိနေပါကြောင်း၊ မည်သည့်ပြဿနာတစ်စုံတစ်ရာမရှိပါကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာဖြစ်လာပါက တာဝန်ယူကြောင်း ၂၃-၁၂-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာဖြင့် ရှင်းလင်းတင်ပြလာသဖြင့် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ်-၇၃၀/က၊ မြေကွက်တည်နေရာအမှတ်- ၃၂၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် (ဦးအောင်ကျင်) ၁၂/သဃက(နိုင်)၀၈၈၀၇၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ကျင်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ဌာန၏မြေစာရင်းမှတ် ချက်ပါ (၂၀၀၅)ခုနှစ်တွင် ဦးအောင်ကျင်က ဘဏ်ချေးမြေပုံလျှောက်ထားရယူခဲ့ပြီး ၎င်းဘဏ်ချေးမြေပုံမူရင်းသည် မီးလောင်ပျက်စီးသွားပါကြောင်း၊ မည်သည့်ဘဏ်တွင်မှ ချေးငွေရယူထားခြင်းမရှိပါကြောင်း၊ ၎င်း (၂၀၀၅) ဘဏ်ချေးမြေပုံမူရင်းနှင့် ပတ်သက်၍ ပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ကျမ်းကျိန်လွှာ (၁/၄၀၂၇/၂၉-၁-၂၀၂၁)ဂရန်၊ နိုင်/ကတ်တို့တင်ပြ၍ ယခုအရောင်းမြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော် ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊သန်လျင်ကျောက်တန်းမြို့နယ်၊မြေတိုင်းရပ်ကွက်(သီလဝါစက်မှုဇုန်) သံချက်ဝန်ဦးညွန့်လမ်း၊ မြေကွက်အမှတ်(၁၂၉+၁၃၀+၁၃၁+၁၃၂/A)၊ ဧရိယာ(၃.၆၇၁)ဧကရှိသည့် ဦးသိန်းသန်းအောင်+(၃)ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်ကို မြို့မြေစာရင်းနှင့် နှစ်(၆၀)မြေငှါးဂရန်တွင် **(၁)ဦးသိန်းသန်းအောင်**(၁၂/ဗဟန(နိုင်)၁၀၁၂၇၂) **(၂)ဒေါ်ချန်ရှီယင်(ခ)ဒေါ်ငွေးငွေးညွန့်**(၁၄/ဟသတ(ဧည့်)၀၀၀၁၁၃)၊ **(၃)ဦးချမ်းမြေ့အောင်(ခ)ဦးသိန်းသန်းငွေး**(၁၂/ဗဟန(နိုင်)၀၉၆၁၈၄)၊ **(၄)ဦးငွေးအောင်**(၁၂/ဗဟန(နိုင်)၀၀၉၈၈၇)တို့မိသားစု(၄)ဦး ကပူးတွဲ၍အမည်ပေါက်ကာ တရားဝင်ပိုင်ရှင်များအဖြစ် အရှုပ်အရှင်းကင်းစွာ လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည်နေ့မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

( လွှဲအပ်ညွှန်ကြားချက်များအရ )

| | |
|---|---|
| **ဦးသန့်ဇင် ( LL-B )** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| **အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)** | **အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄)** |
| **Ph-09 253995848 , 09-798420119** | **Ph-09-4200 73685** |

အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(D-2) ၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပခုက္ကူမြို့၊ အမှတ် (၁၅)ရပ်ကွက်၊ ဆင်ပေါက်လှ (၅)လမ်းနေ မောင်သာထက်အောင် ၈/ပခက(နိုင်)၂၈၉၁၅၂၏ ဖခင် ဦးမျိုးကျော်(ခ)ဦးကျော်သူ ၈/ပခက (နိုင်)၁၇၈၄၂၁ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၇၇၁၀၇ Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွဲ့နွဲ့အေး ၈/ပခက(နိုင်)၁၇၂၄၃၃က က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်မှ မြေဧရိယာ ၀.၁၁၀ဧကရှိ မြေ ကွက်အမှတ် (ပ-၂၂၃၅)၊ ဦးကြည်လှိုင် ၁၂/လကန(နိုင်)၀၂၀၈၇၅ (ဘ)ဦးသောင်းရွှေ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဒေါ်သဇင်မြ ၆/ပလန(နိုင်)၀၇၃၀၂၃ (ဘ)ဦးမြင့်ဝင်းမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၆၁၆/၂၀၂၀)တင်ပြ၍ ဦးအုန်းထွေး ၁၁/ကဖန(နိုင်)၀၃၆၄၀၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇ ဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုချက်ရန်ပုံငွေဖြင့် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူ ဝယ်ယူမည့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်း ကိရိယာ(၁၃)မျိုးအား ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ဒုတိယအကြိမ် ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် (၃၁-၅-၂၀၂၂)ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး (၃၀-၆-၂၀၂၂)ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်း၍ 1% P.O Cheque လက်ခံမည်ဖြစ်ကာ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်ကို အချိန်မီအကြောင်းကြားသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၈၁၇၇ နှင့် ၀၆၇-၃၄၀၈၄၆၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၃ခ)၊ ဦးပိုင်အမှတ်(၄၉/၁)၊ မြေဧရိယာ(၀.၁၁၁၀၉)ဧကရှိ မြေကွက်ကို မူလကဦးလထော်အောင်အမည်ဖြင့် (၃၀-၆-၂၀၀၉)ရက်အထိ (၁၅)နှစ်မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး (၁၀-၁၀-၂၀၀၅) ရက်တွင် ဦးလထော်အောင်ထံမှ ဒေါ်ရွှေကြည်ကလည်းကောင်း၊ (၂၅-၇-၂၀၀၈)ရက်တွင် ဒေါ်ရွှေကြည်ထံမှ ဒေါ်ခေါန်မိုင်ကလည်းကောင်း နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ခေါန်မိုင် ၁/ကမန(နိုင်)၀၁၁၀၈၄၅ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် (၂၉-၇-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၈၄၅/၂၀၂၀)ကို (၇-၈-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၄၁၅/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၄)၊ မြေကွက်အမှတ်(၁၄၆)၊ ဧရိယာ (၀.၁၁၁မ၀၅၇)ကော၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၄၆)၊ အင်ကြင်းလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်ခင်လေးကြီး ၁၃/တကန(နိုင်)၁၁၇၈၄၀ အမည်ပေါက်တည်ရှိပြီး ၎င်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် ၃၈၅၇/ ၂၀၂၀ (၂၄-၈-၂၀၂၀)စာချုပ်အရ ဦးကျော်ကျော်ထိုက် ၁၂/ဗဟန(နိုင်)၀၂၈၆၂၀နှင့် ဒေါ်အေးမြချို ၁၂/အစန(နိုင်)၀၁၇၇၂၀တို့မှ ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက် အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၃၄၁)**
**အမှတ်(၄၆၊ ပထမထပ်–ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (ဒ-၆၀၁၁)၊ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်ခင်မြတ်(ဘ)ဦးမောင်ဝင်း ၁၂/ကမတ(နိုင်)၀၄၆၄၁၄ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဒေါ်တင်တင်ရီ (ဘ)ဦးမိုးဟိန်း ၁၂/အစန(နိုင်)၀၇၇၈၂၈မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာ အမှတ် (၆၄၉/၂၀၂၁) (၁၄-၅-၂၀၂၁)မူရင်းတင်ပြ၍ ဒေါ်ငြိမ်းငြိမ်းဝင့်အောင် (ဘ)ဦးဝင်းအောင် ၁၂/အစန(နိုင်)၁၈၁၂၃၆နှင့် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာ ချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဝမ်းတွင်းမြို့၊ အမှတ်(၂)နယ်မြေ၊ သိမ်တော်လေးရပ်ကွက်၊ (၁၅)လမ်းတောင်ဘက်၊ အလျား ပေ(၅၂x၅၅)၊ အနံ ပေ (၃၁ x ၃၂)မြေပေါ်တွင် ဦးမျိုးညွန့် ၉/ဝတန(နိုင်)၀၈၄၆၀၆မှ အဆောက်အုံဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ တစ်လအတွင်း ပိုင်ဆိုင်မှု အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမျိုးညွန့် (ဖုန်း-၀၉-၇၉၈၂၄၇၂၅၇)**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ စဥ့်ကူကျေးရွာအုပ်စု၊ မြို့မ(တောင်)ရပ်ကွက်ရှိ ဒေါ်ခင်သိုက်ဆွေ ၁၂/စခန (နိုင်)၀၃၆၇၇၁ ပိုင်ရှင်ထံမှ အလျား ၂၄၃ပေxအနံ ၁၅၄ပေ မြေကွက်အား ကျွန်ုပ်မိတ်ဆွေ ဒေါ်ဆုမြတ်မွေး ၈/ပခက(နိုင်)၂၁၆၀၃၅က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသောင်းဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၁၈၉၆)**
**(၂၇-၅-၂၀၁၃)**
**အမှတ်–၇၄ (ဒု–ထပ်)၊ ဗိုလ်ချုပ်လမ်း**
**ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၂၅၂၀၈၂၆၁၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနအတွက် ဓာတ်ဆီ(၁၈၀၀၀)ဂါလန်နှင့် ဒီဇယ်ဆီ(၇၅၀၀၀) ဂါလန်တို့အား ဝယ်ယူရန် တင်ဒါပြန်လည်ခေါ်ယူမည်ဖြစ်ပါသဖြင့် အောက်ပါအတိုင်း မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံရောင်းချမည့်ရက်** | – | ၁၄-၆-၂၀၂၂ရက်မှ ၂၂-၆-၂၀၂၂ရက်အထိ (ရုံးချိန်အတွင်း) |
| ၃။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | – | စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော် |
| ၄။ | **တင်ဒါလျှောက်လွှာပိတ်ရက်** | – | ၂၅-၆-၂၀၂၂ရက် မွန်းလွဲ ၁ နာရီ |

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း -ဖုန်း-၀၆၇-၄၁၀၂၁၀၊ ၀၆၇-၄၁၀၅၁၈တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ -၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၈ ခုနှစ် တရားမပထမအယူခံမှုအမှတ် - ၂၃၃

| | | |
|---|---|---|
| ဒေါ်ရတနာသိန်းသန်း | နှင့် | ၁။ ဦးအုန်းထွန်း<br>၂။ ဒေါ်ခင်အေးမူ |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

၂၀၁၈ခုနှစ် မတ် ၆ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၉၃/၂၀၁၆ အမှုတွင် ချမှတ်သောစီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

အမှတ် (၅/၄၄)၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ အယူခံတရားပြိုင် (၁) ဦးအုန်းထွန်း၊ (၂) ဒေါ်ခင်အေးမူ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချပေးသည့်ဒီကရီကို အယူခံတရားလိုမှ ပထမအယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၂ ခုနှစ် ဇူလိုင် ၁ရက် (၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ၇ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်တို့က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထိပ်ထားလေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

ဝမ်းတွင်းမြို့၊ အမှတ်(၃)၊ ဗဟိုရပ်ကွက်ရှိ အကွက်အမှတ်(ကက-၃၃)၊ ဧရိယာ ပေ(၄၀x၃၅)မြေပေါ်တွင် ဒေါ်မြိုင် ၉/ဝတန(နိုင်)၀၀၁၁၃၈မှ အဆောက်အအုံ ပြင်ဆင်ဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်လအတွင်း ပိုင်ဆိုင်မှုအထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်မြိုင် (ဖုန်း-၀၉-၈၈၉၇၇၅၄၇၂)**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည် ဒေါ်ရီရီမြင့် ၁၂/ဆကန(နိုင်)၀၀၁၈၈၈မှ ဒေါ်သီတာလွင် ၁၂/မဂဒ(နိုင်)၀၉၀၀၃၈အား ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ ဦးထွန်းမြင့်လမ်း၊ မြေကွက်အမှတ်-၉၁၇ ဂရန်မြေနှင့် ပတ်သက်၍ ၃၀-၁၂-၂၀၁၄ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် -၃၃၄၈၁/၂၀၁၄ ဖြင့် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်တို့၏အမှုသည်မှာ ဒေါ်သီတာလွင်သို့ လွှဲအပ်ခဲ့သော ကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်၍ ဆက်လက် လုပ်ကိုင်ဆောင်ရွက်ရန်မရှိတော့ပါသဖြင့် ယနေ့မှစ၍ အထက်ပါအထူးကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B)** | **ဒေါ်မိုးမီမီခိုင် (LL.B)** |
| **(စဉ်–၅၃၃၆၉)** | **(စဉ်–၅၃၄၉၁)** |

**အထက်တန်းရှေ့နေများ**
**အမှတ် (၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇-D)၊ မြေကွက်အမှတ်(၅-ဂျီ/၂၊ မြေကွက်တည်နေရာအမှတ် (၂၀/C)၊ ဗဟိုလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်း မြို့နယ်၊ (၁)ဦးမောင်မောင်သောင်း ၁၂/စခန(နိုင်)၀၀၈၁၈၇၊ (၂) ဒေါ်စုစုမာ ၁၂/စခန (နိုင်)၀၀၈၆၀၁၊ (၃) ဒေါ်သီတာကျော် ၁၂/စခန(နိုင်)၀၀၈၂၉၃ အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူဦးမောင်မောင်သောင်းသည် (၁၆-၃-၂၀၁၆)ရက်တွင် ကွယ်လွန်သဖြင့် ၎င်း၏အစုအား (ဇနီး)ဒေါ်ဆွေဆွေ ၁၂/စခန (နိုင်)၀၀၈၅၄၀ မှ တရားဝင်ဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ဒဂုံမြို့နယ်တရားရုံးကျမ်း ကျိန်လွှာမှတ်ပုံတင် အမှတ် ၇/၁၉၆၀/၂၀၂၀(၁၃-၇-၂၀၂၀)ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ သေစာရင်း၊ အိမ်ထောင်စု လူဦးရေစာရင်း နှင့် အမည်ပေါက်စာချုပ်တို့ကိုတင်ပြ၍ ကျန်ပူးတွဲပိုင်ရှင် ဒေါ်စုစုမာ ၁၂/စခန(နိုင်)၀၀၈၆၀၁၊ဒေါ်သီတာကျော် ၁၂/စခန(နိုင်)၀၀၈၂၉၃ တို့နှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## တိုင်းဒေသကြီး/ ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းနှင့်ဌာနများတွင် လစ်လပ်လျက်ရှိသော အမှုထမ်းရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့်ဌာနများ၊ Fashion Technology၊ Food Science and Technology နှင့် Hotel & Tourism သက်မွေးသင်တန်းများ ဖွင့်လှစ်မည့် ကျောင်းများအတွက် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နီးစပ်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းနှင့်ဌာနများတွင် လျှောက်လွှာတင်သွင်း နိုင်ပါသည်-

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | ခန့်အပ်မည့် ဦးရေ |
|---|---|---|---|
| (က) | နည်းပြ (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | B.E (Civil, EC, EP, Mech, Chemical, IT,MC,Textile) | (၃၁၅)ဦး |
| | | M.A/M.Sc(Myan, Eng, Maths, Phys, Chemistry, IC) | (၁၀၄)ဦး |
| | | B.Agr.Sc | (၁၀)ဦး |
| | | Bachelor of Business Management (BBM)၊ Bachelor of Tourism and Hospitality Management (BTHM)၊ BA(Tourism)ဘွဲ့ရ (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီးဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာပညာရပ်တွင် ဒီပလိုမာ(သို့)သင်တန်းဆင်း လက်မှတ် တစ်ခုခုရရှိပြီးသူ | (၄၀)ဦး |
| (ခ) | ခတ်ခွဲခန်းကျွမ်းကျင်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | AGTI(Civil, EC, EP, Mech, IT) ဒီပလိုမာလက်မှတ်ရရှိသူ | (၂၆၅)ဦး |

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား အလုပ်လျှောက်လွှာခေါ်ယူသွားမည်ဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၀-၆-၂၀၂၂)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် (၃၀)နှစ်၊ ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက် မကျော်သူဖြစ်ရမည်။

(ဂ) နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော သင်ကြား(နေ့စား)ဖြစ်ပါက(၃၀-၆-၂၀၂၂) ရက်နေ့တွင်အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) လုပ်ငန်းလိုအပ်ချက်အရ တိုင်းရင်းသား/ဒေသခံများကို ဦးစားပေးရွေးချယ်ခန့်ထားမည်။

(င) ရွေးချယ်ခံရသူများသည် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနတွင် တစ်ဆက်တည်း လုပ်သက်အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်းနှင့် ဒေသမရွေးတာဝန်ထမ်းဆောင်ရမည် ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

(စ) ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်သူဖြစ်ရမည်။

(ဆ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် နီးစပ်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ကျောင်းနှင့်ဌာနများတွင် ထုတ်ယူ၍ လျှောက်လွှာများကို(၁-၇-၂၀၂၂)ရက် နောက်ဆုံးထားပြီး အောက်ဖော်ပြပါ စာရွက်စာတမ်းများပူးတွဲလျက် နီးစပ်ရာ ကျောင်းများသို့ တိုက်ရိုက်တင်သွင်းလျှောက်ထားရမည်-

(က) ဘွဲ့လက်မှတ်/ AGTIဒီပလိုမာလက်မှတ်/ဘွဲ့တစ်ခုခုရရှိပြီးဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဆိုင်ရာပညာရပ်တွင် ဒီပလိုမာ(သို့) သင်တန်းဆင်း လက်မှတ်တစ်ခုခု/မိတ္တူ။

(ခ) (၆)လအတွင်းရိုက်ထားသော ပတ်စ်ပို့ ဓာတ်ပုံ(၃)ပုံ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် မှတ်ပုံတင်မိတ္တူ။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဌာနအဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုကြောင်းထောက်ခံချက် မူရင်း/မိတ္တူ။

(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် (၁)နှစ်အတွင်း ပြုလုပ်ထားသော သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်မိတ္တူ။

(င) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း။

(ဆ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်း။

၄။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရန်ဖြစ်ပြီး အချိန်မီစေရန် လျှောက်လွှာတစ်စောင်ကို ကြိုတင်မိတ္တူဟုရေးသားပြီး ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နည်းပညာ၊ သက်မွေး ပညာနှင့်လေ့ကျင့်ရေး ဦးစီးဌာနသို့ ပေးပို့နိုင်ပါသည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာ တင်သွင်းခဲ့သည့် သက်ဆိုင်ရာ ကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့်ဌာနများတွင် ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး၊ အောင်မြင်လျှင် လူတွေ့စာမေးပွဲ ဖြေဆိုရမည်။

၆။ ဓာတ်ခွဲခန်းကျွမ်းကျင်(၄)ရာထူးနေရာအတွက် လျှောက်ထားလာသူ AGTI ဒီပလိုမာ လက်မှတ်ရများအား လူတွေ့စစ်ဆေးမှု ပြုလုပ်မည် ဖြစ်ပါသည်။

၇။ လူတွေ့စစ်ဆေးချိန်တွင် (ဘွဲ့လက်မှတ်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဒီပလိုမာ(သို့) သင်တန်းဆင်းလက်မှတ်၊ AGTI ဒီပလိုမာလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်) မူရင်းများ တင်ပြနိုင်ရမည်။

၈။ ရေးဖြေအောင်မြင်သူစာရင်းနှင့် အလုပ်ခန့်အပ်ခြင်းခံရသူများစာရင်းအား နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် ကြေညာသွားမည် ဖြစ်ပါသည်။

၉။ လျှောက်လွှာနှင့်စပ်လျဉ်း၍ စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၀။ ရေးဖြေစာမေးပွဲ စစ်ဆေးမှုအား အောက်ဖော်ပြပါအတိုင်း ကျင်းပသွားမည် ဖြစ်ပါသည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | (၃-၇-၂၀၂၂) | နံနက် ၁၀:၀၀နာရီ မှ ၁၂:၀၀နာရီ အထိ |
| (ခ) | အထွေထွေဗဟုသုတ/ ဘာသာရပ် | (၃-၇-၂၀၂၂) | မွန်းလွဲ ၀၁:၀၀နာရီ မှ ၀၃:၀၀နာရီ အထိ |
| (ဂ) | အင်္ဂလိပ်စာ | (၄-၇-၂၀၂၂) | နံနက် ၁၀:၀၀နာရီ မှ ၁၂:၀၀နာရီ အထိ |

မှတ်ချက်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မိမိလျှောက်ထားသည့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ကျောင်းနှင့်ဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန
## ရုံးအမှတ်(၆)၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၊ နေပြည်တော်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တန်း ဒု-ဦးစီးမှူး (အင်ဂျင်နီယာ) ရာထူး(၉)နေရာခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက် အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | အနိမ့်ဆုံးရှိရမည့်ပညာအရည်အချင်း | ခေါ်ယူမည့် ဦးရေ ကျား | မ |
|---|---|---|---|---|
| (က) | ဒု-ဦးစီးမှူး (အင်ဂျင်နီယာ) | A.G.T.I(EP/EC/MP/MC/MT/Civil | ၅ | ၄ |

၂။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၀-၆-၂၀၂၂ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်-

(က) (၆)လအတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံနှစ်ပုံ

(ခ) ဘွဲ့/ဒီပလိုမာလက်မှတ်(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)

(င) သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်(မိတ္တူ)

(စ) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ (တစ်လအတွင်းပြုလုပ်ထားသည့်) ထောက်ခံချက်(မူရင်း)

(ဆ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများတွင် လျှောက်လွှာမတင်မီတစ်လအတွင်း ကျန်းမာရေးကောင်းမွန်ကြောင်း စစ်ဆေးထားသည့်ဆေးထောက်ခံချက် (မူရင်း)

၄။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန/အဖွဲ့အစည်းအကြီးအမှူးမှတစ်ဆင့်ပေးပို့ လျှောက်ထားရမည်။

၅။ လျှောက်လွှာနမူနာပုံစံအတိုင်း ပြည့်စုံစွာဖြည့်စွက်ပြီး ညွှန်ကြားရေးမှူးချုပ်၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်သို့ ၃၀-၆-၂၀၂၂ရက်နောက်ဆုံးထား၍ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်စေလွှတ်၍သော်လည်းကောင်း လျှောက်လွှာတင်သွင်းနိုင်ပြီး အမြန်ချောပို့/စာတိုက်မှတစ်ဆင့် ပေးပို့လာသော လျှောက်လွှာများ၊ သတ်မှတ်ရက်ထက် နောက်ကျမှပေးပို့လာသည့် လျှောက်လွှာများနှင့် စာရွက်စာတမ်း၊ အချက်အလက်မပြည့်စုံသည့် လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လျှောက်လွှာများကို လူအင်အားစီမံရေးဌာနခွဲ၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်တွင် ၁၅-၆-၂၀၂၂ရက်မှ ၁၆-၆-၂၀၂၂ရက်အထိ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်စေလွှတ်၍သော်လည်းကောင်း ထုတ်ယူနိုင်ပြီး တစ်ဦးလျှင်လျှောက်လွှာတစ်စောင်သာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ရေးဖြေစာမေးပွဲအား ရုံးတည်ရှိရာ နေပြည်တော်တွင် ၂၀၂၂ခုနှစ် ဇူလိုင် ၁၇ရက်(စနေနေ့)တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့် ဘာသာရပ်များမှာ ဘာသာရပ်ဆိုင်ရာနှင့် အင်္ဂလိပ်စာ ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများအား ၂၀၂၂ခုနှစ် ဇူလိုင် ၁၅ရက်နှင့် ၁၆ရက်တို့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန ရုံးအမှတ်(၆)၊ နေပြည်တော်တွင် ထုတ်ပေးမည်ဖြစ်ပြီး ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ ဘွဲ့လက်မှတ်မူရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မူရင်းနှင့်အတူ လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။ ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးချိန်တွင် စာမေးပွဲဖြေဆိုရမည့်နေရာကို ကြေညာထားရှိမည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ အကြောင်းကြား၍ လူတွေ့စစ်ဆေးမှု ပြုလုပ်ပြီး ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါကြောင်းနှင့် အခြားသိရှိလိုသော အချက်များရှိပါက လူအင်အားစီမံရေးဌာနခွဲ၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၁၁၁၃၄သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန**

## မသက်ဆိုင်ပါကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ မေတ္တာ(၅)လမ်းနေ ကျွန်မဒေါ်မိ(ခ)ဒေါ်ခင်ဌေးကြည် ၃/မဝတ(နိုင်)၀၀၂၇၇၁နှင့် ဦးသန်းထွန်းတို့သည် အကြင်လင်မယားအဖြစ် ၁၉နှစ်ခန့်ပေါင်းသင်းနေထိုင်လာခဲ့ရာမှ ဦးသန်းထွန်းသည် ၁၂-၅-၂၀၁၈ရက်တွင် နေအိမ်မှ ကျွန်မတို့မိသားစုအား စွန့်ပစ်ထွက်ခွာသွားခဲ့ပြီး တစ်စုံတစ်ရာ ဆက်သွယ်အသိပေးခြင်း လုံးဝမရှိခဲ့ပါ။ ၂၆-၅-၂၀၁၈ရက်တွင် ရဟန်းဘောင်သို့ ဝင်သွားခဲ့သည်မှာ ခုနစ်နှစ်ပြည့်ခဲ့ပြီးဖြစ်ပါသဖြင့် ကျွန်မသည် လုံးဝပေါင်းသင်းလိုခြင်း မရှိတော့ပါသဖြင့် အကြင်လင်မယားအဖြစ်မှ မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိ(ခ)ဒေါ်ခင်ဌေးကြည်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၂)ရပ်ကွက်၊ အင်း၀(၂)လမ်း၊ မြေကွက်အမှတ်(၁၂၉)၊ မြေဧရိယာ (ပေ ၄၀x ပေ ၆၀) အကျယ်ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်ခင်မြတ်သူဇာအောင် ၁၂/ဒဂရ(နိုင်)၀၃၆၄၀၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူမည်သူမဆို အထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ဖြူဖြူ(တရားလွှတ်တော်ရှေ့နေ)
(စဉ်-၁၀၁၄၁/၂၀၁၄)
ရွှေချမ်းသာအဆင့်မြင့်အိမ်ရာ၊ တိုက်(၉)၊
ရွှေဝဏ်လမ်းမကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်
ဖုန်း-၀၉-၄၅၅၅၈၀၈၄၂

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender )ခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မန္တလေး(၆)မြို့နယ်အတွင်း လမ်းလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သောကတ္တရာအရည်ပြည့်(၆၀/၇၀) Drum Type ဝယ်ယူခြင်းအား (Open Tender )အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၉-၆-၂၀၂၂ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃-၆-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီ
တင်ဒါတစ်စောင်ဈေးနှုန်း - ၅၀၀၀၀/-

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းမည့်ပုံစံများရောင်းချခြင်းနှင့် တင်သွင်းရမည့်နေရာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း- ၀၂-၄၀၃၆၁၇၁၊ လိုင်းခွဲ- ၁၅၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လမ်းတံတားဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ (၂၀၂၁-၂၀၂၂) ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဖြင့် ဝယ်ယူမည့် 66/33 kV ကော့မှူးခွဲရုံအတွက် 66/ 33 kV, 30MVA Transformer with Onload Tap Changer (၁)လုံး အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၁၀.၆.၂၀၂၂) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၂.၇.၂၀၂၂)ရက်နေ့၊(၁၄ း ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကိုစိုးမင်းဦးနှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ လက်ခုပ်ကုန်းကျေးရွာ၊ ခတ္တာလမ်း၊ အမှတ်(၂၃၁)နေ ဦးစိုးကြည် ၁၂/ကခက(နိုင်)၀၃၉၀၀၉ နှင့် ဒေါ်မြင့်မြင့်မူ ၁၂/ကခက(နိုင်)၀၃၈၃၂၃ ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

အထက်အမည်ပါ ကျွန်ုပ်မိတ်ဆွေများ၏ သားဖြစ်သူကိုစိုးမင်းဦး ၁၂/ကခက(နိုင်)၀၆၅၉၀၃ကိုင်ဆောင်သူသည် မိဘများဆိုဆုံးမမှုကို နာခံမှုမရှိခြင်း၊ မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စအဝဝအားပြုလုပ်ခြင်း၊ မိဘများနှင့် မိသားစုများအား ကိုယ်စိတ်နှလုံးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အတွက် ၎င်းအားယနေ့ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ လုံးဝတာဝန်မယူပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ဥမ္မာမြင့်(စဉ်-၈၃၅၁) | ဒေါ်စုစုအောင်(စဉ်-၁၃၄၉၈) |
| LL.B, D.B.L | LL.B |
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) |

အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၉၇၂၃၀၉၈၉၂

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၄၁၄၀)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ကေရှိ ဦးတင်ဝင်း(ဘ)ဦးအောင်ပွင့် ၉/လဝန(နိုင်)၀၂၀၄၆၅ အမည်ပေါက်(ပါမစ်)မြေကွက်ကို ဦးရဲဝင်းလှိုင်(ဘ)ဦးမြင့်ရွှေ ၁၂/ကမတ(နိုင်)၀၆၃၃၀၈၊ ဒေါ်ဖူးပွင့်အောင်(ဘ)ဦးဝင်းဦး ၁၂/ကမတ(နိုင်)၀၆၄၉၅၃တို့မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈-U9)၊ မြေကွက်အမှတ်(၁၃၃)၊ အကျယ်အဝန်း ၀ ဒသမ ၀၁၁ကေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၃၃)၊ အေးချမ်းသာယာလမ်း၊ (၄၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ဒေါ်လှယဉ်ကျော့ (BTHG-၀၀၈၉၁၀)နှင့် ဒေါ်မြသီတာ(BTHG-၀၀၄၈၂၀)ထံမှ အထူးကိုယ်စားလှယ်စာရယူ၍ ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဦးနန္ဒရဲရင့်ဝင်း ၁၂/ကတတ(နိုင်)၀၂၃၈၈၃ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရပ်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်အိသီရိကြူ | ဒေါ်ဝတ်ရည်ထွန်း |
| LL.B, M.A(Business Law) | LL.B, LL.M |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၃၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၉၈) |
| ဖုန်း-၀၉-၄၃၁၆၃၄၀၅ | ဖုန်း-၀၉-၅၃၀၂၃၂၈ |

အမှတ်(၁၅)၊ မာလာမြိုင်လမ်း၊ (၁၆)ရပ်ကွက်၊
ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## တစ်ဦးတည်းဖြစ်ကြောင်း

ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်၊ ဆင်ခေါင်းကျေးရွာနေ မောင်ဖြိုးသူနိုင် ၁၄/ကပန(နိုင်)၂၁၂၄၆၈ ၏ ဖခင် ဦးအကော့ ၁၄/ကပန(နိုင်)၀၅၆၄၄၁ နှင့် ဦးတင်ဇော်သည် တစ်ဦးတည်းဖြစ်ကြောင်း။

**ဦးအကော့(ခ)ဦးတင်ဇော်**

## တစ်ဦးတည်းဖြစ်ကြောင်း

ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ ငှက်ပျောတော ကျေးရွာနေ မောင်ဇင်မင်းဦး ၁၄/သပန(နိုင်)၁၆၇၂၁၅ ၏ ဖခင် ဦးထိန်လင်း ၁၄/သပန(နိုင်)၀၈၁၃၅၄ နှင့် ဦးတင်လှိုင်သည် တစ်ဦးတည်းဖြစ်ကြောင်း။

**ဦးထိန်လင်း(ခ)ဦးတင်လှိုင်**

## တစ်ဦးတည်းဖြစ်ကြောင်း

ရေဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ လိပ်ပြာကန်ကျေးရွာနေ မောင်စအောင်ချမ်းသာ ၁၄/အမန(နိုင်)၁၅၂၇၀ ၏ ဖခင် ဦးသန်းဖုန်း ၁၄/အမန(နိုင်)၀၅၄၅၀၉ နှင့် ဦးမန်းသန်းဖုန်းသည် တစ်ဦးတည်းဖြစ်ကြောင်း။ **ဦးသန်းဖုန်း(ခ)ဦးမန်းသန်းဖုန်း**

## တစ်ဦးတည်းဖြစ်ကြောင်း

မုံရွာမြို့၊ သက္ကယ်ကျင်း အလကတွင် အလယ်တန်းပြ တာဝန်ထမ်းဆောင်နေသော ဦးမြင့်ဝင်းနှင့် ဦးဝင်းမြင့် ၅/ကဘလ(နိုင်)၀၉၀၈၂၅ မှာ တစ်ဦးတည်းဖြစ်ကြောင်း။

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်တွင်နေထိုင်သော ဒေါ်စိမ်းလဲ့သိင်္ဂီ ၁၂/တမန(နိုင်)၁၁၃၀၅၃ ၏ Myanmar Agro Exchange Public Limited (MAEX) သက်သေခံလက်မှတ် အမှတ်-၁၂၀၅ (500 Shares) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဒေါ်စိမ်းလဲ့သိင်္ဂီ**
**ဖုန်း-၀၉-၄၂၅၀၀၆၈၂၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၈၁၃၃၃ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လွင် ၆/ထဝန (နိုင်)၁၁၅၅၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၃၀၄၁၇ H.w 110s M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်ထွန်း ၆/ထဝန(နိုင်)၁၁၈၈၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/7496, DAIHATSU HIJET S200P, Pickup ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းမင်းလတ် ၆/လလန(နိုင်)၀၇၀၅၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၁၉၆၆၆ H.wave NF 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင် ၆/လလန(နိုင်)၀၇၄၇၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/8213, Toyota Probox S/W ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၁၂/အစန(နိုင်)၁၇၂၂၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဝမ်းနည်းကြေကွဲခြင်း

**နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဂဏာမဟာဝိနာယက၊ သကျသီဟသာသနဟိတဂုဏဝိသိဋ္ဌ**

### ဒေါက်တာ ဘဒ္ဒန္တကဝိသာရ

**(သာသနဓဇသီရီပဝရဓမ္မာစရိယ၊ သိရီပဝရဂုဏ်ထူး)**

**သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါ**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကဝိသာရသည် ၁၀-၆-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ တပည့်၊ ဒါယကာ မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အမက(လွန်) ဇေယျဝတီကျောင်း Grade-4 မှ မဝသုန်ဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်း နိုင်ဦး ၇/မလန(နိုင်)၀၉၂၄၆၉ ဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၇၃၆၈၊ Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော် ၇/ပခန(နိုင်)၂၉၆၁၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## မွေးသက္ကရာဇ်အမှန်

ဟိုပင်မြို့၊ အင်းလေးကျေးရွာနေ ဦးလှကြီး၏သမီး ဒေါ်ခင်ဝင်း ၁/မညန(နိုင်) ၀၁၄၃၁၇ ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၉-၈-၁၉၆၄) ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ဟိုပင်မြို့၊ အင်းလေးကျေးရွာနေ ဦးဘိုကေ၏သမီး မခင်သက် ၁/မညန(နိုင်)၀၈၄၉၈၆၏ မွေးသက္ကရာဇ်အမှန်မှာ (၂၁-၉-၁၉၇၅) ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/6939, TOYOTA VANGUARD ACA38 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထွန်း ၅/မရန(နိုင်)၀၆၃၉၀၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၄၇၂)၊ မြေကွက်တည်နေရာအမှတ်(၄၇၂)၊ စေတနာ(၃)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဒေါ်ခင်ကြည်) AD-007439 အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားမရုံး၊ တရားမကြီးမှုအမှတ် ၃၅/၂၀၂၀တွင် တရားလို ဒေါ်ချမ်းငြိမ်းငြိမ်းချမ်းမှ တရားပြိုင် ဒေါ်ခင်ကြည်အား ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေရန် စွဲဆိုမှုအပေါ် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်လိုက်သည့် (၁၀-၇-၂၀၂၀)ရက် ချမှတ်သည့်စီရင်ချက်ဒီကရီနှင့်ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ် ၄၁/၂၀၂၁အမိန့်တို့တင်ပြ၍ တရားရုံး ဒေါ်ခင်ကြည်ကိုယ်စားတရားရုံး ဘီလစ်စာရေးကြီး ဒေါ်လဲ့လဲ့ခိုင်မှ ဂရန်မူရင်း၊ တရားရုံးအမိန့်များနှင့်ဘီလစ်ခန့်စာတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဗိုလ်မှူးတင်ထွဋ်(ငြိမ်း)
**OTS-36**
**Central ကျောင်း အထက(၁)လသာ ကန်တော့ခံဆရာကြီး**
**အသက် (၈၃)နှစ်**

(ဦးချစ်မောင်-ဒေါ်ညိန်းရင်)တို့၏သား၊ (ဦးမြလှိုင်-ဒေါ်ခင်ညွှန့်)တို့၏သားသမက်၊ အမှတ် (၁၂၃)၊ လမ်း (၅၀)၊ ရန်ကုန် မြို့နေ ဒေါ်တင်အေးခိုင် (အထက-၂၊ လသာ-ငြိမ်း)၏ခင်ပွန်း၊ (ဦးကျော်-ဒေါ်မြင့်မြင့်လှိုင်)၊ ဦးခင်မောင်လှိုင်-(ဒေါ်မြနွယ်)၊ ဦးအောင်ခိုင်-ဒေါ်စန်းမြိုင်တို့၏ ညီ/မောင်၊ (ဦးတင်အောင်)-ဒေါ်အေးလှိုင်၊ ဦးအောင်ဖေ-ဒေါ်ခင်ဝင်းလှိုင်၊ ဦးမြင့်သိန်း-ဒေါ်ကြည်ကြည်သန်း၊ ဒေါ်ခင်ဆွေလှိုင်တို့၏အစ်ကို၊ တူ၊ တူမ ၁၀ယောက်တို့၏ဦးလေး၊ မြေး ၁၁ ယောက်တို့၏ဘိုးဘိုးကြီးသည် ၉-၆-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၁)ရပ်ကွက်၊ အင်ကြင်းမြိုင်အိမ်ရာ၊ တိုက်(၆)၊ အခန်း(၃၀၅)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၂၂ ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(ဗိုလ်ချိုလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၇:၃၀ နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဗိုလ်မှူးတင်ထွဋ်(ငြိမ်း)
**OTS-36**
**Central ကျောင်း အထက(၁)လသာ ကန်တော့ခံဆရာကြီး**
**အသက် (၈၃)နှစ်**

(ဦးချစ်မောင်-ဒေါ်ညိန်းရင်)တို့၏သား၊ (ဦးမြလှိုင်-ဒေါ်ခင်ညွှန့်)တို့၏သားသမက်၊ အမှတ် (၁၂၃)၊ လမ်း (၅၀)၊ ရန်ကုန် မြို့နေ ဒေါ်တင်အေးခိုင် (အထက-၂၊ လသာ-ငြိမ်း)၏ခင်ပွန်း၊ (ဦးမောင်မောင်တင်)၊ (ဦးမျိုးအေး-ဒေါ်ခင်ခင်)၊ ဒေါ်တင်တင်တို့၏ညီ/မောင်၊ (ဦးမောင်မောင်ထွန်း)၊ ဦးမျိုးမြင့်-ဒေါ်မေဖြူလှ၊ ဒေါ်ခင်ညို၊ ဒေါ်ခင်ဝင်း၊ ဦးဇော်ဝင်း-(ဒေါ်ဝင်းဝင်းသိန်း)တို့၏အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေး၊ မြေး ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၉-၆-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၁)ရပ်ကွက်၊ အင်ကြင်းမြိုင်အိမ်ရာ၊ တိုက် (၆)၊ အခန်း (၃၀၅)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါ သည်။

(ဗိုလ်ချိုလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၇:၃၀ နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရား တော်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**
### ဦးမျိုးသူ
**အသက်(၆၀)**

ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်နေ ဦးတင့်ဝေအေး (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)-ဒေါ်ခင်စန်းမြင့်တို့၏ ချစ်လှစွာသောသား၊ ဒေါ်ခင်စန်းဝေ၏ ခင်ပွန်း၊ ဒေါက်တာသက်နောင်-မရွှေရည်မျိုးသူ၊ မလဲ့ရည်မွန်ဝေတို့၏ ဖခင် ဦးမျိုးသူ(မန်နေဂျင်းဒါရိုက်တာ၊ မျိုးမြတ်သူကုမ္ပဏီလီမိတက်)သည် ၈-၆-၂၀၂၂ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မျိုးမြတ်သူ ကုမ္ပဏီလီမိတက် ဝန်ထမ်းများ**

## ဒေါက်တာဦးခင်မောင်မြင့်(B.D.S)Rgn
**သွားဘက်ဆိုင်ရာ ဆရာဝန်**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၂၉၂၊ လေးလွှာ)နေ (ဦးတင်အေး- ဒေါ်အေးကြည်)တို့၏သား၊ ဒုဗိုလ်မှူးကြီး တင်မြင့်(ငြိမ်း)-ဒေါ်ညွန့်ညွန့်ဌေးတို့၏ညီ၊ ဒေါ်ခင်မြင့်နွယ်၊ ဦးသန်းလွင်တို့၏ အစ်ကို၊ ဒေါ်ခိုင်ဖြူဝင်း(သွား/ကျောင်းကျန်းမာရေး)၏ခင်ပွန်း၊ ဗိုလ်မှူးနိုင်ဝင်းထွန်း၊ ဒေါ်ရတနာခိုင်ဖြူမြင့်(တရားလွှတ်တော်ရှေ့နေ)၊ မမေဇွန်(ခ)စုစုတို့၏ဖခင်၊ မမိုးပြည့်စန္ဒီမြင့်၊ မသွန်းရတီမိုးမြင့်၏အဘိုးသည် ၁၀-၆-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၉:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၂၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

**မွေးသက္ကရာဇ် အမှန်**

ဟိုပင်မြို့၊ မြို့သစ်ကလေး ကျေးရွာနေ ဦးသိန်းလှိုင်၏သမီး မမြပုန်းညက်၏ မွေးသက္ကရာဇ် အမှန်မှာ(၁၄-၁၀-၁၉၈၉) ဖြစ်ပါကြောင်း။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်ရီ
**အသက်(၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁/၃၆/၂၄၄)၊ ဝက်မစွတ်နဝဒေးလမ်းနေ(ဦးချစ်-ဒေါ်အုန်း)တို့၏သမီး၊ (ဦးအုန်း-ဒေါ်လှိုင်)တို့၏ညီ၊ (ဦးစိုးမြင့်)-ဒေါ်ကြည်မြင့်တို့၏အစ်မ၊ ဦးသန်းလွင်ဦး-ဒေါ်ကြင်သိန်း၊ ဒေါ်ညိုညိုဝင်း၊ ဦးကြည်တိုး- ဒေါ်အေးသီတာအောင်၊ ဦးအောင်မျိုး၊ ဦးစန်းလွင်-ဒေါ်တင်ဇာလှိုင်တို့၏အဒေါ်၊ ဦးရဲလင်းထိုက်-ဒေါက်တာမိုးမိုး(YCDC၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေး)တို့၏မိခင်၊ မောင်ဇေယံလင်း၏အဘွား၊ ဦးစိန်ဝင်း၏ ချစ်လှစွာသောဇနီးသည် ၉-၆-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ည ၉:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၂၂ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၂၂ရက်(အင်္ဂါနေ့) နံနက်တွင် အထက်ပါ ရွှေပြည်သာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
### ဦးစောဂါဂျီ
**အသက် (၇၆)နှစ်**

တောင်ငူမြို့နေ (စောဘီသူးဟဲ-နော်ထရူဖဲနာ)တို့၏သား၊ (ဦးစောရှိုင်းအိုက်ဇက်-နော်ဂျူန်းဂေး)တို့၏မောင်၊ (ဦးစောခင်မောင်အေး-နော်လူးလူ)၊ ဦးတင်ထွန်းလွင်-နော်စူဇဲနာတို့၏အစ်ကို၊ နော်ဖြူးထီ၏ချစ်လှစွာသောခင်ပွန်း၊ စောရှုလိုမို-နော်လှဒါနီ၊ စောယိုသ-နော်အယ်ဆဲ၊ Rev.Dr စောဆမ်ဆန်-နော်ထြူစီးလာ၊ စောယွာဘလု-နော်ဝါးဂေးဆဲ၊ စောဘိုဘို-နော်ဟေမာန်ဦးတို့၏ ဖခင်၊ မြေး ၁၂ ယောက်တို့၏အဘိုးသည် ၁၀-၆-၂၀၂၂ရက် နံနက် ၁၀:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၁-၆-၂၀၂၂ရက် နံနက် ၁၁ နာရီတွင် မြောက်ဒဂုံနေအိမ်တွင် ဝတ်ပြုဆုတောင်းပြီး ထိန်ပင် ရန်ကုန်ကရင်နှစ်ခြမ်းခရစ်ယာန်သုသာန်၌ မြေသို့အပ်နှံ မည်ဖြစ် ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးမျိုးသူ(ငြိမ်း)
**(ဗသက-၆၈)**
**အသက်(၆၀)**

ရန်ကုန်မြို့နေ ဦးတင့်ဝေအေး-ဒေါ်ခင်စန်းမြင့်တို့၏သား၊ ဒေါ်ခင်စန်းဝေ၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးသူ(ငြိမ်း)သည် ၈-၆-၂၀၂၂ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၈)မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

လေ ၂၇၉၅ ဗိုလ်မှူး မိုးထက်ကျော် အသက်(၄၂)နှစ်၊ လေ-၃၁၂၀ ဗိုလ်မှူး ဇော်ထူး အသက်(၃၇)နှစ်၊ လေ-၄၀၄၃ ဗိုလ်ကြီး မြင့်စိုး အသက်(၂၈)နှစ်၊ လေ-၄၁၀၈ ဗိုလ်ကြီး စိုးဟိန်းထက် အသက်(၂၈)နှစ်နှင့် လေ-၃၃၈၇၉ တပ်ကြပ် လမင်းဝင်းသိန်း အသက် (၃၁)နှစ်တို့သည် ၁၀-၆-၂၀၂၂ရက် (ကြာသပတေးနေ့) တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့၊ အနီးစခန်းလေဆိပ်အနီး၌ ၁၀-၆-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားသည့် နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဂဏာမဟာဝိနာယက၊ သကျသီဟသာသနဟိတဂုဏဝိသိဋ္ဌ နေပြည်တော်၊ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကဝိသာရ (သာသနဓဇသီရီပဝရဓမ္မာစရိယ၊ သိရီပဝရဂုဏ်ထူး) အပါအဝင် သံဃာတော်အရှင်သူမြတ်များ၊ ကွယ်လွန် ထိခိုက်ဒဏ်ရာရခဲ့သည့် လူပုဂ္ဂိုလ်များနှင့် တပ်မတော်(လေ)မှ စစ်မှုထမ်းများအတွက် ကျန်ရစ်သူ တပည့်၊ ဒါယကာ မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစု**

## ဗိုလ်မှူးကြီးစံသာ(ငြိမ်း) ကြည်း-၅၈၁၅
**ဗိုလ်သင်တန်းအမှတ်စဉ်(၃)**
**အသက်(၉၇)နှစ်**

(ဦးဘိုးဝင်း-ဒေါ်နှင်းခင်)တို့၏သား၊ (ဒေါ်ခင်ရီ)၏ခင်ပွန်း၊ (ဒုတိယဗိုလ်ဝင်းသာဦး)၊ (ဦးဝင်းသာထူး)-ဒေါ်နွယ်နွယ်စိုး၊ ဦးဝင်းသာဌေး-ဒေါ်ခင်စန်းအေး၊ ဒေါက်တာဝင်းသာထွေး-ဒေါ်တင်တင်ဌေး၊ Captain ခင်ဇော်သိန်း-ဒေါ်မေဦးခင်၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်တင့်(ငြိမ်း)-ဒေါ်ခင်မိုးကြူတို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၉-၆-၂၀၂၂ရက် မွန်းလွဲ ၂:၂၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၀-၆-၂၀၂၂ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူးမျိုးသူ(ငြိမ်း)
**အသက်(၆၀)**

ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာ၊ ပြည်လမ်း၊ အမှတ်(၁၄၄) နေ ဦးတင့်ဝေအေး(ဦးဆောင်ညွှန်ကြားရေးမှူး -ငြိမ်း)-ဒေါ်ခင်စန်းမြင့်တို့၏ သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်နေ (ဦးထွန်းရင်-ဒေါ်မယ်ရီ)တို့၏သားသမက်၊ ဒေါ်ခင်စန်းဝေ၏ ခင်ပွန်း၊ ဒေါက်တာသက်နောင်-မရွှေရည်မျိုးသူ၊ မလဲ့ရည်မွန်ဝေတို့၏ ဖခင်၊ ဒေါက်တာတင်အောင်သိန်း-ဒေါ်ဟေမာတင့်ဝေ၊ ဦးဇော်ထွဋ်မင်း-(ဒေါ်ဝေမာတင့်ဝေ)၊ ဦးမိုးသူ-ဒေါ်သီတာဆွေ၊ ဦးမြတ်သူ-ဒေါ်သီတာခင်၊ ဒေါ်ခေမာတင့်ဝေတို့၏မောင်၊ အစ်ကို၊ ညီသည် ၈-၆-၂၀၂၂ရက် နံနက် ၇:၄၅နာရီတွင် ဂရန်းဟံသာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၂၂ရက် နံနက် ၈နာရီတွင် လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ကံ့ကော်(၂)လမ်း၊ အမှတ် ၁၈(က) နေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
### ဒေါ်မိမိ
**စက်ရုံမှူး(ငြိမ်း)၊ မကွေးထီးစက်ရုံ**
**အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ထွေ/ထိန်း**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့နေ (ဦးအောင်သိန်း-ဒေါ်ကြည်ကြည်)တို့၏သမီး၊ တောင်ကြီးမြို့နေ (ဦးဆန်ကြွယ်-ဒေါ်ခမ်းလီ)တို့၏သမီးချွေးမ၊ (ဦးစိုင်းအောင်မြင့်)၏ဇနီး၊ (ခတ်ပုံတက္ကသိုလ် ဦးစိန်ဝင်း)၏ညီမ၊ ဒေါ်မြင့်မြင့်သွယ်၊ [ဦးထွန်းထွန်းဝင်း(ခ)ဦးတူးတူး]၏ အစ်မ၊ ကိုဇော်မျိုးဦး-မနန်းတင်မိုးသူ(Lady Grace Diamond Land)၊ ကိုစိုင်းတင်ထွန်းနိုင်(ခေတ္တ-Singapore)-မကြည်ပြာစုသွယ်တို့၏မိခင်၊ မောင်သီသထွဋ်၏အဘွားသည် ၁၀-၆-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၂:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၂၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ ဆရာစံလမ်းသွယ်၊ အမှတ်(၈၄-စီ)နေအိမ်မှကားများ နံနက် ၁၁: ၃၀နာရီတွင် ထွက်ခွာပါမည်။ )

**ကျန်ရစ်သူမိသားစု**

# စျေးကုန်းဆရာတော်ကြီးနှင့် အလှူရှင်များ လိုက်ပါလာသည့် တပ်မတော်လေယာဉ် ရာသီဥတုဆိုးရွားမှုကြောင့် အနီးစခန်းလေဆိပ်သို့ ဆင်းသက်စဉ် ပျက်ကျ

**နေပြည်တော် ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် သုံးတောင်ကျေးရွာအုပ်စု ကျောက်ဖျာဒိုးကျေးရွာ၌ ဆောက်လုပ်မည့် မဟာဝိသုတာရာမ စျေးကုန်းပရိယတ္တိစာသင်တိုက်ကြီး ပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်ရန်အတွက် စျေးကုန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တကဝိသာရ အပါအဝင် သံဃာနှင့် အလှူရှင် ရှစ်ဦးနှင့်အတူ လေယာဉ်အမှုထမ်း ခြောက်ဦး လိုက်ပါလာသည့် တပ်မတော်လေယာဉ်သည် ယနေ့နံနက် ၇ နာရီခန့်တွင် နေပြည်တော်လေဆိပ်မှ အနီးစခန်းလေဆိပ် (ပြင်ဦးလွင်) သို့ ထွက်ခွာလာရာ နံနက် ၈ နာရီခန့်တွင် အနီးစခန်းလေဆိပ်သို့ ဆင်းသက်စဉ် လေဆိပ်အနီး ပြင်ဦးလွင် သံမဏိစက်ရုံ၏ အရှေ့တောင်ဘက် မီတာ ၄၀၀ ခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (ကေအီး - ၃၃၄၃၃၂) အရောက်တွင် ဆက်သွယ်မှုပြတ်တောက်ပြီး ပျက်ကျမှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

**ဘဝနတ်ထံပျံလွန်တော်မူ**

အဆိုပါဖြစ်စဉ်တွင် နိုင်ငံတော်သြဝါဒါစရိယ၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမ စျေးကုန်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော သက်တော် ၉၅ နှစ်၊ သိက္ခာတော် ၇၅ ဝါရှိ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တ ကဝိသာရ မဟာထေရ် ဆရာတော်ကြီးသည် ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက် (၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်)၊ ကြာသပတေးနေ့ နံနက် ၈ နာရီခန့်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ကြောင်းနှင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော် အန္တိမအဂ္ဂိစျာပနကို ဇွန် ၁၄ ရက်(တနင်္လာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## Monsoon President Cup ဂေါက်သီးရိုက်ပြိုင်ပွဲ စတင်ကျင်းပ



Monsoon President Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဇွန် ၁၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသော Monsoon President Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့ရှိ ဥက္ကလာ ဂေါက်ကွင်း၌ကျင်းပရာ ပြိုင်ပွဲဝင်ကစားသမားများ၏ ယှဉ်ပြိုင်နေမှုအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ပထမနေ့အပြီးတွင် အသင်းလိုက်ပြိုင်ပွဲ၌ လွင်မိုးနှင့် လှိုင်မြင့်ဇော်တို့ပါဝင်သော အသင်းက စုစုပေါင်းရိုက်ချက် ၆၆ ချက်ဖြင့် ပထမ၊ ကျော်သက်ဦးနှင့် ကျော်ကိုကိုချစ်တို့က စုစုပေါင်းရိုက်ချက် ၆၆ ချက်ဖြင့် ဒုတိယ၊ ကျော်မင်းထွန်းနှင့် ကိုနိုင်တို့က စုစုပေါင်းရိုက်ချက် ၆၇ ချက်ဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ ပထမနေရာနှင့် ဒုတိယနေရာတွင် ရပ်တည်နေသောနှစ်သင်းမှာ ရိုက်ချက်တူသော်လည်း နောက်ဆုံးကိုးကျင်းတွင် လွင်မိုးနှင့် လှိုင်မြင့်ဇော်တို့ပါဝင်သောအသင်းက လျှော့ရိုက်ချက်များသဖြင့် ထိပ်ဆုံး၌ ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ တစ်ဦးချင်း Professional အဆင့် ပြိုင်ပွဲတွင် ကျော်သက်ဦးက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက် လျှော့ရိုက်ကာ ၆၆ ချက်ဖြင့် ပထမ၊ သိန်းနိုင်စိုး (HAN Golf Master) က သတ်မှတ်ရိုက်ချက်ထက်

*စာမျက်နှာ ၉ ကော်လံ ၁* ❐

## ယနေ့ သတင်းအညွှန်း

**အကြမ်းဖက်လုပ်ရပ်များကို အချိန်မီဟန့်တားနိုင်ရေးအတွက် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရာတွင် ပူးပေါင်းဆောင်ရွက်ပေးကြရန် မိဘပြည်သူများထံသို့ မေတ္တာရပ်ခံပန်ကြားချက်**

စာမျက်နှာ - ၁၆



**ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည်**

စာမျက်နှာ - ၁၈

## ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များ စတင်ယှဉ်ပြိုင်ကစားမည်

ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ်များကို ဇွန် ၁၂ ရက် နံနက်ပိုင်းမှ စတင်ကာ ယှဉ်ပြိုင်ကစားကြတော့မည် ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်နားထားခဲ့ရသည့် ယူရို ၂၀၂၀ ပြိုင်ပွဲကို ဇွန် ၁၂ ရက်မှစတင်ကာ ဇူလိုင် ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် အုပ်စု (A) မှ တူရကီ



အသင်းနှင့် အီတလီအသင်းတို့ စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

တူရကီအသင်းသည် နောက်ဆုံး ယှဉ်ပြိုင်ကစားထားခဲ့သည့် ခြောက်ပွဲတွင် နယ်သာလန်၊ နော်ဝေအသင်းတို့ အပါအဝင် လေးပွဲအထိ နိုင်ပွဲရရှိပြီး နှစ်ပွဲသရေကျထားကာ ရှုံးပွဲမရှိသေးသည့်အတွက် ခြေစွမ်းအတက်ဘက်ရောက်နေသည်ဟု ဆိုနိုင်ပေသည်။

ပြိုင်ဘက် အီတလီအသင်းက နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၃ ပွဲတွင် ၁၀ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ပြီး သုံးပွဲသရေကျထားကာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိသေးသည့်အတွက် အီတလီအသင်း၏ခြေစွမ်း အထူးကောင်းမွန်နေသည်ကိုတွေ့ရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖



## ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲလက်ကျန်ပွဲများ ယနေ့ ဆက်လက်ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဇွန် ၁၀**

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများကို ဇွန် ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာ-ကာဂျစ္စတန်ပွဲအပါအဝင် စုစုပေါင်း ၁၂ ပွဲ ကျင်းပမည်ဖြစ်သည်။

ယနေ့တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲများအဖြစ် အုပ်စု(A)တွင် ဖိလစ်ပိုင်နှင့် ဂူအမ်၊ တရုတ်နှင့် မော်လ်ဒိုက်၊ အုပ်စု(B) တွင် နီပေါနှင့် သြစတြေးလျ၊ ကူဝိတ်နှင့် ဂျော်ဒန်၊ အုပ်စု (C)တွင် ကမ္ဘောဒီးယားနှင့် အီရန်၊ ဟောင်ကောင်နှင့် အီရတ်၊ အုပ်စု(D) တွင် ယီမင်နှင့် ဥဇဘက်ကစ္စတန်၊ စင်ကာပူနှင့် ဆော်ဒီအာရေဗျ၊ အုပ်စု (E)တွင် အာဖဂန်နစ္စတန်နှင့် အိုမန်၊ အုပ်စု (F) တွင် မြန်မာနှင့် ကာဂျစ္စတန်၊ အုပ်စု(G) တွင် အင်ဒိုနီးရှားနှင့် ယူအေအီး၊ မလေးရှားနှင့် ဗီယက်နမ်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၅* ❍